ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့ (4-10-2015) (၈၃၄၃)

**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# ဆေးတက္ကသိုလ်ကြီးတစ်ခုပေါ်ထွန်းလာခြင်းသည် ရှမ်းပြည်နယ်အတွက်သာမက ကယားပြည်နယ်အတွက်ပါ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို ဒေသအတွင်း၌ပင် မွေးထုတ်ပေးနိုင်မည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၃

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဦးငွေအောင်၊ ဦးရဲထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်သန်းထွန်းဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့၌ ကျင်းပသည့် ဆေးတက္ကသိုလ်(တောင်ကြီး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ရှမ်းပြည်နယ်ကိုယ်စားပြု ထူးချွန်ကျောင်းသား မောင်ဂေါ်လူဘရန်အောင်၊ ထူးချွန်ကျောင်းသူ မဂျေအန်ထွယ်ဆိုင်းရာနှင့် ထူးချွန်ကျောင်းသား မောင်ညီရဲထက်တို့က ဆေးတက္ကသိုလ် (တောင်ကြီး)အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တောင်ကြီးဆေးတက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ပဉ္စမမြောက်ဆေးတက္ကသိုလ်ဖြစ်ပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြစ်။




ဒေါ်ခင်ဈေးဝင်း

စမ်းပြီးလိမ်းကြည့်စေချင် ရွှေပြည်နန်းသနပ်ခါးရဲ့ အကျိုးကျေးဇူးတွေမင်

ကျွန်မမှာ တူမသုံးယောက်ရှိပါတယ်။ သူတို့တွေဟာ အလုပ်ကိုယ်စီနဲ့ အချိန်မအားလပ်တာရယ်ကြောင့် အလွယ်တကူ ရွှေပြည်နန်း 4 in 1 သနပ်ခါးကို ဝယ်ယူလိမ်းလိုက်တဲ့အခါကျမှ အဆင်ပြေသွားတာ ကျွန်မတွေ့ရတော့တယ်။ တစ်ယောက်က မျက်နှာမှာ ဝက်ခြံထွက်လို့ သံပရာပါတဲ့ ရွှေပြည်နန်းကို သုံးပါတယ်။ တစ်ယောက်ကနှင်းဆီနှင့်စံပယ်သနပ်ခါးကို ရွေးသုံးပါတယ်။ အဲဒါတွေအပြင် ရုံးမှာလုပ်တဲ့ အသက်(၅၀)ကျော်နှင့်အသက်(၈၀)ကျော် ကျွန်မအစ်မကတော့ နံ့သာဖြူသင်းနေတဲ့ ရွှေပြည်နန်းသနပ်ခါးကို ကြိုက်လို့သုံးတဲ့အပြင် ကျွန်မနဲ့ကျွန်မအစ်မဟာ ခြေလက်ညောင်းညာပြီးခြေထောက်မကွေးနိုင်တာကို မုံညင်းဆီနှင့်ဆေးမြစ်စုံပါဝင်တဲ့ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးကို လိမ်းလိုက်တဲ့အခါကျမှ ပေါ့ပါးလန်းဆန်းပြီး ခြေထောက်တွေအကြောတင်းနေတာကနေ ပျောက်သွားတာတာ ကျွန်မကိုယ်တွေ့ပါပဲ။ ကျွန်မပြောတာမယုံရင် စမ်းပြီးလိမ်းကြည့်စေချင်ပါတယ်. . . ကျွန်မကတော့ ရွှေပြည်နန်းသနပ်ခါးကို အမြဲအားပေးနေအုန်းမှာပဲ. . .

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ တစ်ဝက်ခန့်) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H) အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** **၄-၁၀-၂၀၁၅၊ တနင်္ဂနွေနေ့**

# ခရီးသွားတိုးမှ ဖွံ့ဖြိုးမည်

ခရီးသွားလုပ်ငန်းသည် ရာသီဥတုသာယာကောင်းမွန်သည့်အချိန်ကာလတွင် ပိုမိုသင့်လျော်သည်။ ခြေခင်းလက်ခင်း သာယာသော ထိုကာလများတွင် ခရီးသွားများ ပိုမိုသွားလာတတ်သည်။ ခရီးသွားဟူသည်မှာ နေပူမရှောင်၊ မိုးရွာမရှောင်သွားလာတတ်၍ အနည်းနှင့်အများသာ ခရီးသွားအရေအတွက်ကွာခြားသည်။

ခရီးသွားများအတွက် ဦးစားပေးလုပ်ဆောင်ရမည်မှာ လမ်းပန်းသာ၍ ယဉ်ကျေးမှုအမွေအနှစ်များ တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးနေရန် လိုအပ်သည်။ ထို့အပြင် နယ်မြေအေးချမ်းသာယာပြီး ခရီးသွားဝန်ဆောင်မှုကောင်းရန်လည်း လိုအပ်သည်။

မြန်မာနိုင်ငံ၏ခရီးသွားကဏ္ဍ တိုးတက်မှုအခြေအနေကိုကြည့်မည်ဆိုလျှင် ဒီမိုကရေစီအစိုးရသက်တမ်းကာလတွင် ယခင်နှင့်မတူ ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များပေါများမှုက ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ဖြစ်လာသည်။

၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာလှည့်ခရီးသည် တစ်သန်းကျော်ရောက်ရှိလာအောင် ဆွဲဆောင်နိုင်ခဲ့သည့် ပထမဆုံးအကြိမ် ခရီးသွားသမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။ ထိုနှစ်မှစတင်၍ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးလာခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၀၄ သန်း ဝင်ရောက်လာသည့်အတွက် ခရီးသွားလုပ်ငန်း နှစ်ဆတိုးတက်လာသည်။

ယမန်နှစ်က ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၀၈ သန်း လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ်တွင်ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်း လာရောက်နိုင်သည့်အတွက် ခရီးသွားများ တစ်နှစ်ထက်တစ်နှစ် အလျင်အမြန်တိုးတက်လာသည်ဟု ဆိုနိုင်သည်။

ယခုနှစ်အတွက် ခရီးသွားရာသီမဟုတ်သော မိုးရာသီကာလတွင် မြန်မာနိုင်ငံတစ်ဝန်း ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ နေရာအတော်များများ ပြန်လည်ထူထောင်တည့်မတ်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းတိုးတက်နိုင်မည့်အလားအလာကောင်းများ ရှိနေသည်ကို တွေ့ရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ယခုနှစ်ပွင့်လင်းရာသီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အရေးကြီးသောအချက်ဖြစ်လာသည်။ ပြန်လည်ထူထောင်မှုအခြေအနေကောင်းများကြောင့် ကမ္ဘာလှည့်ခရီးသည်လာရောက်လည်ပတ်ရေးအတွက် အခွင့်အလမ်းကောင်းများဖြစ်နိုင်သည်။

မြန်မာနိုင်ငံ၏ ထင်ရှားသော ရှေးဟောင်းအမွေအနှစ်ဒေသအများစုမှာ သဘာဝဘေးဒဏ်နှင့် လွတ်ကင်းခဲ့သည်ကို တွေ့ရသည်။ သို့သော် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် သဘာဝဘေးအန္တရာယ်ဆိုးများကျရောက်မှုမှ လျော့နည်းကာကွယ်နိုင်မည့် မူဝါဒများချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်လာသည်။

အဆိုပါ မူဝါဒကို ချမှတ်နိုင်လျှင် ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးများအပြင် ယဉ်ကျေးမှုဒေသရှိ သက်ရှိလူသားများ အသက်ဘေးအန္တရာယ်မှ ကင်းဝေးရုံသာမက လူမှုစီးပွားဘဝ ထိခိုက်မှုလည်းမရှိနိုင်ချေ။ ထိုအခါ ခရီးသွားလုပ်ငန်းစီးပွားရေးမှအကျိုးအမြတ်များ ထိရောက်စွာရရှိလာနိုင်သည်။

ယမန်နှစ်က ပျူရှေးဟောင်းမြို့ သုံးမြို့ဖြစ်သည့် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်ခဲ့သည်။ အခြားထင်ရှားသော ယဉ်ကျေးမှုဒေသများကိုလည်း စာရင်းဝင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါဒေသများ သဘာဝဘေးမှ ကာကွယ်နိုင်မည့် အစီအမံများချမှတ်သင့်သည်။

သို့ဖြစ်ရာ ယခုနှစ်ခရီးသွားရာသီတွင် ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်းမက ခရီးသည်ငါးသန်းဝင်နိုင်မည့် အလားအလာကောင်းများရှိနေပြီဖြစ်ရာ ထိုဒေသများ ဖွံ့ဖြိုးမှုခိုင်မြဲစေမည့်အစီအမံများအား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းသင်္ဘောကြီး စာအုပ်အရောင်းပြပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၃**

ကမ္ဘာ့အကြီးဆုံးရေပေါ်စာအုပ်ဈေးရောင်းသင်္ဘောစာအုပ်အရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့အလုံ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းရှိ MV Logos Hope သင်္ဘောကြီးပေါ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဧည့်သည်တော်များအား Logos Hope သင်္ဘော၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဗီဒီယိုဖိုင်ဖြင့် ပြသသည်။

ယင်းနောက် သင်္ဘော Captain, Mr. James Thomas Dyer က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ အမှတ်တရတံဆိပ်နှင့် စာအုပ်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး Captain, Mr. James Thomas Dyer အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်၍ Director, Mr. Seelan Govender က ကျေးဇူးတင်စကားပြောကြားကာ သင်္ဘောပေါ်မှစေတနာ့ဝန်ထမ်းများက ကိုရီးယားရိုးရာယပ်တောင်အကဖြင့် ဖျော်ဖြေတင်ဆက်ကပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ Captain, Mr. James Thomas Dyer နှင့် Director, Mr. Seelan Govender တို့က Logos Hope သင်္ဘောရှိ စာအုပ်အရောင်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စာအုပ်အရောင်းခန်းမအတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ Logos Hope သင်္ဘောကြီးသည် စာအုပ်ပေါင်း ၅၀၀၀ ကျော်ပါဝင်သော ကမ္ဘာ့အကြီးဆုံး ရေပေါ်စာအုပ် ဈေးရောင်းသင်္ဘောဖြစ်ပြီး အောက်တိုဘာ ၁၄ ရက်ထိ နေ့စဉ် တနင်္လာနေ့မှ စနေနေ့ထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီထိလည်းကောင်း၊ တနင်္ဂနွေနေ့တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီထိလည်းကောင်း ဝင်ကြေးအခမဲ့ဖြင့် လှေ့လာဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၃**

စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊ လော်ဝေါ်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ခေတ်သစ် ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၄ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၅ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွား မည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## အင်းဝခေတ် အသုံးအဆောင်ပစ္စည်းများ အခြားစိတ်ဝင်စားဖွယ်ရာများ လေ့လာနိုင်သော အင်းဝရှေးဟောင်းသုတေသနပြတိုက်

**အင်းဝ အောက်တိုဘာ ၃**


ရှေးဘုရင်မင်း ၃၁ ဆက် ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ရှိ အင်းဝရှေးဟောင်း သုတေသနပြတိုက်တွင် အင်းဝခေတ် လူ့အသုံးအဆောင်ပစ္စည်းများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပစ္စည်းများ အဝတ်တန်ဆာ ဆင်ယင်မှုဆိုင်ရာ ပစ္စည်းများနှင့် ပထမအင်းဝခေတ်၊ ဒုတိယအင်းဝခေတ်၊ တတိယအင်းဝခေတ်၊ စတုတ္ထအင်းဝခေတ်ဟူ၍ ခေတ်ကာလများလည်း ခွဲခြားထားပြီး အဆိုပါ ပြတိုက်တွင် အင်းဝခေတ်မင်းဆက်များနှင့် အင်းဝခေတ်စာဆိုများ၏ စာရင်းကိုလည်း ပြုစုထား၍ လာရောက်လေ့လာလိုသော ခရီးသွားများ အခမဲ့လေ့လာနိုင်ကြောင်းသိရသည်။

“အင်းဝရှေးဟောင်းသုတေသနပြတိုက်မှာ အင်းဝခေတ် အသုံးအဆောင်ပစ္စည်းတွေ၊ ရှေးဘုရင်မင်းဆက်တွေရဲ့အမည်များ၊ အင်းဝခေတ် စာဆိုကျော်တွေရဲ့ အမည်များကို စာရင်းပြုစုထားတာ တော်တော်ကောင်းတယ်။ လာရောက်လေ့လာသူတွေအတွက် တန်ဖိုးရှိတယ်။ အခုအခါ ပြတိုက်ကို အခမဲ့လေ့လာခွင့်ပေးလိုက်တော့ အဆင်ပြေတာပေါ့”ဟု အဆိုပါ ပြတိုက်သို့ လာရောက် လေ့လာသော ခရီးသွားတစ်ဦးက ပြောသည်။

ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) လက်အောက်ရှိ အင်းဝရှေးဟောင်းသုတေသနပြတိုက်သည် ၁၉၉၀ ခုနှစ် မတ် ၃ ရက်တွင် “ရတနာပူရအင်းဝပြတိုက်” ဟု စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ယခုပြတိုက်အသစ်ကြီး စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဧပြီ ၄ ရက်တွင် အင်းဝရှေးဟောင်း သုတေသနပြတိုက်ဟူ၍ ဖွင့်လှစ်ခဲ့သည်။




ပြတိုက်၏ ပုံသဏ္ဌာန်မှာ အလယ်တွင် ပန်းဥယျာဉ်ပြုလုပ်ရန် မြေကွက်လပ်ထားရှိပြီး အဆောင်လေးဆောင်ဖြင့် ပတ်လည်ဝန်းရံထားသည်။ အတိုင်းအတာများမှာ A အဆောင် ပေ ၇၀×၄၀၊ B အဆောင် ပေ ၄၀×၁၀၄၊ C အဆောင် ပေ ၅၅×၂၄ ၊ D အဆောင် ပေ ၄၀×၁၀၄ အသီးသီးဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ် (၂၇၃/၂၇၉)ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ တက်ရောက်လိုသော ကျောင်းသားကျောင်းသူများသည် ဝင်ခွင့်လျှောက်လွှာများကို စက်တင်ဘာ ၂၉ ရက် (အင်္ဂါနေ့)မှ အောက်တိုဘာ ၁၅ ရက် (ကြာသပတေးနေ့)အထိ စနေ၊ တနင်္ဂနွေနေ့များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီအတွင်း ထုတ်ယူလျှောက်ထားနိုင်ပြီဖြစ်သည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ တက်ရောက်လိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ၌ အမှတ် ၄၀၀ ကျော်ရရှိသူများ လျှောက်ထားခွင့်ရှိကြောင်းနှင့် အဆိုပါကောလိပ်တွင် သတင်းအတတ်ပညာသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှုပညာသင်တန်း၊ ခရီးသွားဆိုင်ရာ အတတ်ပညာသင်တန်းနှင့် English for Professional Purposes များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**နှင်းနုဝေ**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်း
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသက်ကြီနွံ၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှိုင်၊ သီရိ






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆေးတက္ကသိုလ်(တောင်ကြီး)ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ထူးချွန်ကျောင်းသား မောင်ဂေါ်လူဘရန်အောင်၊ ထူးချွန်ကျောင်းသူ မဂျေအန်ထွယ်ဆိုင်းရာနှင့် ထူးချွန်ကျောင်းသား မောင်ညီရဲထက်တို့က ဆေးတက္ကသိုလ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

တောင်ကြီးဆေးတက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ပဥ္စမမြောက်ဆေးတက္ကသိုလ်ဖြစ်ပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။

နိုင်ငံ့ဘဏ္ဍာငွေကျပ် ၁၄ ဘီလီယံအသုံးပြု၍ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် သင်တန်းသားများ စတင်လက်ခံ သင်ကြားနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၆၀ ကျော် ၇၀ အတွင်း မြန်မာနိုင်ငံတွင် သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာဝန်၊ ဆရာဝန်မကြီးများစွာလိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ဆေးပညာနားလည်တတ်ကျွမ်းသည့် ဆရာဝန်၊ ဆရာဝန်မကြီး များစွာပေါ်ထွန်းလာစေရန်အတွက် ယခုကဲ့သို့ ဆေးတက္ကသိုလ်ကြီးများ မရှိမဖြစ်လိုအပ်ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူရသည့် အချိန်ပိုင်း၊ နှစ်ပိုင်းအတွင်း၌ပင် ရှမ်းပြည်နယ်အတွက် အမှန်တကယ်လိုအပ်နေသည့် တောင်ကြီးဆေးတက္ကသိုလ်ကို ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်ပေးနိုင်သည့်အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းနှင့် ဤဆေးတက္ကသိုလ်ကြီး သားစဉ်မြေးဆက်တိုင် တည်တံ့ခိုင်မြဲနေစေရန် ဒေသခံများအနေဖြင့် ဝိုင်းဝန်းစောင့်ရှောက်ပေးကြစေလိုကြောင်း။

ရှမ်းပြည်နယ်အတွက်သာမက တိုင်းပြည်အတွက် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည့် တိုင်းရင်းသား ဆရာဝန်၊ ဆရာဝန်မကြီးများစွာ ပေါ်ထွန်းလာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

**✳ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဆေးတက္ကသိုလ်တက်ရောက်ရန် အဆင့်မီသော လူငယ်လူရွယ်များအနေဖြင့် ရန်ကုန်၊ မန္တလေး၊ မကွေးစသည့်ဒေသများသို့သွားရောက်ရန် မလိုတော့ဘဲ မိမိတို့ရှမ်းပြည်နယ် တောင်ကြီးမြို့၌သာ တက်ရောက်ခွင့်ရမည်ဖြစ်။**

**✳ မိမိတို့ ပြည်နယ်အတွင်း၌ တောင်ကြီးဆေးတက္ကသိုလ်ရှိနေသည့်အတွက် ပြည်နယ်၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆေးတက္ကသိုလ်(တောင်ကြီး)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆေးတက္ကသိုလ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး ဆေးတက္ကသိုလ်အတွင်းရှိ စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဆေးတက္ကသိုလ်(တောင်ကြီး) ဆောက်လုပ်ရခြင်း ရည်ရွယ်ချက်၊ တည်ဆောက်ရေးလုပ်ငန်းများ၏ ခန့်မှန်းတန်ဖိုး၊ တက္ကသိုလ်ဖွဲ့စည်းပုံ၊ သင်ကြားရေးဝန်ထမ်းများခန့်အပ်ထားရှိမှု၊ စာသင်ဆောင်နှင့် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ သင်တန်းသားများ လက်ခံမည့်အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရပ်မိရပ်ဖ ဦးမောင်မောင်မြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပါမောက္ခချုပ် ဒေါက်တာဝင်းဌေးအောင်က နိုင်ငံတော်သမ္မတထံ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ဆေးတက္ကသိုလ်(တောင်ကြီး)ကို မိမိတို့အစိုးရလက်ထက် သုံးနှစ်တာကာလအတွင်း ပြီးစီးအောင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် ရှမ်းပြည်နယ်အတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း။ မြို့နယ်အများဆုံးနှင့် နယ်မြေအကျယ်ဝန်းဆုံးဖြစ်သည့် ရှမ်းပြည်နယ်၌ ယခုကဲ့သို့ ဆေးတက္ကသိုလ်ကြီးတစ်ခု ပေါ်ထွန်းလာခြင်းသည် ရှမ်းပြည်နယ်အတွက်သာမက ကယားပြည်နယ်အတွက်ပါ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မိမိတို့ဒေသအတွင်း၌ပင် မွေးထုတ်ပေးနိုင်မည်ဖြစ်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း။

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဆေးတက္ကသိုလ်တက်ရောက်ရန် အဆင့်မီသော လူငယ်လူရွယ်များအနေဖြင့် ရန်ကုန်၊ မန္တလေး၊ မကွေး စသည့်ဒေသများသို့ သွားရောက်ရန် မလိုတော့ဘဲ မိမိတို့ရှမ်းပြည်နယ် တောင်ကြီးမြို့၌သာ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ်အတွင်း၌ တောင်ကြီးဆေးတက္ကသိုလ်ရှိနေသည့်အတွက် ပြည်နယ်၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်နိုင်ခြင်းသည်လည်း လွန်စွာအရေးကြီးကြောင်း၊ ဉာဏ်ပညာထက်မြက်ပြီး ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်သည် လူတိုင်းကျန်းမာရန်(Healthy Nation)၊ ရောဂါဘယကင်းကင်းနှင့် သက်တမ်းစေ့နေနိုင်ရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိပညာ၊ ရောဂါကြိုတင်ကာကွယ်သည့် နည်းနာနှင့် ရောဂါ ...

ယနေ့ဖွင့်လိုက်သည့် ဆေးတက္ကသိုလ်(တောင်ကြီး)သည် အကျယ်အဝန်း မြေဧရိယာ ၄၆ ဧကပေါ်တွင် တည်ဆောက်ထားသည့် သုံးထပ်အဆောက်အအုံဖြစ်ပြီး သုံးထပ်ပင်မဆောင်၊ သင်ကြားရေးဆောင်၊ စာသင်ဆောင်၊ အမှုထမ်းအိမ်ရာ၊ အရာထမ်းအိမ်ရာ၊ ပါမောက္ခချုပ်နေအိမ်၊ အရာထမ်းဆောင်၊ Lecture Theatre၊ စားသောက်ဆိုင်၊ ကျောင်းသူအိပ်ဆောင်၊ ဧည့်ရိပ်သာ၊ ကျောင်းသားအိပ်ဆောင်၊ ဒုတိယပါမောက္ခချုပ်နေအိမ်၊ စာကြည့်တိုက်၊ E-Language Lab၊ E-Library တို့ပါဝင်သည်။

ဆေးတက္ကသိုလ်(တောင်ကြီး)ကို စတင်တည်ဆောက်ချိန်မှ သုံးနှစ်အတွင်း ပထမနှစ် သင်တန်းသားများဖြင့် ဖွင့်လှစ်လက်ခံသင်ကြားပေးမည်ဖြစ်ပြီး နှစ်စဉ် ကျောင်းသားဦးရေ ၂၀၀ ခန့် လက်ခံသင်ကြားရန်လျာထားပြီး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဆေးတက္ကသိုလ်(တောင်ကြီး)မှ ကျောင်းသား ကျောင်းသူများအား သင်ကြားပေးနိုင်ရေးအတွက် စဝ်စံထွန်းဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံတို့အား သင်ကြားရေးဆေးရုံကြီးများအဖြစ် စီစဉ်ဆောင်ရွက်ထားရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဟဲဟိုးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ဂွါတီမာလာတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွား၊ လူ ၂၉ ဦးထက်မနည်း သေဆုံးပြီး လူ ၆၀၀ ပျောက်ဆုံးနေ

**ဆန်တာကာတာရီးနားပင်အူလာ အောက်တိုဘာ ၃**

ဂွါတီမာလာနိုင်ငံ မြို့တော်အစွန်အဖျားပိုင်းတွင် မြေပြိုမှုဖြစ်ပွားခြင်းကြောင့် လူ ၂၉ ဦးထက်မနည်း သေဆုံးပြီး လူနေအိမ် ၁၂၅ လုံး ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၂ ရက် နှောင်းပိုင်းတွင် ပြောကြားသည်ဟု ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မိမိတို့အနေဖြင့် မြေပြိုမှုကြောင့် လူ ၂၉ ဦး သေဆုံးခဲ့ကြောင်း အတည်ပြုနိုင်ခဲ့ပြီး အခြားတစ်ဦးသေဆုံးမှုကိုမူ အတည်မပြုနိုင်သေးကြောင်း ဂွါတီမာလာ အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ပါးစေရေး ညှိနှိုင်းမှုဌာနမှ ညှိနှိုင်းရေးမှူး ဆာဂျီလို ကာဘာနာ့ခ်က ပြောကြားသည်။

မြေပြိုမှုကြောင့် ပျက်စီးသွားခဲ့သော နေအိမ်အရေအတွက်ကို အခြေခံ၍ အဆိုပါဌာနမှ အောက်တိုဘာ ၂ ရက် အစောပိုင်းတွင် ထုတ်ပြန်ခဲ့သော ခန့်မှန်းချက်အရ ပျောက်ဆုံးနေသူ ဦးရေပေါင်းမှာ လူပေါင်း ၆၀၀ အထိရှိနိုင်ကြောင်း ဖော်ပြသည်။ ဒေသခံများ၏ ခန့်မှန်းချက်အရမူ ပျောက်ဆုံးနေသူများမှာ မိသားစု ၂၀ ခန့်သို့မဟုတ် လူ ၁၀၀ ဝန်းကျင်ရှိသည်ဟုဆိုသည်။ ဂွါတီမာလာနိုင်ငံ မြို့တော်ဆန်တာကာတာရီးနားပင်အူလာ၏ တောင်ဘက် ၁၅ ကီလိုမီတာအကွာရှိ အယ်လ်ကမ်ဘာရီ ၂ ဒေသတွင် အောက်တိုဘာ ၁ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အဆိုပါ မြေပြိုမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယင်းနိုင်ငံမှ နေ့စဉ်ထုတ် သတင်းစာ ပရင်ဆာလီဘရေးက ရေးသားဖော်ပြသည်။

ရာပေါင်းများစွာသော ရှာဖွေကယ်ဆယ်ရေးလုပ်သားများက ရွှံ့ညွန်များနှင့် ကျောက်တုံးကျောက်ခဲ အပြိုအပျက်များအောက်မှ အသက်ရှင်ကျန်သူများကို တူးဖော်တွေ့ရှိခဲ့ပြီး လူ ၃၆ ဦးကို ရွှံ့ညွှန်များနှင့် အပျက်အစီးများအောက်မှ ဆွဲထုတ်ကယ်တင်ကာ ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



## ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့လျှော့ချရေး အိန္ဒိယအစိုးရ ထုတ်ပြန်ကြေညာ



**နယူးဒေလီ အောက်တိုဘာ ၃**

အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၃၅ ရာခိုင်နှုန်းထက်မနည်း လျှော့ချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ပရာကက်ရှ် ဂျေဝါဒေကာက မြို့တော်နယူးဒေလီ၌ အောက်တိုဘာ ၂ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ နိုဝင်ဘာလတွင်ကျင်းပမည့် ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးညီလာခံမတိုင်မီ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့လျှော့ချရေးအစီအစဉ်သစ်တစ်ရပ်ကို အိန္ဒိယနိုင်ငံက ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုတတိယအများဆုံးနိုင်ငံဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၀၅ ခုနှစ်တွင်တည်ရှိသည့်အခြေအနေမှ ၃၅ ရာခိုင်နှုန်းအထိထပ်မံလျှော့ချမည်ဖြစ်ကြောင်း ဂျေဝါဒေကာက ပြောကြားသည်။

ပါရီ၌ကျင်းပမည့်ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံမတိုင်မီက အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၄၆ နိုင်ငံတို့က ကာဗွန်သိပ်သည်းဆလျှော့ချရေးအစီအစဉ်များကို ထုတ်ပြန်ကြေညာခဲ့ကြကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

**ရိုက်တာ။**

## တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းရှိ ကမ်းရိုးတန်းဒေသများသို့ တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိ

**ပေကျင်း အောက်တိုဘာ ၃**

အောက်တိုဘာ ၄ ရက်တွင် တရုတ်နိုင်ငံတောင်ဘက်ပိုင်းရှိဒေသများသို့ တိုင်ဖုန်းမုန်တိုင်း 'မူဂျီဂေး' ဝင်ရောက်တိုက်ခတ်ဖွယ်ရာရှိသဖြင့် တရုတ်နိုင်ငံမိုးလေဝသနှင့် ဇလဗေဒတာဝန်ရှိသူများက မုန်တိုင်းသတိပေးချက်ထုတ်ပြန်ထားကြောင်း သတင်းများအရ သိရသည်။

အဆိုပါ 'မူဂျီဂေး' မုန်တိုင်းသည် တရုတ်နိုင်ငံအတွင်းသို့ ယခုနှစ် ဝင်ရောက်တိုက်ခိုက်သည့် မုန်တိုင်းများအနက် ၂၂ ခုမြောက်ဖြစ်သည်။ ယင်းသည် တောင်တရုတ်ပင်လယ်မြောက်ဘက်ပိုင်းသို့ဝင်ရောက်လာပြီး အနောက်မြောက်ဘက်ပိုင်းသို့ တစ်နာရီ ၂၀ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိသည်။

အောက်တိုဘာ ၄ ရက်တွင် တရုတ်နိုင်ငံဟိုင်နန်စီရင်စုရှိ ကမ်းရိုးတန်းဒေသများသို့ အဆိုပါ မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် လာမည့်နှစ်ရက်အတွင်း ဟိုင်နန်နှင့်ကွမ်တုံးခရိုင်များရှိ ကမ်းရိုးတန်းဒေသများတွင် မိုးသက်လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်စေနိုင်သည်။

တရုတ်ပြည်မကြီးနှင့် ဟိုင်နန်ကျွန်းသို့ ပြေးဆွဲလျက်ရှိသည့် သင်္ဘောများနှင့် ငါးဖမ်းစက်လှေများကို ဆိပ်ကမ်းတွင် ရပ်နားထားရန် အာဏာပိုင်များက သတိပေးချက်များထုတ်ပြန်ထားသည်။

**ဆင်ဟွာ။**

## မြို့တော်ရိယာဒ်ရှိ လူနေအိမ်အတွင်း ဗုံးစက်ရုံတစ်ရုံတွေ့ရှိ

**ရိယာဒ် အောက်တိုဘာ ၃**

လုံခြုံရေးတပ်ဖွဲ့သည် မြို့တော်ရိယာဒ်ရှိအိမ်တစ်လုံးအတွင်း ဗုံးထုတ်လုပ်ရေးစက်ရုံတစ်ရုံကို တွေ့ရှိခဲ့ပြီး ဆီးရီးယား အမျိုးသားတစ်ဦးနှင့် ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆီးရီးယားနိုင်ငံသား ယာဆာမိုဟာမက် အယ်ဘာရာဇီသည် အဆိုပါအိမ်အတွင်း ဗုံးများထောင်ထားခဲ့ပြီး ဖောက်ခွဲရေးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ၁၂ နာရီကြာ ဖယ်ရှားခဲ့ရကြောင်း ယင်းဝန်ကြီးဌာနက ဆိုသည်။ ဖိလစ်ပိုင်အမျိုးသမီးဂျိုင်းမှာ လွန်ခဲ့သည့်တစ်နှစ်ကျော်က ၎င်းကို ထောက်ပံ့ပေးထားသူက ပျောက်ဆုံးလျက်ရှိသည်ဟု ထုတ်ပြန်မကြေညာမီ အစ္စလာမ်ဘာသာသို့ ကူးပြောင်းရန် လူတစ်ဦးက သိမ်းသွင်းစည်းရုံးခဲ့သည်။ ၎င်းအား အိမ်အတွင်း တွေ့ရှိခဲ့သော အသုံးပြုရလွယ်ကူသည့် ခါးပတ်ဗုံးများပြုလုပ်ရန် အလုပ်တာဝန်ပေးထားသည်။

ဝရမ်းပြေးများနှင့် အသေခံဗုံးဖောက်ခွဲသူများ အဆင်သင့်ခိုလှုံရန် ရိယာဒ်မြို့တော်ရှိ လျှို့ဝှက်ပုန်းအောင်းရာ နေရာတစ်နေရာ ရှာဖွေတွေ့ရှိမှုကိုလည်း အဆိုပါဝန်ကြီးဌာနက ကြေညာခဲ့သည်။ ဆော်ဒီအာရေးဘီးယားနိုင်ငံမှာ အကြမ်းဖက်ဝါဒကို နှစ်ပေါင်းများစွာကြာ တိုက်ဖျက်လျက်ရှိသော်လည်း ဘာသာရေးအဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်သည့် အသေခံဗုံးဖောက်ခွဲမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

**ဆင်ဟွာ။**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဂျပန်နိုင်ငံသားတစ်ဦး ပစ်သတ်ခံရ

**ဒါကာ အောက်တိုဘာ ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အောက်တိုဘာ ၃ ရက်အစောပိုင်းက ဂျပန်နိုင်ငံသားတစ်ဦး ပစ်သတ်ခံခဲ့ရကြောင်း ဒေသဆိုင်ရာ မီဒီယာများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ဂျပန်သံရုံးက ပြောကြားသည်။

ဂျပန်အမျိုးသား တစ်ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ဘက် ရန်ပူးရ်ခရိုင်ရှိ ကျေးရွာတစ်ရွာတွင် မည်သူမည်ဝါဟုမသိရသည့် သေနတ်သမားများက ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်နေစဉ် လမ်းခရီးတွင်သေဆုံးခဲ့ခြင်းဖြစ်သည်ဟု မီဒီယာများက သတင်းဖော်ပြသည်။

အသက် (၅၅) နှစ်အရွယ် ဂျပန်နိုင်ငံသား ဟိုရှိကူနီယို ဆိုသူမှာ ဒေသဆိုင်ရာ ပရဟိတလုပ်ငန်းများနှင့် စိုက်ပျိုးရေးစီမံကိန်းတစ်ခုတွင် ပါဝင်လုပ်ဆောင်နေသူတစ်ဦးဖြစ်ပြီး မည်သူမည်ဝါဟုမသိရသည့် မျက်နှာဖုံးစွပ် သေနတ်သမားနှစ်ဦးက မော်တော်ဆိုင်ကယ်စီးနင်းပြီး ၎င်းအား ပစ်ခတ်ခဲ့ရာ ရင်ဘတ်၊ လက်နှင့် ခြေထောက်များတွင် သေနတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်း၏ရုပ်အလောင်းကို ရန်ပူးရ်ဆေးဘက်ကောလိပ်ဆေးရုံတွင် လောလောဆယ်ထားရှိကြောင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ သို့သော် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။

ယခု ဂျပန်နိုင်ငံသား ပစ်သတ်ခံရမှုမှာ ပြီးခဲ့သည့်သီတင်းပတ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပရဟိတလုပ်ငန်း လုပ်ဆောင်နေသူ အီတလီနိုင်ငံသား ဆီဆာရီတာဗီလာ ဆိုသူကို ဒါကာမြို့၌ အသတ်ခံခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်းမှာပင် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဆီဆာရီတာဗီလာကို အိုင်အက်စ်အဖွဲ့၏ လက်ချက်ဖြင့် သေဆုံးသည်ဟု ယူဆရကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဆိုသည်။

ယခုအခါ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ၎င်းတို့၏ နိုင်ငံသားများအား ဘေးကင်းလုံခြုံမှုရှိစေရန် သတိတရားဖြင့် ဆင်ခြင်သွားလာနေထိုင်ကြရန် အသိပေးထားသည်။

**ကျိုဒိုနယူးစ်။**



# ကြိုတင်မဲပေးသည့် ပြည်တွင်း၊ ပြည်ပ မဲပေးသူစာရင်းအား ပုံစံအသီးသီးဖြင့်ကပ်ထားပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်စေမည်ဖြစ်

**မြစ်ကြီးနား အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ယနေ့ နံနက် ၉ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ ပါတီရုံးခွဲဖွင့်လှစ်ထားသည့်နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာများ ညှိနှိုင်းဆွေးနွေးမှုပြုခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အတူ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးအင်ဇော်နော်၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောကြားရာတွင် ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူလူထုကိုယ်စား တိုင်းပြည်ရဲ့တရားဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာအား ကျင့်သုံးနိုင်ရန် ကိုယ်စားလှယ်ရွေးချယ်ခြင်းလုပ်ငန်းဖြစ်ကြောင်း၊ ၎င်းရွေးချယ်ခြင်းလုပ်ငန်းအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ လက်ရှိကျင့်သုံးနေသော ရွေးကောက်ပွဲစနစ်မှာ မဲအများဆုံးရသူ အနိုင်ယူစနစ် (First Past The Post - FPTP ) ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မဲပေးသည့်စနစ်မှာ အချို့သောနိုင်ငံများကဲ့သို့ မဲမပေး မနေရစနစ် မဟုတ်ကြောင်း၊ မိမိဆန္ဒအလျောက် မဲပေးလိုက ပေးနိုင်ပြီး မဲမပေးလိုက နေနိုင်သည့် စနစ်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေများ ပြဋ္ဌာန်း၍ တာဝန်များအပ်နှင်းထားကြောင်း၊ အဓိကတာဝန်များမှာ လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကိုစစ်ဆေးခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲ ရွှေ့ဆိုင်းခြင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှပြန်လည်ရုပ်သိမ်းလိုကြောင်း ကော်မရှင်သို့ တိုင်ကြားလာက စစ်ဆေးခြင်းနှင့် ပြဋ္ဌာန်းမည့်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း။





ရွေးကောက်ပွဲတွင် မဲစာရင်းသည် လွန်စွာအရေးကြီးကြောင်း၊ မှန်ကန်သော မဲစာရင်းရရှိရေး အခြေခံမဲစာရင်းကောက်ခံပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင်ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှန်ကန်ရေးအား မဲဆန္ဒရှင်များနှင့် ပါတီများက အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှသာ မှန်ကန်သောမဲစာရင်းရရှိမည်ဖြစ်ကြောင်း၊ရွေးကောက်ပွဲနေ့တွင် ပယ်မဲမဖြစ်ရေး ပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်နေကြောင်း၊ မဲရုံတိုင်းတွင် မဲပေးပုံလုပ်ငန်းလမ်းညွှန်ဗီနိုင်းများ၊ မဲပေးရန် တံဆိပ်တုံးနှိပ်ရမည့် ပညာပေးဗီနိုင်းများ၊ ပယ်မဲမဖြစ်ရန်နှင့် သတ်မှတ်ရန် ပညာပေးဗီနိုင်းများ စသည်တို့ကို ကပ်ထားမည်ဖြစ်ကြောင်း၊ ကြိုတင်မဲများဥပဒေနှင့်အညီပေးရန်နှင့် ကြိုတင်မဲပေးသည့် ပြည်တွင်း၊ ပြည်ပ မဲပေးသူစာရင်းအားလည်း ပုံစံအသီးသီးဖြင့် ကပ်ထားပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်စေမည်ဖြစ်ကြောင်း၊ မဲပေးပြီး မဲရေတွက်ရာတွင်လည်း လေ့လာစောင့်ကြည့်နိုင်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်လုံး ပြည်တွင်း၊ ပြည်ပမှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များအား လျှို့ဝှက်မဲပေးမှုစနစ်ထိခိုက်မှုမရှိက လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသော ပါတီကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးခွင့်အား ပိတ်ပင်ခြင်းသည် လွှတ်တော်ဥပဒေ အခန်း ၁၃ ပါ ဥပဒေများနှင့် ငြိစွန်းမှုရှိကြောင်း၊ ရဲအရေးပိုင်သောဥပဒေဖြစ်ပြီး အရေးယူ အပြစ်ပေးခံရနိုင်ကြောင်း၊ ရွေးကောက်ပွဲအပြီး ကန့်ကွက်လွှာတင်လာပါက တရားမဲ့ပြုကျင့်ကြောင်းသက်သေထင်ရှားက အနိုင်/အရှုံး ပြောင်းလဲသွားနိုင်ကြောင်း၊ နယ်မြေလုံခြုံမှုမရှိကလည်း ရွေးကောက်ပွဲရွှေ့ဆိုင်းရမည်ဖြစ်ကြောင်း၊ IDP Camp စစ်ဘေးရှောင်စခန်းမှ မဲဆန္ဒရှင်များကိုလည်း စခန်းရှိ လူဦးရေစာရင်းအား မဲစာရင်းအဖြစ်ပြုစုပြီး ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရက်ပေါင်း ၁၈၀ အထက် ရောက်ရှိနေသော မဲဆန္ဒရှင်များ ပုံစံ(၃-က)ဖြင့် လျှောက်ထားလာပါက ရောက်ရှိနေရာတွင် မဲပေးခွင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကြိုတင်မဲပေးခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိပြီး ရှင်းလင်းအောင် နည်းဥပဒေများရေးဆွဲထားပြီးဖြစ်ကြောင်း၊ ဥပဒေအား သိရှိအောင်ဆောင်ရွက်ရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် စောင့်ကြည့်တည့်မတ်၍ ဥပဒေနှင့်မညီကလည်း ကန့်ကွက်ရန်ဖြစ်ကြောင်း၊ လုံခြုံရေးအရ မဲရုံမဖွင့်နိုင်သော မဲစာရင်းပြုစုရရှိပြီး မဲဆန္ဒရှင်များအား လုံခြုံသောနေရာတွင် မဲရုံဖွင့်လှစ်၍ ရွေးကောက်ပွဲပြုလုပ်နိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲအငြင်းပွားမှုများပေါ်ပေါက်လာပါက ညှိနှိုင်းဖြေရှင်းရေးကော်မတီက စေ့စပ်ညှိနှိုင်းပေးမည်ဖြစ်ကြောင်း၊ လက်ခံခြင်းမရှိက လုံခြုံရေးကော်မတီက အရေးယူဆောင်ရွက်သွားစေမည်ဖြစ်ကြောင်း၊ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲကြီးအား အေးချမ်းစွာကျင်းပနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီများ၊ မီဒီယာများနှင့် ပြည်သူလူထုအပေါင်းမှ ပူးပေါင်းကြရန် ပြောကြားသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံဘုရင့်သမီးတော် ထားဝယ်မြို့သို့ ရောက်ရှိ လေ့လာ

**ထားဝယ် အောက်တိုဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံသည် ယနေ့ နံနက် ၇ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိသည်။

မဟာချက်ကရီသီရိဒုံမင်းသမီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာပီစနုစူဗန်နကျတာနှင့်ဇနီး၊ တာဝန်ရှိသူများက ထားဝယ်လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် မဟာချက်ကရီသီရိဒုံမင်းသမီးနှင့် အဖွဲ့သည် ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသ၌ မြန်မာ-ထိုင်း-ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာခွန်းနှင့် အီတာလျံ - ထိုင်း ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီဥက္ကဋ္ဌ မစ္စတာပရမ်ချိုင်တို့ကကနဦးစီမံကိန်း စတင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသ၌ မြန်မာ-ထိုင်း-ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် ဒေသခံပြည်သူသုံးသိန်းခန့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအခါ တန်ချိန်တစ်သောင်းခွဲခန့်ရှိသည့် သင်္ဘောများ ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းငယ်တစ်ခုတည်ဆောက်ပြီးဖြစ်ကာ ကုန်လှောင်ရုံများနှင့် ဆိပ်ကမ်းအဝင်/အထွက်သောင်တူးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အထူးစီးပွားရေးဇုန်မှ မြန်မာ - ထိုင်း နယ်စပ်သို့ ဆက်သွယ်မည့် မိုင် ၉၀ခန့်ရှိ နှစ်လမ်းသွားမော်တော်ကားလမ်းကို မြေသားလမ်းအဆင့် ဖောက်လုပ်ထားပြီး လမ်းအဆင့်မြှင့်တင်ရန် ဆက်လက်စီစဉ်ဆောင်ရွက် လျက်ရှိသည်။

ကနဦး စီမံကိန်းတွင် စက်မှုဇုန်ဧက ၇၀၀၀ခန့်အား အပိုင်းလိုက် တည်ဆောက်သွားမည်ဖြစ်ပြီးအထောက်အကူပြုလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်း၊ မြို့ပြလုပ်ငန်းနှင့် တယ်လီဖုန်းလိုင်း တည်ဆောက်ရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မဟာချက်ကရီသီရိဒုံမင်းသမီးသည် တိုင်းဒေသကြီး ဧည့်ရိပ်သာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးကိစ္စများကိုဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံသည်။

ယင်းနောက် ထားဝယ်မြို့ ဘုရားကြီးလမ်းပေါ်ရှိ နှစ်ပေါင်း ၂၅၀ ကျော် သက်တမ်းရှိသည့် ထားဝယ်ဘုရားကြီးသို့ သွားရောက်ပြီး ရွှေတောင်စားစေတီနှင့် လောကမာရဇိန် ကြေးဆင်းတုတော်ကြီးတို့ကို ဖူးမြော်ကြည်ညိုရာ ဘုရားကြီး ဂေါပကအဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။**(အပေါ်ပုံ)**

ထို့နောက် မဟာချက်ကရီသီရိဒုံမင်းသမီးသည် ထားဝယ်မြို့မှအထူးလေယာဉ်ဖြင့်ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာ တာဝန်ရှိသူများက ထားဝယ်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံသည် ထားဝယ်မြို့သို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံသို့ ၁၉၈၆၊ ၁၉၉၄၊ ၂၀၀၃၊ ၂၀၁၀နှင့် ၂၀၁၃ ခုနှစ်များအတွင်း ငါးကြိမ် လာရောက်ခဲ့ပြီးဖြစ်ရာ ယခုနှစ်အတွင်း လာရောက်မှုသည် ဆဋ္ဌမအကြိမ်မြောက် ခရီးစဉ်ဖြစ်သည်။

**(သတင်းစဉ်)**

# ပျောက်အိုး၊ မီးရှူးမီးပန်း၊ ရှူးဒိုင်းများ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းမရှိရေးနှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ပျောက်အိုး၊ မီးရှူးမီးပန်း၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများထံမှ တစ်ဆင့် ရည်ရွယ်ချက်ဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်ခြင်းတို့ကြောင့် ပျောက်အိုး၊ မီးရှူးမီးပန်း၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များအား လူစည်ကားရာ နေရာများ၊ ကုန်တိုက်ကြီးများ၊ ဈေးများ၊ လမ်းမကြီးများတွင် ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းများ မရှိစေရေး သိရှိလိုက်နာကြရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

# ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသွေးလှူ

**မော်လမြိုင် အောက်တိုဘာ ၃**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ ဆေးရုံအုပ်ကြီး မောင်မောင်ဇင်၊ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာသန်းထိုက်နှင့် ဆရာ ဆရာမများက သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင် ၄၀ အား လိုက်လံကြည့်ရှုအားပေးပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၇)**

# မြန်မာနိုင်ငံဆိုင်ရာ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြား

**နယူးယောက်   အောက်တိုဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးတွင် အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်း၌ မြန်မာနိုင်ငံဆိုင်ရာ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။**(မိန့်ခွန်းကို အောက်တွင်ဖော်ပြထားပါသည်။)**

ယင်းနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံရွေးကောက်ပွဲအပါအဝင် မြန်မာနိုင်ငံ ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းအရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁ ရက်က အီတလီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါအိုလာ ဂျန်တီလိုနီနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နိုင်ငံတကာ မျက်နှာစာများ၌ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ငြိမ်းချမ်းရေးသည် ကနဦးလိုအပ်ချက်တစ်ရပ်ဖြစ်

**အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြောကြားမည့် အထွေထွေမူဝါဒရေးရာမိန့်ခွန်း**

**(နယူးယောက်မြို့၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့)**

**သဘာပတိ၊ အတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်တော်များနဲ့ ဧည့်သည်များခင်ဗျား-**

ပထမဦးစွာ အဆွေတော်အား အကြိမ်(၇၀)မြောက်ကုလသမဂ္ဂအထွေထွေညီလာခံကြီးရဲ့ သဘာပတိအဖြစ် အရွေးချယ်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မိမိအရင် မိန့်ခွန်းပြောကြားသွားသည့် ကိုယ်စားလှယ်အဖွဲ့များနည်းတူ ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ ထက်မြက်တဲ့ ဦးဆောင်မှုနဲ့ သံတမန်ရေးရာ ကျွမ်းကျင်မှုတို့ဟာ မိမိတို့ရဲ့ ဆွေးနွေးမှုများကို အောင်မြင်မှုများ ပေါ်ထွက်လာအောင် ထိန်းကျောင်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ မိမိတို့ကိုယ်စားလှယ်အဖွဲ့အနေနဲ့ အဆွေတော်အား အပြည့်အဝပံ့ပိုးလျက် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဆွေတော် မတိုင်မီ (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသဘာပတိအဖြစ် တာဝန်ထမ်းဆောင်သွားတဲ့ မစ္စတာ ဆမ်ခါဟန်ဘာကူတီဆာကိုလည်း ပြောင်မြောက်စွာစွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း အလားတူပြောကြားလိုပါတယ်။

**သဘာပတိခင်ဗျား-**

ယခုနှစ်ဟာ ကုလသမဂ္ဂအဖွဲ့အစည်းကြီးရဲ့ အကြိမ်(၇၀)မြောက် အထိမ်းအမှတ်နှစ်ဖြစ်ပါတယ်။ ဒီသမိုင်းတွင်စေမည့် အခမ်းအနားဟာ ကမ္ဘာလုံးဆိုင်ရာ ဒီအဖွဲ့ကြီးရဲ့ အောင်မြင်မှုများကို ပြန်လည်ကြည့်ရှုရန်နဲ့ သုံးသပ်ရန်အခွင့်အရေးများ ရရှိစေမှာဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ခြင်းဟာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိုကာကွယ်လျက် အနာဂတ်မျိုးဆက်သစ်များအား စစ်ဘေးဒဏ်မှ ကယ်တင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ကမ္ဘာကြီးကို အတိတ်က နှစ်ကြိမ်ဖြစ်ပွားခဲ့တဲ့ ကမ္ဘာစစ်ပွဲ တစ်ပွဲမျိုးမှ ထပ်မံမဖြစ်ပွားရန် အောင်မြင်စွာကာကွယ်နိုင်ခဲ့ခြင်းကြောင့် ဒီအဖွဲ့ကြီးဟာ အမြင့်မားဆုံး အသိအမှတ်ပြုလေးစားမှုကို ရရှိခဲ့ပါတယ်။ အခြားတစ်ဖက်မှာလည်း ဒေသဆိုင်ရာပဋိပက္ခများ၊ သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုလှိုင်းလုံးများ၊ အစွန်းရောက်အကြမ်းဖက်သူများနဲ့ ၎င်းတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုများနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီစိန်ခေါ်မှုများကို အဖြေရှာရန် အတူတကွ တိုးမြှင့်လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုသာယာဝပြောသောဘဝများ ဖော်ဆောင်ပေးရာမှာလည်း အောင်မြင်မှုများရရှိပါတယ်။ ဆင်းရဲနွမ်းပါးမှုမှ လူသန်းပေါင်းများစွာကို လွတ်မြောက်စေမှု၊ ကလေးသူငယ် သန်းပေါင်းများစွာအား ကျောင်းနေပညာသင်ကြားပေးနိုင်မှု၊ သေစေနိုင်သည့် ရောဂါဘယဆိုးများအား တိုက်ဖျက်နိုင်မှု၊ ကျား/မ တန်းတူရည်တူရှိမှုနဲ့ လူ့အခွင့်အရေးတိုးမြှင့်နိုင်မှုတို့ဟာ ကုလသမဂ္ဂရဲ့ ခရီးတစ်လျှောက်မှာ သိသာထင်ရှားတဲ့ သမိုင်းမှတ်တိုင်များ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းတွင် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို တစ်ခဲနက်အတည်ပြုချမှတ်နိုင်ခဲ့ခြင်းကို အောင်မြင်မှုများစာရင်းများမှာ ထည့်သွင်းရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ခက်ခဲတဲ့ စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခများဟာ ကိုလိုနီအမွေက ချန်ထားခဲ့တဲ့ စိတ်ဝမ်းကွဲပြားမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ဆုံးရှုံးရလျက်ရှိပါတယ်။ အကြမ်းဖက်မှုမှ တိုးမြှင့်ပေါ်ပေါက်နေတဲ့ ခြိမ်းခြောက်မှုများ၊ အစွန်းရောက်တရားမှ အကြမ်းဖက် လုပ်ဆောင်ချက်များကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများဟာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲနွမ်းပါးသူများရဲ့ ဘဝများကို ထိခိုက်စေလျက်ရှိပါတယ်။ မမျှတမှုများဟာလည်း ကျယ်ပြန့်လာနေပြီး ဆင်းရဲနွမ်းပါးသူများကို ပိုမိုနောက်ကျကျန်ရစ်စေခဲ့ပါတယ်။

ယခုအချိန်ဟာ အဖွဲ့ကြီးရဲ့ အနာဂတ်အတွက် မိမိဘာသာ ပြန်လည်ဆန်းစစ်ရန် အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ အဖွဲ့ကြီး ပြုပြင်ပြောင်းလဲရေး၊ စွမ်းဆောင်ရည် ဦးစားပေးမှု စသည်တို့မှာ တိုးတက်မှုရရှိရေး အပါအဝင် ယနေ့အချိန်အခါရဲ့ စိန်ခေါ်မှုများကို ဖြေရှင်းရန် ကျွန်ုပ်တို့ရဲ့ အတူတကွဆုံးဖြတ်ချက်ကိုလည်း ပိုမိုခိုင်မာစေရန် ဆောင်ရွက်ရမယ့်အချိန်အခါ ဖြစ်ပါတယ်။

**သဘာပတိခင်ဗျား-**

ယနေ့အချိန်အခါရဲ့ အသစ်အသစ် ပေါ်ထွက်လာနေတဲ့ စိန်ခေါ်မှုအသစ်များဟာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ စွမ်းဆောင်ရည်နဲ့ ထိရောက်မှုကို တစ်စထက်တစ်စ ပိုမိုစမ်းသပ်လျက်ရှိပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများဟာ ယနေ့ထက်တိုင် ဆီလျော်မှုရှိနေပါတယ်။ သို့သော်လည်း လွန်ခဲ့တဲ့ နှစ်ပေါင်း(၇၀)ကျော်က တည်ထောင်ခဲ့တဲ့ ကမ္ဘာ့အဖွဲ့အစည်းအနေဖြင့်မူ ယနေ့ပြောင်းလဲနေတဲ့ အခြေအနေများနဲ့ လည်းကောင်း၊ သိသိသာ တိုးပွားလာတဲ့ အဖွဲ့ဝင်ဦးရေနဲ့လည်းကောင်း လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲဖွဲ့စည်းရန် လိုအပ်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုလည်း ပိုမိုကိုယ်စားပြုနိုင်ရန်၊ ပိုမိုထိရောက်မှုရှိစေရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်နဲ့ ပဋိညာဉ်စာတမ်းမှ အပ်နှင်းထားသည့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်ဆိုတဲ့ တာဝန်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရန် ပြုပြင်ပြောင်းလဲရမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

ကုလသမဂ္ဂအား ပြုပြင်ပြောင်းလဲတဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ လူ့အခွင့်အရေးကော်မရှင်ရဲ့ အားနည်းချက်များကို ကုစားနိုင်ရန် လူ့အခွင့်အရေးကောင်စီကို ၂၀၀၆ ခုနှစ်မှာ ထူထောင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း လူ့အခွင့်အရေး ကိစ္စရပ်များမှာ နိုင်ငံရေးသွတ်သွင်းမှုနဲ့ အမြတ်ထုတ်မှုများ တိုးပွားနေဆဲဖြစ်ပါတယ်။ အားလုံး တစ်ပြေးညီပါဝင်နိုင်မှု၊ ရည်ရွယ်ချက်မှန်ကန်မှုနဲ့ ခွဲခြားရွေးထုတ်ဆောင်ရွက်မှုမပြုခြင်း စတဲ့ အခြေခံမူများဟာလည်း မရေမရာဖြစ်နေပါတယ်။ နိုင်ငံအားလုံးရဲ့လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်တဲ့ လုပ်ငန်းစဉ်ဟာ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအတွက် မျှတဘက်မလိုက်ဘဲ နိုင်ငံအားလုံးအပေါ် တစ်ပြေးညီဆွေးနွေးနိုင်တဲ့ အစည်းအဝေးဖြစ်တယ်လို့ မြန်မာနိုင်ငံကယုံကြည်ပါတယ်။

**သဘာပတိခင်ဗျား-**

ကုလသမဂ္ဂကြီးသို့ မြန်မာနိုင်ငံက သမိုင်းမှတ်တိုင်အနေနဲ့ အထင်ကရပါဝင်ဆောင်ရွက်ပေးခဲ့တာကတော့ အဖွဲ့အစည်းကြီးကို အတွင်းရေးမှူးချုပ်တစ်ဦး ထောက်ပံ့ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ဦးသန့်ဟာ အဖွဲ့ဝင်နိုင်ငံများအကြားမူဝါဒယှဉ်ပြိုင်မှု၊ မယုံကြည်မှုနဲ့ လုံခြုံရေးတင်းမာမှုများရှိနေတဲ့ အကျပ်အတည်းအချိန်တွင် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တာဝန်ယူခဲ့ခြင်း ဖြစ်ပါတယ်။ သူဟာ လုံခြုံရေးတိုးတက်ရရှိစေခြင်းအပြင် ဆင်းရဲတဲ့ နိုင်ငံများမှာ စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဖွဲ့ကြီးရဲ့လုပ်ငန်းများကို ချဲ့ထွင်ခြင်းတို့တွင် အဓိက ပါဝင်ခဲ့ပါတယ်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်နဲ့ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်တို့ကိုလည်း စတင်နိုင်ခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးဟာ နေရာတိုင်းမှလူများရဲ့ လိုအပ်ချက်များနဲ့ မျှော်လင့်ချက်များကို ဆောင်ကြဉ်းပေးရန် လိုအပ်ကြောင်း အမြော်အမြင်ကြီးစွာ ပြောကြားခဲ့ပါတယ်။ ဒီအမြော်အမြင်ဟာ အဖွဲ့အစည်းကြီးရဲ့ အလုပ်အတွက် ယခင်ကထက်ပင်ပို၍ ဆီလျော်မှုရှိနေပြီး နှစ်(၇၀)အလွန် ကုလသမဂ္ဂကြီးအတွက် လမ်းညွှန်ချက်ဖြစ်သင့်ပါတယ်။

**သဘာပတိခင်ဗျား-**

လက်ရှိအစိုးရတာဝန်ယူစဉ်ကာလအတွင်း မြန်မာနိုင်ငံဟာ လက်နက်ဖျက်သိမ်းရေးနယ်ပယ်မှာ မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ နျူကလီးယားစွမ်းအင်အေဂျင်စီရဲ့ နောက်ဆက်တွဲစာချုပ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခြင်းဖြင့် စတင်ခဲ့ပြီး ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုပါဝင်ခြင်း၊ ဓာတုလက်နက်တားဆီး ပိတ်ပင်ရေးစာချုပ်ကို ယခုနှစ် ဇူလိုင်လတွင် အတည်ပြုပါဝင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေဟာ မြန်မာနိုင်ငံရဲ့လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ရည်မှန်းချက်အပေါ် ခိုင်မာတဲ့ကတိကဝတ်ကို ကိုယ်စားပြုပြသလိုက်ခြင်းပဲဖြစ်ပါတယ်။

နျူကလီးယားလက်နက် ဖျက်သိမ်းရေးဆိုင်ရာ အဆိုမူကြမ်းတစ်ရပ်ကို မြန်မာနိုင်ငံဟာ နှစ်စဉ်တင်သွင်းလျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံအများစုရဲ့ ထောက်ခံမှုဖြင့် အတည်ပြုချမှတ်လျက်ရှိပါတယ်။ ကမ္ဘာကြီးမှာ နျူကလီးယားလက်နက်ကင်းစင်မှသာ ဘေးကင်းလုံခြုံတဲ့ ကမ္ဘာကြီးဖြစ်မယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်ကို ဒီဆုံးဖြတ်ချက်က ထင်ဟပ်နေပါတယ်။ ဒီဆုံးဖြတ်ချက်ကို အဓိက တင်သွင်းတဲ့နိုင်ငံအနေနဲ့ ယခုနှစ်တင်သွင်းမယ့် ဆုံးဖြတ်ချက်ကိုလည်း ဆက်လက်ထောက်ခံပေးဖို့ အဖွဲ့ဝင်နိုင်ငံများအားလုံးကို ပန်ကြားအပ်ပါတယ်။

**သဘာပတိခင်ဗျား-**

ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ လျှောက်လှမ်းနေတဲ့ နိုင်ငံအများရဲ့ ခက်ခဲစွာ ရုန်းကန်ကြိုးပမ်းတဲ့ လမ်းကြောင်းမှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှု ဆောင်ရွက်ပေးခြင်းဟာ ဒီနိုင်ငံများကို ကူညီရန် ကုလသမဂ္ဂအနေနဲ့ လုပ်ဆောင်နိုင်တဲ့ နည်းလမ်းတစ်ရပ်ဖြစ်ပါတယ်။

ပဋိပက္ခများရဲ့သဘောသဘာဝဟာ ယခုအချိန်အခါမှာ ပြောင်းလဲလာလျက်ရှိပြီး ပိုမိုလည်း ရှုပ်ထွေးလာလျက်ရှိပါတယ်။ ဒါ့ကြောင့် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များကို ပြန်လည်သုံးသပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အချိန်ကိုက် ဆောင်ရွက်ချက်များကို မိမိတို့အနေနဲ့ ကြိုဆိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာပါတဲ့ အခြေခံမူများနဲ့ ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှု အစဉ်အလာများဆိုင်ရာ အခြေခံမူများကိုလည်း အားလျော့မသွားစေဖို့ များစွာအရေးကြီးပါတယ်။

**သဘာပတိခင်ဗျား-**

ကျွန်ုပ်တို့ဟာ ဒီနေရာမှာ လွန်ခဲ့တဲ့ ၁၅ နှစ်က တွေ့ဆုံခဲ့ပြီး ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရန် ကတိကဝတ်ပြုခဲ့ကြပါတယ်။ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနဲ့ ဦးတည်ချက်များ ရည်မှန်းချက်ကြီးကြီးနဲ့ ချမှတ်ခဲ့ပါတယ်။ လူသန်းပေါင်းတစ်ထောင်ကျော်ကို အလွန်အမင်းဆင်းရဲခြင်းမှ လွတ်မြောက်နိုင်ခဲ့သော်လည်း လူသန်း ၈၀၀ ခန့်မှာ အလွန်အမင်းဆင်းရဲနွမ်းပါးလျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ ဆင်းရဲနွမ်းပါးမှုနဲ့ ငတ်မွတ်မှုလျှော့ချရေး၊ အခြေခံပညာအဆင့်တွင် ကျား/မ ကွာဟချက်အား ဖယ်ရှားရေး၊ ကလေးသေဆုံးမှုနှုန်းလျှော့ချရေး၊ ကိုယ်ဝန်ဆောင် မိခင်ကျန်းမာရေးနဲ့ ဖွံ့ဖြိုးမှုအတွက် ကမ္ဘာ့မိတ်ဖက်များနဲ့ လက်တွဲဆောင်ရွက်ရေးတို့တွင် သိသာတဲ့ တိုးတက်မှုများ ရရှိခဲ့ပါတယ်။

ယခုနှစ်တွင် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအစီအစဉ်အား အတည်ပြုချမှတ်ခဲ့ခြင်းဖြင့် ထောင်စုနှစ်ရည်မှန်းချက်များရဲ့ မပြီးမြောက်သေးတဲ့ လုပ်ငန်းများကို လွှဲပြောင်းအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးကတိကဝတ်ပြုမှု၊ မိတ်ဖက်ဆောင်ရွက်ခြင်းတိုးမြှင့်နိုင်မှု၊ စွမ်းဆောင်ရည် မြှင့်တင်နိုင်မှုနဲ့ အကောင်အထည်ဖော်ရာတွင် လုံလောက်သည့် အရင်းအမြစ်များရရှိရေးတို့ဟာ ရည်မှန်းချက်ကြီးမားတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ အောင်မြင်ပေါက်မြောက်စေရန် အဓိကကျပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် တစ်ဖက်သတ်စီးပွားရေး ပိတ်ဆို့မှုများဟာ ဖွံ့ဖြိုးဆဲနိုင်ငံများက ၎င်းတို့ရဲ့ပြည်သူများအတွက် ကြိုးပမ်းအားထုတ်မှုများအပေါ် ဆိုးကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကိုလည်း နှောင့်နှေးစေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုပါပိတ်ဆို့မှုများကို ဆောလျင်စွာ ဖယ်ရှားပေးရန် တောင်းဆိုလိုက်ပါတယ်။

ကမ္ဘာကြီးဟာ မိုးရွာသွန်းမှုနဲ့ ဆီးနှင်းကျဆင်းမှု ပုံစံပြောင်းလဲလာခြင်း၊ အပူချိန်မြင့်တက်လာမှုနဲ့ ပြင်းထန်တဲ့ မိုးသက်မုန်တိုင်းများကို တွေ့ကြုံရလျက်ရှိပါတယ်။ မိမိတို့ဟာ ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်တဲ့ ကမ္ဘာကြီးပေါ်ပေါက်လာဖို့ မျှော်မှန်းနေတဲ့အချိန်မှာ ရာသီဥတုပြောင်းလဲမှုမှာ လူသားများပါဝင်ပတ်သက်နေတယ်လို့ သိပ္ပံအဖွဲ့အစည်းတွေက တွေ့ရှိသဘောတူကြလျက်ရှိပါတယ်။

ယခုအချိန်အခါဟာ ကတိကဝတ်တွေကို လက်တွေ့ဆောင်ရွက်မှုတွေအဖြစ် အသွင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ အငြင်းပွားနေရမယ့်အချိန်မဟုတ်ပါဘူး။ ၂၀၁၅ ခုနှစ်၊ ပါရီမြို့မှာကျင်းပမယ့်

**စာမျက်နှာ ၇ သို့** *



# မဟာချက်ကရီသီရိဒ္ဓိမင်းသမီး ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို

**ရန်ကုန်  အောက်တိုဘာ  ၃**

ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိသည် ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိသည်။

မဟာချက်ကရီသီရိဒ္ဓိမင်းသမီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

ညပိုင်းတွင် မဟာချက်ကရီသီရိဒ္ဓိမင်းသမီးနှင့်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ချက်ထရီယံဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် မဟာချက်ကရီသီရိဒ္ဓိမင်းသမီးနှင့်အဖွဲ့သည် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုကြသည်။**(ဓါတ်ပုံ)**

ရှေးဦးစွာ မဟာချက်ကရီသီရိဒ္ဓိမင်းသမီးနှင့်အဖွဲ့သည် စေတီတော်ရင်ပြင်ဧည့်ခံတန်ဆောင်းမှတစ်ဆင့် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

**✻ စာမျက်နှာ ၆ မှ**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံမှာ ကမ္ဘာကြီးရဲ့ပူနွေးမှုမြင့်တက်လာခြင်းကို ၂ ဒီဂရီ ဆဲစိရက်စ်အောက် ထိန်းထားပြီး အဓိပ္ပာယ်ပြည့်ဝလျက် တစ်ကမ္ဘာလုံးလိုက်နာကျင့်သုံးနိုင်မယ့် ရာသီဥတုပြောင်းလဲမှုသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီ သဘောတူညီချက်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေအတွက် ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်မှုတွေကို ကူညီဖြေရှင်းပေးနိုင်မယ့် ပြည့်စုံလုံလောက်တဲ့ငွေကြေးနဲ့ နည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်များ လုံလုံလောက်လောက်နဲ့ထပ်လောင်းဖြည့်ဆည်းပေးဖို့ ကတိကဝတ်တွေ ပါဝင်ရမှာဖြစ်ပါတယ်။

**သဘာပတိခင်ဗျား-**

ရွှေ့ပြောင်းသွားလာခြင်းဟာ ထူးခြားတဲ့အခြင်းအရာတစ်ခု မဟုတ်ပါ။ ဥရောပနဲ့ အာရှဒေသတို့မှာ ဖြစ်ပွားနေတဲ့ ရွှေ့ပြောင်းသွားလာသူများအရေးနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံအနေနဲ့ ဒီခန်းမကြီးထဲမှာရှိကြတဲ့ ပုဂ္ဂိုလ်များနည်းတူ စိုးရိမ်ပူပန်မိပါတယ်။ ခရီးစဉ်တစ်လျှောက် လူများအား အသက်ကယ်ခြင်း၊ ပိုမိုကောင်းမွန်တဲ့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒများ၊ နိုင်ငံအတွင်း ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ လူမှောင်ခိုမှုနဲ့ လူကုန်ကူးမှုတို့အား နှိမ်နင်းခြင်းတို့ဟာ တရားမဝင်ရွှေ့ပြောင်းသွားလာမှု ဖြစ်ပွားတဲ့နေရာတိုင်းမှာ ဒီကိစ္စကို စဉ်းစားဖြေရှင်းရာမှာ မရှိမဖြစ် အရေးကြီးပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးရာကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပါတယ်။ အစိုးရဟာ ဒီမိုကရေစီအတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်များကို ပိုမိုခိုင်မာအောင်ဆောင်ရွက်နေပါတယ်။ ပြုပြင်ပြောင်းလဲမှုများကြောင့် ဒီမိုကရေစီ၊ စီးပွားရေးဖွံ့ဖြိုးမှုရလဒ်များ တိုးတက်စေခဲ့ပြီး အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့များနဲ့ ကွာဟချက်များကိုလည်း ကျဉ်းမြောင်းစေခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်တဲ့ အစောပိုင်းကာလများကပင် နိုင်ငံရေးအင်အားစုများကို တံခါးဖွင့်ကြိုဆိုခဲ့တဲ့အတွက် နိုင်ငံရေးမှာ ဆွေးနွေးတိုင်ပင်တဲ့ ယဉ်ကျေးမှုအသစ် ပေါ်ပေါက်လာခဲ့ပါတယ်။ နိုင်ငံတော်တည်ဆောက်မှုလုပ်ဆောင်ချက်များမှာ ပါဝင်နိုင်ရန် ယခင်အကျဉ်းသားများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်များပေးခဲ့ပါတယ်။ နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသည့် တက်ကြွလှုပ်ရှားသူများ၊ သတင်းမီဒီယာသမားများ၊ စွန့်ဦးတီထွင်သူများနှင့် ပညာရှင်များသည် မိခင်နိုင်ငံသို့ ပြန်လာကြပြီးဖြစ်ပါတယ်။ ယင်းပုဂ္ဂိုလ်များဟာ ငြိမ်းချမ်းသာယာဝပြောသော မြန်မာနိုင်ငံကြီးဖြစ်လာစေရန် ဘုံရည်မှန်းချက်ထားပြီး အစိုးရနဲ့အတူ လက်တွဲလုပ်ကိုင်လျက်ရှိပါတယ်။

အတွေ့အကြုံနုနယ်တဲ့ ဒီမိုကရေစီနိုင်ငံသစ်တစ်နိုင်ငံမှာ တွေ့ကြုံရမြဲဖြစ်တဲ့ စိန်ခေါ်မှုများကိုလည်း မလွှဲမရှောင်သာ ကြုံတွေ့ရလျက်ရှိပါတယ်။ ဒါပေမယ့် ဒီစိန်ခေါ်မှုတွေကို ကျော်လွှားသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဟာ အောင်မြင်မှုရရှိကြောင်း သက်သေပြနိုင်ခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လေးနှစ်တာကာလမှာ ပျမ်းမျှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း (၈)ရာခိုင်နှုန်းကို ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်းဝင်အဖြစ်မှ ဆောလျင်စွာ လွတ်မြောက်နိုင်ရန် ရည်ရွယ်ထားပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ဖို့ မိမိတို့ဟာ လာမယ့်နှစ်များမှာလည်း ဒီနှစ်စဉ် ပျမ်းမျှဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရမှာဖြစ်ပါတယ်။ ရေရှည်တည်တံ့တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချဖို့အတွက် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်ကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယင်းဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်းဝင်အဖြစ်မှ လွတ်မြောက်စေရန် ခိုင်မာတဲ့အခြေခံတစ်ရပ်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံရဲ့စီးပွားရေးအလားအလာများဟာ ဆက်လက်ကောင်းမွန်နေကြောင်း ခန့်မှန်းထားပါတယ်။

**သဘာပတိခင်ဗျား-**

မြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနဲ့ ယုံကြည်ကိုးကွယ်မှုပေါင်းစုံ တည်ရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို အာမခံထားပါတယ်။ မတူညီတဲ့ ဘာသာရေးအဆောက်အအုံများအား နိုင်ငံတစ်ဝန်းအတူတကွ ဘေးချင်းယှဉ်လျက်တည်ရှိနေပြီး ကိုးကွယ်ယုံကြည်မှုမတူညီကြတဲ့ လူမှုအသိုက်အဝန်းများဟာလည်း တစ်ရပ်ကွက်တည်းမှာပဲ အတူတကွ နေထိုင်လျက်ရှိကြပါတယ်။

ရခိုင်ပြည်နယ်ရဲ့အခြေအနေဟာ ပြောင်းလဲနေပြီဖြစ်ပါတယ်။ အစိုးရဟာ မည်သည့်အကြမ်းဖက်မှုမျှ အသစ်ထပ်မံမပေါ်ပေါက်စေဖို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်သာမက ဘာသာပေါင်းစုံဆွေးနွေးပွဲများဖြင့် ငြိမ်းချမ်းရေးလိုလားသည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွက်လာရန် ဆောင်ရွက်ခဲ့ပါတယ်။ လူ့အသိုက်အဝန်းများနဲ့ သူတို့ရဲ့ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးပြန်လည်ရရှိနေပြီဖြစ်ပါတယ်။

မိမိပြောကြားနေတဲ့အချိန်မှာပဲ ရခိုင်ပြည်နယ်မှာ အကူအညီပေးရေးအဖွဲ့ပေါင်း ၂၀ ကျော်က လူသားချင်းစာနာထောက်ထားမှုအကူအညီနဲ့ အခြားအကူအညီတွေ ပေးအပ်နေကြပါတယ်။ အဲဒါနဲ့ဆက်စပ်ပြီး မိမိတို့အနေနဲ့ လူသားချင်းစာနာထောက်ထားရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ပေါင်းစည်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအကူအညီတွေပေးအပ်နေတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာ မိတ်ဖက်တွေကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို နိုင်ငံတစ်ဝန်း တည်ထောင်ထားပြီး ကိုးကွယ်ယုံကြည်မှုအားလုံးမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားပါတယ်။ ယင်းအဖွဲ့ဟာ လစဉ်အစည်းအဝေးများ ပြုလုပ်လျက်ရှိပြီး ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်မယ့် သတင်းစကားများကို ပြည်သူများထံသို့ ဖြန့်ဖြူးလျက်ရှိပါတယ်။ ၎င်းတို့သည် ဘာသာရေးဆိုင်ရာ နေရာများသို့ သွားရောက်ခြင်း၊ လိုအပ်သည့် နေရာများ၌ အရေးပေါ်အကူအညီများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပေးအပ်လျက်ရှိပါတယ်။ လူမှုအဖွဲ့အစည်းအများအပြားဟာလည်း ကွဲပြားခြားနားတဲ့ လူမှုအသိုက်အဝန်းများအကြား ပေါင်းကူးဆောင်ရွက်ပေးလျက်ရှိကြပါတယ်။

အမျိုးသားပြန်လည်ညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးဟာ ကနဦးလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ခုအဖြစ် တည်ထောင်ရာမှာလည်း မှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိပါက ဒီမိုကရေစီထွန်းကားမှုမရှိနိုင်ပါဘူး။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ရေရှည်တည်တံ့နိုင်မှာ မဟုတ်ပါ။

ဒီလိုယုံကြည်မျှော်မှန်းချက်နဲ့အညီ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ နိုင်ငံတော် တာဝန်ယူပြီး မကြာခင်မှာပဲ မြန်မာနိုင်ငံမှာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ပါတယ်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အချိန်နဲ့လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့တော့ လက်မှတ်ရေးထိုးရန် အဆင်သင့်ရှိပြီး ရေးထိုးမယ့်အချိန်ကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေပါတယ်။ မကြာခင်မှာပဲ ဒီသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီနောက်မှာတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ မူဘောင်တစ်ရပ်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်အတွက် နိုင်ငံတကာအသိုက်အဝန်းမှ စိတ်ဝင်စားမှုရှိပြီး အားပေးကူညီတာကို အသိအမှတ်ပြုအပ်ပါတယ်။

လူ့အခွင့်အရေးတိုးမြှင့်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးဟာ ကျွန်ုပ်တို့အတွက် အမြဲတမ်းအရေးကြီးတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မကြာသေးခင်က ပြုပြင်ပြောင်းလဲမှုများဟာ မြန်မာပြည်သူများကို အခြေခံလူ့အခွင့်အရေးများနဲ့ လွတ်လပ်ခွင့်များ တိုးတက်ရရှိခံစားစေနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပြဋ္ဌာန်းပြီးနောက် ပါရီအခြေခံမူများနှင့် ညီညွတ်အောင် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

ပြည်သူများရဲ့ သဘောထားနှင့်အမြင်များ ပိုမိုတိုးတက်ဖော်ပြလာနိုင်ခြင်းဟာ မြန်မာနိုင်ငံမှာ သိသာမြင်လွယ်သော တိုးတက်မှုတစ်ရပ် ဖြစ်ပါတယ်။ ပုံနှိပ်ထုတ်ဝေသူများ စိစစ်ခြင်းကို ပယ်ဖျက်ခဲ့ပြီးနောက် သတင်းမီဒီယာလောက လွတ်လပ်ခွင့်ပိုမိုရရှိခဲ့သလို နေ့စဉ်သတင်းစာများနဲ့ အပတ်စဉ်ဂျာနယ်များလည်း ပိုမိုထုတ်ဝေလာကြပါတယ်။

လွတ်လပ်ငြိမ်းချမ်းစွာ သင်းပင်းဖွဲ့စည်းခွင့်နဲ့ စုရုံးခွင့်တွေမှာလည်း အခွင့်အရေးများ သိသာစွာတိုးတက်ရရှိလျက်ရှိပါတယ်။

၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာစာချုပ်ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှာ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်ကို လည်းကောင်း လက်မှတ်ရေးထိုးခဲ့ခြင်းဟာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးဆိုင်ရာ အဆင့်အတန်းပိုမိုမြင့်မားလာလျက်ရှိကြောင်း အထင်အရှား သက်သေပြလျက်ရှိပါတယ်။

**သဘာပတိခင်ဗျား-**

ဆိုင်ကလုန်းကိုမန် ကျရောက်ပြီးနောက် မြန်မာနိုင်ငံဟာ အပျက်အစီးများတဲ့ သဘာဝဘေးအန္တရာယ်တစ်ရပ်ကို ဇူလိုင်လနဲ့ ဩဂုတ်လအတွင်းက ခံစားခဲ့ရပါတယ်။ မိုးကြီးမှုကြောင့် ရေလွှမ်းမှုနဲ့ မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ပေါ်ပေါက်တဲ့ ပျက်စီးဆုံးရှုံးမှုများဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်က ကြုံတွေ့ခဲ့ရတဲ့ ဆိုင်ကလုန်းနာဂစ်ထက် ပိုမိုပြင်းထန်ကျယ်ပြန့်ပါတယ်။ ရေဘေးသင့်ပြည်သူများကို အကူအညီပေးတဲ့ ရပ်နီးရပ်ဝေးမှ ချစ်ကြည်ရင်းနှီးသော နိုင်ငံများ၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုက်အဝန်းကို ကျေးဇူးတင်ရှိပါတယ်။

**သဘာပတိခင်ဗျား-**

အထွေထွေရွေးကောက်ပွဲတွေကို နိုဝင်ဘာ ၈ ရက်မှာ ကျင်းပတော့မှာဖြစ်တဲ့အတွက် ဒီနှစ်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ လာမယ့်ရွေးကောက်ပွဲများဟာ ပွင့်လင်းမြင်သာပြီး လွတ်လပ်၊ တရားမျှတမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်းသက်ဆိုင်သူများ၊ နိုင်ငံတကာမိတ်ဖက်များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**သဘာပတိ၊ အတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်တော်များနဲ့ဧည့်သည်များခင်ဗျား-**

ပြီးခဲ့တဲ့ တစ်နှစ်ခွဲအတွင်းမှာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်ုပ်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုရဲ့နှုန်းထားကို လူတိုင်းအားရကျေနပ်မှုရှိချင်မှရှိမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပိုမိုကောင်းမွန်သော နိုင်ငံရေးနဲ့ လူမှုစီးပွားရေးအခြေအနေများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆွေးနွေးတိုင်ပင်တဲ့အလေ့အထ ပျိုးထောင်မှုများ၊ နိုင်ငံတော်တည်ဆောက်ရေးမှာ လူမှုအဖွဲ့အစည်းများ ပိုမိုပါဝင်လာမှု စတာတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့တယ်ဆိုတာ မငြင်းနိုင်ပါဘူး။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ဟာ အရှိန်အဟုန်ရနေပြီး မှန်ကန်တဲ့လမ်းကြောင်းဘက်သို့လည်း ဦးတည်လျက် ရှိပါတယ်။ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ မြန်မာနိုင်ငံအပေါ် ရည်ရွယ်ချက်မှန်မှန်နဲ့ အပြုသဘောဖြင့် ဆက်လက်ပံ့ပိုး ကူညီသွားသင့်ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ကတော့ မြန်မာပြည်သူများရဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ အားလုံးပါဝင်တဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် မဆုတ်မနစ်နဲ့ ကတိကဝတ်ရှိရှိ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဖော်ပြပြောကြားအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# မြန်မာနိုင်ငံ၏ ငါးခုမြောက်ဆေးတက္ကသိုလ် (သို့မဟုတ်) ဆေးတက္ကသိုလ်(တောင်ကြီး)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် တစ်နှစ်ထက်တစ်နှစ် နိုင်ငံဘဏ္ဍာငွေများပိုမိုရင်းနှီးမြှုပ်နှံအသုံးပြုပြီး ဆောင်ရွက်နေသကဲ့သို့ ပြည်ပပညာသင်/ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ အများအပြားတိုးမြှင့်စေလွှတ်လျက်ရှိသည့်အပြင် ကာလတို အလုပ်ရုံဆွေးနွေးပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးနှင့် ရေရှည်တွင် တိုးတက်လာမည့် လူဦးရေအတွက် ဆရာဝန်ဦးရေ တိုးတက်မွေးထုတ်နိုင်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံ၏ကဏ္ဍအသီးသီးတွင် အရည်အသွေးနှင့် အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးပြီး လိုအပ်သည့် နယ်ပယ်အသီးသီး၌ တာဝန်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဆေးတက္ကသိုလ်တစ်ခုဖွင့်လှစ်ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စတင်လက်ခံသင်ကြားနိုင်ရန် ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဆေးတက္ကသိုလ်(တောင်ကြီး) ကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

အခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ဟာ ပထမနှစ်ဖြစ်တဲ့အတွက်ကြောင့် ဘာသာရပ်ခုနစ်ခုသင်ကြားပါမယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုရူပ၊ ဇီဝ နဲ့ သတ္တဗေဒဆိုပြီးတော့ သင်ကြားပေးမှာဖြစ်ပါတယ်။ နောက်နှစ် ဒုတိယနှစ်ကို ရောက်သွားတဲ့အခါကျတော့ ဒုတိယနှစ်သင်တန်းမှာ သုံးဘာသာ သင်ကြားရမှာဖြစ်ပါတယ်။ ဒီသုံးဘာသာ သင်ကြားဖို့အတွက်လည်း ဆရာဆရာမတွေ စတင်ခန့်အပ်ဖို့အတွက် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျောင်းသားတွေ လက်တွေ့ဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်း ဒီနှစ်ဘတ်ဂျက်မှာ လိုအပ်တဲ့ ပစ္စည်းတွေဝယ်ယူပြီး အဲဒီကျောင်းသားတွေ နောက်တစ်တန်းတက်သွားတဲ့ အချိန်မှာ အဆင်သင့်ဖြစ်အောင် အခုကတည်းက ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကျွန်တော်တို့ကျောင်းက မွေးထုတ်ပေးလိုက်တဲ့ ဆရာဝန်တွေဟာ ပြည်သူတွေအပေါ်မှာ စေတနာမှန်မှန်ကန်ကန်နဲ့ ဆရာဝန်စိတ်ဓာတ် ပြည့်ပြည့်ဝဝနဲ့ ကုသပေးနိုင်တဲ့ ဆရာဝန်ကောင်းများဖြစ်ဖို့အတွက်ကို ရည်ရွယ်ပြီးတော့ ပြုစုပျိုးထောင်ပေးပါမယ်လို့ ပြောချင်ပါတယ်။ ကျောင်းသား ကျောင်းသူများအနေနဲ့ကလည်း ပညာရပ်မှာ အသိပညာ၊ စိတ်ခံစားမှု၊ တတ်ကျွမ်းမှုဆိုပြီးတော့ သုံးမျိုးရှိပါတယ်။ Knowledge တစ်ခုတည်း တတ်ကျွမ်းနေရုံနဲ့ ပြည်သူကို အကျိုးပြုနိုင်တဲ့ ဆရာဝန်ကောင်းတွေမဖြစ်နိုင်ပါဘူး။ ဒါကြောင့် Knowledge ရှိသလိုပဲ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာခံစားမှုတွေကလည်း နိုင်ငံတော်အပေါ်မှာ သစ္စာရှိမယ်၊ ပြည်သူတွေအပေါ်မှာ အလုပ်အကျွေးပြုချင်တယ်၊ ကိုယ်ကိုယ်တိုင်ကလည်း ဆရာဝန်တစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ နေထိုင်နိုင်တဲ့ ဆရာဝန်မျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ ကလေးတွေကို ဆေးပညာရပ်နဲ့ ပတ်သက်ရင် ကျွမ်းကျွမ်းကျင်ကျင်ဖြစ်တဲ့ထိအောင် သင်ကြားပေးသွားဖို့လိုပါတယ်။ ကလေးတွေကို စိတ်ဓာတ်ပိုင်းဆိုင်ရာမှာလည်း ကောင်းမွန်အောင် ပြုစုပျိုးထောင်ပေးသွားပါမယ်လို့ ပြောချင်ပါတယ်။



ဒေါက်တာဝင်းမြင့်အောင်
(ပါမောက္ခချုပ်)
တောင်ကြီးဆေးတက္ကသိုလ်



ဒေါက်တာ သက်ခိုင်ဝင်း(ပါမောက္ခ)
အမြဲတမ်းအတွင်းဝန်၊
ကျန်းမာရေးဝန်ကြီးဌာန



ဒေါက်တာမျိုးထွန်း
ရှမ်းပြည်နယ်
လူမှုရေးဝန်ကြီး



ဒေါ်နန်းခမ်းစင်
ကထိကဌာနမှူး
(အင်္ဂလိပ်စာဌာန )

မြန်မာနိုင်ငံ၏ ပဉ္စမမြောက် ဆေးတက္ကသိုလ်ဖြစ်သည့် ဆေးတက္ကသိုလ် (တောင်ကြီး) တည်ဆောက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ရရှိမည့်အကျိုးကျေးဇူးများ၊ ဒေသခံတို့၏အမြင်နှင့် ဆန္ဒသဘောထားများအား မြန်မာ့သတင်းစဉ်က ဆက်သွယ်မေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါက်တာဝင်းမြင့်အောင် (ပါမောက္ခချုပ်)**
**တောင်ကြီးဆေးတက္ကသိုလ်**

အခုလောလောဆယ် နိုင်ငံတော်မှာ ဆေးတက္ကသိုလ် လေးခုရှိပါတယ်။ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နဲ့ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(မကွေး) ဆိုပြီးတော့ရှိပါတယ်။ ဆေးတက္ကသိုလ် ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ ကျန်းမာရေးစီမံကိန်း နှစ်(၃၀) စီမံကိန်းအရ ဆရာဝန်နဲ့ လူဦးရေအချိုးဟာ နှစ်(၃၀)ပြည့်တဲ့အခါ ၁ အချိုး ၁၁၀၀ ဖြစ်ဖို့အတွက် ရည်မှန်းပြီးဆောင်ရွက်တဲ့အခါ ဆရာဝန်တွေ မွေးထုတ်ဖို့အတွက် လက်ရှိရှိနေတဲ့ ကျောင်းလေးကျောင်းနဲ့ မပြည့်မီနိုင်တဲ့အတွက် ထပ်ပြီးတော့ တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။

ဒုတိယရည်ရွယ်ချက်ကတော့ ဆေးတက္ကသိုလ်တွေကို တိုင်းတွေမှာပဲ ဖွင့်ထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတွေမှာပဲရှိပြီး ဘယ်ပြည်နယ်မှာမှ မဖွင့်ရသေးပါဘူး။ ပြည်နယ်တစ်ခုစီအနေနဲ့ဆိုရင် ဒီရှမ်းပြည်နယ်ဟာ လူဦးရေအနေနဲ့လည်း ပိုပြီးတော့ သိပ်သည်းပါတယ်။ ဧရိယာကလည်း ပိုပြီးတော့ ကျယ်ပြန့်တဲ့အတွက် ဆေးတက္ကသိုလ် (တောင်ကြီး)ကို ရွေးချယ်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။

အခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၁၂၀ ခန့်မှန်းပြီးတော့ ရွေးချယ်သင်ကြားပေးသွားဖို့ ရည်ရွယ်ပါတယ်။ ဒေသအနေနဲ့ကတော့ ရှမ်းပြည်နယ် (တောင်ကြီး)မှာဖွင့်လှစ်ထားတာဖြစ်တဲ့အတွက် ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်ကို အခြေခံပြီးတော့ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေဖြစ်တဲ့ ကိုးကန့်၊ ဝ၊ ပလောင်၊ ပအိုဝ်း၊ ဓနုအစရှိတဲ့ဒေသတွေက ကျောင်းသားတွေကိုလည်း ဒီမှာပဲတက်ဖို့ လောလောဆယ် ရည်ရွယ်ထားပါတယ်။

သင်ကြားရေးအနေနဲ့ကတော့ ပထမနှစ်သင်ကြားမှာ ဖြစ်တဲ့အတွက် အဓိကဌာနကြီး ခုနစ်ခုရှိပါတယ်။ ဒီအဓိကဌာနကြီးခုနစ်ခုမှာ တွဲဖက်ပါမောက္ခ ခြောက်ဦးနဲ့ သင်ကြားဌာနမှာ တစ်ယောက်ခန့်အပ်ပေးပါမယ်။ အဲဒီအောက်မှာမှ အဆင့်ဆင့်ရှိတဲ့နည်းပြဆရာမတွေ စုစုပေါင်း ၅၃ ဦးကို ခန့်အပ်ထားပြီး ဖြစ်ပါတယ်။ ဒါကလည်း ပထမနှစ်သင်ကြားရေးအတွက် ဒီကျောင်းသားနဲ့ လုံလောက်တဲ့ လူဦးရေဖြစ်တဲ့အတွက်ကြောင့် ပထမနှစ်အတွက် ကောင်းစွာသင်ကြားဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ။ နောက်တစ်ခုက ကျောင်းသားတွေ လက်တွေ့ဆောင်ရွက်ဖို့အတွက် လက်တွေ့ခန်းတွေမှာလည်း ဖြည့်တင်းရမယ့် ပစ္စည်းတွေအကုန်လုံးကို ဖြည့်ဆည်းပြီးဖြစ်တဲ့အတွက်ကြောင့် ကျောင်းသားကျောင်းသူတွေ ရောက်လာတဲ့အခါမှာ ချက်ချင်းအဆင်သင့် သင်ကြားပေးနိုင်တဲ့အနေအထားကိုလည်း ရောက်ရှိနေပြီဖြစ်ပါတယ်။

**ဒေါက်တာ သက်ခိုင်ဝင်း(ပါမောက္ခ)**
**အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာန**

ဆေးတက္ကသိုလ် (တောင်ကြီး)ဟာဆိုရင် နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့လက်ထက်မှာ ပထမဦးဆုံးဖွင့်လှစ်တဲ့ ဆေးတက္ကသိုလ်ဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်နယ်မှာ ပထမဦးဆုံးဖွင့်လှစ်တဲ့ ဆေးတက္ကသိုလ်လည်းဖြစ်ပါတယ်။ ဒီဆေးတက္ကသိုလ်ကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ပြည်နယ်မှာရှိနေတဲ့ ကျောင်းသားကျောင်းသူတွေ၊ အထူးသဖြင့် ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်က ကျောင်းသားကျောင်းသူတွေဟာ မိမိတို့ရဲ့ အိုးအိမ်နဲ့ မဝေးကွာတဲ့နေရာမှာ သူတို့ရဲ့ ပညာတွေကို ဆက်လက်သင်ကြားနိုင်မှာ ဖြစ်ပါတယ်။

အရင်ကဆိုရင် ပြည်နယ်က ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေဟာ ဆေးတက္ကသိုလ်တက်မယ်ဆိုရင် မကွေးတိုင်းဒေသကြီးမှာရှိတဲ့ မကွေးဆေးတက္ကသိုလ်ကို တက်ရတဲ့အတွက် မိဘတွေနဲ့ဝေးတယ်။ ပြီးတော့ ကုန်ကျစရိတ်လည်းများပါတယ်။ အခုအချိန်မှာ ဒီဆေးတက္ကသိုလ် ဖွင့်လှစ်လိုက်တဲ့အတွက် အများကြီး ကုန်ကျစရိတ်တွေ လျော့ကျသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဆေးတက္ကသိုလ် (တောင်ကြီး)ဟာ ဆေးတက္ကသိုလ်တစ်ခုတည်း ဖွင့်လှစ်လိုက်တာမဟုတ်ဘဲနဲ့ တက္ကသိုလ်နဲ့ဆက်စပ်ပြီးတော့ လိုအပ်လာမယ့် သင်ကြားရေးဆေးရုံတွေကိုပါ ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်တဲ့အတွက် နောက်ပိုင်းမှာ လုပ်သားပြည်သူတွေဟာ အဆင့်မြင့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ခံယူရရှိတော့မှာဖြစ်ပါတယ်။ ဒါတွေဟာဆိုရင် ဆေးတက္ကသိုလ်ဖွင့်လှစ်ခြင်းအားဖြင့် ရရှိလာတဲ့ အကျိုးကျေးဇူးတွေဖြစ်ပါတယ်။

မေးရေး - ထွန်းဝင်းနိုင်
ဓာတ်ပုံ - မော်စီ

ဒီဆေးတက္ကသိုလ်(တောင်ကြီး)မှာဆိုရင် ယခုနှစ်ကစပြီး ကျောင်းသားတွေကို လက်ခံပြီးသင်ကြားမယ်။ ပထမပိုင်းမှာတော့ ဘွဲ့ကြိုသင်တန်းတွေကို ဖွင့်လှစ်ပြီးတော့ နောက်ပိုင်းမှာ ဘွဲ့လွန်သင်တန်းတွေပါ ဖွင့်လှစ်မှာဖြစ်တဲ့အတွက်ကြောင့် ဘွဲ့လွန်သင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့အတွက် အဆင့်မြင့် သင်ကြားရေးဆေးရုံတွေကိုလည်း တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်က လုပ်သားပြည်သူတွေဟာ အခုလို ခေတ်မီတဲ့ကုသမှုတွေကို ခံယူရရှိတော့မှာဖြစ်ပါတယ်။

နောက်ပြီးတော့ ဒီဆေးတက္ကသိုလ်ဟာ ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ငါးခုမြောက်ဆေးတက္ကသိုလ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆေးတက္ကသိုလ် (တောင်ကြီး) ဖွင့်လှစ်ဖို့အတွက် စီစဉ်လမ်းညွှန်ပေးတဲ့ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ကို ပံ့ပိုးပေးတဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ဆေးတက္ကသိုလ်ဖွင့်လှစ်ရာမှာ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးကို ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားနဲ့ ပြည်သူတွေရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**ဒေါက်တာမျိုးထွန်း**
**ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး**

ရှမ်းပြည်နယ်ဟာ လူဦးရေ ၅၈ သိန်းခန့်နေထိုင်တဲ့ ပြည်နယ်ကြီးတစ်ခုဖြစ်ပါတယ်။ ပြည်နယ်ကြီးတစ်ခုလုံးမှာ ကျေးရွာပေါင်း ၁၃၆၄၉ ရွာရှိပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးရုံပေါင်း ၁၅၈ ရုံ၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ပေါင်း ၁၀၀၀ ခန့်ပဲရှိပါတယ်။ နယ်တွေမှာရှိတဲ့ ဆေးရုံတွေမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲအရ ဆရာဝန်တွေမရှိတဲ့ ဆေးရုံတွေလည်းရှိပါတယ်။ ဒေသခံဆရာဝန်တွေ ဆိုရင်တော့ ပိုပြီးတော့အဆင်ပြေမယ်လို့ စဉ်းစားမိပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ တိုင်းရင်းသားဒေသခံဆရာဝန်တွေ များများမွေးထုတ်နိုင်ဖို့အတွက် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်တဲ့ ရှမ်းပြည်နယ်အစိုးရကနေ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဆေးတက္ကသိုလ် (တောင်ကြီး) ဖွင့်လှစ်ဖို့ တင်ပြပါတယ်။ တင်ပြတဲ့အခါ ပြည်ထောင်စုအစိုးရရုံးကလည်း ခွင့်ပြုပေးပါတယ်။

ဒီဆေးတက္ကသိုလ် ဖွင့်ရတဲ့ရည်ရွယ်ချက်ကတော့ လက်ရှိ ဆေးတက္ကသိုလ် (မကွေး)တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတစ်ဝက်လောက်က ရှမ်းပြည်နယ်ကဖြစ်ပါတယ်။ နောက်တစ်ခုက ကလေးတွေကို စာသင်ကြားပေးမယ့် သင်ကြားရေး ဆေးရုံကတော့ စဝ်စံထွန်းဆေးရုံ၊ အမျိုးသမီးနဲ့ကလေးဆေးရုံ ခုတင်(၂၀၀)ဆေးရုံနှစ်ခုမှာ လူနာက ၃၀၀ နဲ့ အထက်မှာရှိတဲ့အတွက် ကလေးတွေကို လက်တွေ့စာသင်ကြားနိုင်ဖို့လည်း အဆင်ပြေမယ့် အနေအထားဖြစ်ပါတယ်။ အဲဒီအဆိုပြုချက်နဲ့တင်ပြီးတော့ ခွင့်ပြုတဲ့အတွက် တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ခဲ့ပြီး ဆေးတက္ကသိုလ်(တောင်ကြီး)ကို စတင်ဖွင့်လှစ်တဲ့အနေအထားဖြစ်ပါတယ်။

အခုလို ဆေးရုံကြီးဖွင့်လှစ်နိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ မကွေး၊ မန္တလေးတွေကို သွားတက်နေတဲ့ကလေးတွေဟာ အခုကိုယ့်မြို့ ကိုယ့်ရွာမှာ တက်နိုင်ပါပြီ။ နောက်ပြီး ကိုယ့်မြို့ကိုယ့်ရွာမှာပဲ တာဝန်ထမ်းဆောင်နိုင်မယ့် အခွင့်အရေးတွေ ရတော့မယ့်အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမှာလည်း များစွာအထောက်အကူဖြစ်တဲ့အတွက် ပြည်နယ်အစိုးရအနေနဲ့ အင်မတန်ဝမ်းသာပါတယ်။

**ဒေါ်နန်းခမ်းစင်**
**ကထိကဌာနမှူး(အင်္ဂလိပ်စာဌာန)**

ရှမ်းပြည်နယ်မှာ ခမ်းနားတဲ့၊ ကြီးကျယ်တဲ့ ဆေးတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပေးတဲ့အတွက် သမ္မတကြီးနဲ့အတူတကွ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ရှမ်းပြည်နယ်ကို ပိုပြီးတော့ တိုးတက်အောင်လုပ်ပေးတဲ့အတွက်လည်း တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

အရင်တုန်းက ဝေးလံခေါင်သီတဲ့နေရာကနေ မကွေးတို့၊ တခြားရန်ကုန်၊ မန္တလေးသွားတက်ရတယ်။ ကိုယ့်ရဲ့ဒေသမှာပဲ ဒီဆေးတက္ကသိုလ်ဖွင့်တယ်ဆိုတော့ နီးနီးနားနားတက်နိုင်တယ်ဆိုတဲ့အတွက်ကြောင့် တိုင်းရင်းသားတွေအတွက်ကို ပိုပြီးတော့ အဆင်ပြေမယ်လို့ ထင်ပါတယ်။

## ဟသ်ာတမြို့နယ် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ပြီ

**ဟသ်ာတ အောက်တိုဘာ ၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဟသ်ာတမြို့နယ်ကျေးရွာအုပ်စု ၁၀၃ အုပ်စုမှ အာဆင်းနစ်ဓာတ် မလွတ်ကင်းသည့် ကျေးရွာအုပ်စုများအား ကျန်းမာသန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှစ်စဉ်ကဏ္ဍအလိုက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများ ဆောင်ရွက်နေမှု ၈၀ ရာခိုင်နှုန်းကျော် အောင်မြင်ပြီးစီးနေပြီဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ ကျန်းမာသန့်ရှင်းသော သောက်သုံးရေများကို စိတ်ချလုံခြုံစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်နယ် တောင်ကြီးမြို့ ဆေးတက္ကသိုလ်(တောင်ကြီး) ဖွင့်ပွဲအခမ်းအနား တက်ရောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ။



Eiiawmorw 0;oe;pe aq;wuov(awmi\u;) ziytcr;tem;o wua&mu vmluorm;Eitw rwwr;wi "mwy½up0/ (owi;p0)



Eiiawmorw 0;oe;pe aq;wuov(awmi\u;) ziytcr;tem;o wua&mu vmluorm;Eitw rwwr;wi "mwy½up0/ (owi;p0)



Eiiawmorw 0;oe;pe x;cleausmi;om; ausmi;orm;Ei &i;&i;E;E;awqp0/ (owi;p0)



Eiiawmorw 0;oe;pe aq;wuov(awmi\u;) ziytcr;tem;o wua&mu vmluorm;Eitw rwwr;wi"mwy½up0/ (owi;p0)



Eiiawmorw 0;oe;pe aq;wuov(awmi\u;) ziytcr;tem;o wua&mu vmluorm;Eitw rwwr;wi "mwy½up0/ (owi;p0)



aq;wuov(awmi\u;) ziytcr;tem;o wua&mu vmluon ausmi;om;rm;/ «"mwy - YHT»

## မြန်လည်ရှာထောင်ရေး

### ✻ ပုပ္ပားတောင်တော်သာမှ

ထို့နောက် ကားကို ပုပ္ပားတောင်မြတ်တောင်ကလပ်သို့ ဦးတည်မောင်းနှင်ခဲ့ရာ နံနက်ပိုင်းတွင် ရောက်ရှိသွားခဲ့သည်။ ပုပ္ပားတောင်ဟုခေါ်တွင်ပုံမှာ ပုပ္ပားဝနပဗ္ဗတမှ ပုပ္ပားပဗ္ဗတ ထိုမှတစ်ဆင့် ကာလရွေ့လျော့လာကာ (ပုပ္ပားတောင်) ဟု ဖြစ်လာကြောင်း တချို့က ပြောသည်။ ပုပ္ပားဝနပဗ္ဗတဟုခေါ်ရခြင်းမှာ ပန်းပေါသော တောင်ဖြစ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ပုပ္ပားတောင်မြတ်ကြီး တစ်လျှောက်၌ စံကားဝါပန်း၊ စံပယ်ပန်း၊ ဇလပ်၊ ခတ္တာ၊ ထပ်တစ်ရာ၊ ရင်းမာ၊ ဒေါန၊ သော်က၊ ဂမုန်း၊ ကြက်ရုံး၊ ဇီဇဝါ၊ ခွာညို၊ သရဖီ၊ နှင်းဆီ၊ ကံ့ကော်၊ စွယ်တော်၊ ခဝဲ၊ ပေါက်လဲ၊ အင်ကြင်း၊ မြတ်လေး၊ စံကားစိမ်းနှင့် ဇွန်ပန်းမွှေးတို့ ပေါက်ရောက်သောကြောင့် ပန်းတောတောင်ဟု တချို့က ခေါ်ကြသည်။ တစ်နည်းအားဖြင့် (ပုပ္ဖသဝေတိနေတီတိပုပ္ပား) ယောပဗ္ဗတောအကြင်းတောင်သည် ပုပ္ဖပန်းကို ပသဝေတိ၊ ဇနေတိဖြစ်စေတတ်၏၊ ဣတိတသမာ ထို့ကြောင့်သော ပဗ္ဗတော ထိုတောင်သည်ပုပ္ပား၊ ပုပ္ပားမည်၏ဟုဆိုသည်။

တောင်ထွတ်ပေါင်း ၈၄၀၀၀ ဖြင့် ဝန်းရံထားသော ဟိမဝန္တာတောင်ကြီးကဲ့သို့ ပုပ္ပားတောင်ကြီးသည်လည်း ရွှေတွင်းတောင်၊ ငွေတွင်းတောင်၊ တောင်လှတောင်၊ မြောက်နားတောင်၊ တောင်ပုတောင်၊ မြက်ထောက်တောင်၊ အလယ်တောင်၊ ရသေ့တောင် စသောအမည်ပေါက်တောင်များနှင့် အခြားအမည်မသိတောင်များစွာတို့က ဝန်းရံထားသည်ဟု သိရသည်။

ပုပ္ပားတောင်ကြီးသည် အရပ်လေးမျက်နှာမှကြည့်လျှင် ပုံသဏ္ဌာန်လေးမျိုး၊ နိမိတ်လေးပါးရှိသည်ဆို၏။ အရှေ့ရပ်မှကြည့်လျှင် နွားလပို့အသွင်၊ တောင်အရပ်မှကြည့်လျှင် စပါးပုံကြီးအသွင်၊ အနောက်အရပ်မှကြည့်လျှင် ဆင်ကြီးတစ်ကောင်ဝပ်တွားနေပုံအသွင်နှင့် မြောက်အရပ်မှကြည့်လျှင် လက်ရက်ကန်းအသွင် မြင်တွေ့ရမည်ဖြစ်ပြီး အခိုက်အတန့်နိမိတ်များမှာ မိုးဥတုတွင် တောင်ခိုးတောင်ငွေ့တို့သည် တောင်ထိပ်ကို အုပ်ဆိုင်းထားပုံမြင်လျှင် မြစ်ကမ်းတစ်လျှောက်တွင် မိုးများရွာသွန်းနေပြီဟု သိရမည်ဖြစ်သည်။ တောင်လယ်တောင်ခါးပန်း၌ တောင်ခိုးများဝေနေပါက တောင်ကြီးနှင့် မနီးမဝေး၌ မိုးရွာတော့မည်ဟု မှတ်ကြသည်။

ပုပ္ပားတောင်သည် ပုဂံပြည်ကဲ့သို့ အမည်ကွဲများရှိခဲ့သည်။ ထို့အပြင် ဝိဇ္ဇာပွဲများ ပြုလုပ်လေ့ရှိသည်။ တော်သလင်းလပြည့်နေ့မှ လပြည့်ကျော် ၂ ရက်နေ့အထိ သုံးရက်တိုင်တိုင်ကို နှစ်စဉ် အဘဘိုးမင်းခေါင်ထွက်ပွဲ ကျင်းပလေ့ရှိသည်။ ယခု ၁၃၇၇ ခုနှစ်တွင် (၆၃)ကြိမ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲ ကျင်းပတော့မည် ဖြစ်သည့်အတွက် ပုပ္ပားတောင်ခြေ၌ ဈေးတန်းနှင့် ဆေးမြစ်စုံရောင်းသူများ အကြိုပွဲကျင်းပသူများဖြင့် စည်းကားစပြုနေပြီဖြစ်သည်ကို ကျွန်တော်တွေ့ခဲ့ရသည်။ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးကုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ လက်ထက်တော်များတွင် ဝိဇ္ဇာမိုရ်ရ အများအပြား ထွက်ရပ်ပေါ်ပေါက်ခဲ့ကြသလို ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားရှင်သာသနာတွင်း၊ သာသနာပ၌လည်း ထွက်ရပ်ပေါက်ပြီး၊ ပေါက်ဆဲ၊ ပေါက်လတ္တံ့သော ဝိဇ္ဇာမိုရ်အများအပြားရှိဦးမည်ဖြစ်သည်ဟု ကျွန်တော်ဆိုချင်ပါတော့သည်။ ။

### ❒ မြန်မာနိုင်ငံမှ

မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာများပါဝင်သော အဆိုပါစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာနှင့်ဂျပန်နိုင်ငံတို့သည် ယင်းစီမံကိန်းများနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာ (MoU)တစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြသည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးဝေရေးစီမံကိန်း ၄၃၁ ခုကို အကောင်အထည်ဖော်ခဲ့သလို လက်ရှိအချိန်တွင် ရေပေးဝေရေးလုပ်ငန်းများကို ကျေးရွာပေါင်းနှစ်သောင်းကျော်၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းကလည်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JIAC) က အထက်မြန်မာပြည် မြို့တော်မန္တလေး၌ ရေပေးဝေရေးစနစ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဂျပန်ယန်း ၂ ဒသမ ၅၅၅ ဘီလီယံအကူအညီပေးရန် ငွေကြေးအကူအညီပေးအပ်ရေးဆိုင်ရာ သဘောတူညီချက်(G/A)တစ်ရပ်ကို မြန်မာအစိုးရနှင့် လက်မှတ်ရေးထိုးခဲ့သည်။ **(သုတ)**

### ❂ မြန်မာနှင့် ဟောင်ကောင်မှ

ဗီယက်နမ်အသင်းသာ အနိုင်ရခဲ့ပါက တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်နှစ်ပွဲစလုံး အနိုင်ကစားရမည်ဖြစ်ပြီး တီမောအသင်းအမှတ်ယူနိုင်ခဲ့ပါက ဖိအားအနည်းငယ်လျော့နိုင်ပေသည်။

တီမောနှင့်ပွဲတွင် ဒဏ်ရာရခဲ့သည့် မြန်မာဂိုးသမား ဘုန်းသစ္စာမင်းမှာ ယနေ့ပွဲတွင် ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေပြီး ဟောင်ကောင်အသင်းကို လူစုံယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက်အတွက် မြန်မာအသင်းမှာ ဟောင်ကောင်အသင်းကို အနိုင်ကစားရန် လိုအပ်နေသည်။ စတုတ္ထပွဲအဖြစ် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နှင့် တီမော၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ဟောင်ကောင်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## ကောလင်းမြို့နယ် ရေဘေးသင့်ကျေးရွာများမှ လူငယ်လူရွယ်များအား သင်ကြားပေးလျက်ရှိသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများသို့ ထောက်ပံ့ငွေများပေးအပ်

**မုံရွာ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၏ဇနီး တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝေဝေခိုင်နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ကသာခရိုင် ကောလင်းမြို့နယ်သို့ ရောက်ရှိကြပြီး ကောလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ပူးပေါင်း၍ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများမှ လူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများဖြစ်သည့် စက်ချုပ်၊ အချက်အပြုတ်နှင့် မုန့်လုပ်နည်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေကျပ် နှစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ယင်းနောက် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် ကောလင်းမြို့အနောက်ကျောင်းကြီး ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဓမ္မစကူးကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး မိခင်နှင့်ကလေး နာယကကြီး ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် ကသာမြို့သို့ ရောက်ရှိကြရာ ကသာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံ စက်ချုပ်သင်တန်းအမှတ်စဉ် (၂/၂၀၁၅) ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးကာ သင်တန်းသူများအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**




## ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် လယ်မြေများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**ကာမိုင်း အောက်တိုဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့၌ ရေကြီးနစ်မြုပ်သွားသည့် လယ်ယာမြေများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူက ကာမိုင်းမြို့တွင် ဇူလိုင်နှင့်ဩဂုတ်လအတွင်း မိုးရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် မိုးစပါးစိုက်လယ်မြေများအတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က တောင်သူများကို ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ကာမိုင်းမြို့၏ စိုက်လယ်ကွင်း ၅၅ ကွင်းတွင် ၁၇ ကွင်း၌ ရေကြီးနစ်မြုပ်မှုများဖြစ်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေကြီးနစ်မြုပ်လယ် ၇၉၃ ဧကအတွက် တောင်သူ ၁၄၂ ဦးအား ထောက်ပံ့ငွေများပေးအပ်ခဲ့ရာ စုစုပေါင်းငွေကျပ် ၄၇၅၈၀၀၀ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(သန်းလွင်ဦး)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ဆက်လက်ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၃**

ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းလိုင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ တစ်ခေါက်ဖြင့် အဝတ်အထည်နှင့် အစားအသောက်များကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ပေးအပ်

**ဖျာပုံ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ဘဝသစ်ကျေးရွာအုပ်စုအတွင်းရှိ အောက်ဆိပ်ကွင်းကျေးရွာ၌ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ အမာမြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ ဘဝသစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြာစိန်၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ကျေးရွာတောင်သူ ၁၀၀ ကျော်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အမာမြို့အတွင်းရှိ သစ်တောပယ်ဖျက်ခွင့်ရ ဧရိယာ ဧက ၂၁၀၂၀ အပေါ် လက်ရှိလယ်ယာမြေလုပ်ကိုင်လျက်ရှိသော ဘဝသစ်ကျေးရွာအုပ်စု အောက်ဆိပ်ကွင်းကျေးရွာရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ (၇) ၅၉၄ စောင်၊ ဧရိယာ ၅၆၇၄ ဧကကို ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

**ဉတုရာသီ တောကိုမှီ၍**

## မြေငှားဂရန်များပေးအပ်ပွဲ ကဝ၌ ကျင်းပ

**ကဝ အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ပေါက်ကုန်းကြီးရွာအုပ်စု အေးရွာသစ်ကျေးရွာ၏ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက အေးရွာသစ်ကျေးရွာ တောင်ပေါ်ကျောင်း ပရဟိတကျောင်း၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးရေး ခရိုင်လုပ်ငန်းဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသန်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အေးရွာသစ်ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး အိမ်ထောင်စု ၅၁ စုသို့ ကျေးရွာမြေငှားဂရန်များ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

### (၁၂)ကြိမ်မြောက် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ညီလာခံ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃။** မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးညီလာခံကို အောက်တိုဘာ ၉ ရက်မှ ၁၀ ရက် အထိ ရန်ကုန်မြို့ရှိ Panda Hotel ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အကြောအဆစ်ရောဂါအထူးကုဌာနတွင် စာရင်းပေးသွင်းပြီး တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

ကမ္ဘာ့ဆရာများနေ့ဂုဏ်ပြုဆောင်းပါး

# ဆရာ သို့မဟုတ် အဖေသို့

**စေတနာမောင်**

စာရေးသူဟာ ငယ်စဉ်ကတည်းက ပညာရေးနယ်ပယ်အသိုင်းအဝိုင်းမှာ ကြီးပြင်းလာခဲ့ရသူ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖခင်ဖြစ်သူက ကျောင်းဆရာဖြစ်ခဲ့လို့ပါပဲ။ တကယ်တော့ ကျောင်းဆရာဘဝနဲ့ အသက်မွေးဝမ်းကျောင်းပြုရတာ အင်မတန်ခက်ခဲလှပါတယ်။ သို့ပေမယ့်လည်း ပညာဇီဝိ ဇီဝိတ မာဟုသေနံ- "အသက်မွေးမှုထဲမှာ ပညာနဲ့ အသက်မွေးမှုဟာ အမြတ်ဆုံးဖြစ်တယ်"လို့အဆိုရှိတယ် မဟုတ်ပါလားခင်ဗျာ။

စာရေးသူရဲ့ဖခင်ဟာ ရန်ကုန်မြို့ တောင်ဥက္ကလာပ အထက(၃)ကနေ ကသာမြို့ အထက်တန်းကျောင်းကို ပြောင်းရွှေ့ရချိန်မှာ စာရေးသူဟာ သုံးနှစ်သားလောက်ပဲ ရှိပါဦးမယ်။ ၁၉၇၈ ခုနှစ်လောက်ကပေါ့။ သား၊ သမီး လေးဦးနဲ့အတူ မိသားစုဝင်ခြောက်ဦးဟာ ရထားတစ်တန်၊ သင်္ဘောတစ်တန်နဲ့ ကသာမြို့ကို ရောက်ရှိခဲ့ကြပါတယ်။ ကသာမြို့ဟာ အဲဒီအချိန်တုန်းက သိပ်မအေးချမ်းသေးတဲ့ အခြေအနေပေါ့။ ညနေပိုင်းဆိုရင် သေနတ်သံ တဒုန်းဒုန်း၊ တဒိုင်းဒိုင်းနဲ့ သူပုန်ဝင်တာမျိုးတွေရှိတာပေါ့။ လမ်းပန်းဆက်သွယ်ရေးကလည်းမကောင်း၊ လျှပ်စစ်မီးကလည်းမရှိ၊ နေရတာကလည်း ကျောင်းဝင်းထဲက အဆင်ပြေတဲ့ နေအိမ်လေး။

မှတ်မှတ်ရရ ရှိတာကတော့ ဂုန်နီအိတ်ကို စောင်အမှတ်နဲ့ ခြုံခဲ့ရတာတွေ၊ အစ်မဖြစ်သူနဲ့အတူ ကျောင်းဈေးတန်းမှာ ဆေးသကြားနဲ့သရက်သီး ရောင်းခဲ့ရတာတွေ၊ ညဘက်မှာ စံပယ်ပန်းခူးပြီး ရောင်းခဲ့ရတာတွေပါပဲ။ ညနေဘက်ဆိုရင် ဘောလုံးကွင်းမှာ ဂေါက်သီးကောက်ခဲ့ရတာလည်း မေ့ပျောက်လို့မရတဲ့ ပုံရိပ်တွေပါပဲ။

ကသာမြို့မှာ နှစ်နှစ်လောက်ကြာပြီး ၁၉၈၀ ပြည့်နှစ်မှာတော့ အဲဒီကနေတစ်ဆင့် ဘိုကလေးဆရာအတတ်သင်ကျောင်းကို ပြောင်းရွှေ့ခဲ့ရပြန်ပါတယ်။ စာရေးသူက သူငယ်တန်းတက်လက်စပေါ့။ ကသာမြို့ကနေ ဒလက်သင်္ဘောကြီးစီးပြီး မန္တလေးကို တစ်ပတ်ကြာအောင် ခရီးနှင်ခဲ့ရပါတယ်။ အဲဒီတုန်းက မန္တလေးမှာ မြင်းလှည်းတွေတွေ့ခဲ့ရပါသေးတယ်။ နောက်တစ်နေ့မှာ ရန်ကုန်ကို ရထားနဲ့ခရီးဆက်ခဲ့ကြရပါတယ်။ အမှတ်တရဖြစ်ရတာကတော့ မိသားစုကများ၊ အိမ်ထောင်ပရိဘောဂပစ္စည်းတွေကလည်းများဆိုတော့ အဖေဟာ အလုပ်ရှုပ်နေပြီး ရထားပေါ်မှာ စာရေးသူကျန်နေခဲ့ပါတယ်။ တွဲသိမ်းဖို့ ရထားနောက်ဆုတ်တဲ့အခါကျမှ သတိရပြီး အဖေကစာရေးသူကို ခုန်ချခိုင်းကာ ရထားစင်္ကြံလမ်းပေါ်မှာ မိအောင်ဖမ်းလိုက်ရတာပါပဲ။

ဘိုကလေးဆရာ အတတ်သင်ကျောင်းမှာ စာရေးသူအဖေက လက်ထောက်ကထိကရာထူးနဲ့ ပညာရေးဘာသာရပ်ကို သင်ကြားပါတယ်။ ပညာရေးဘာသာရပ်ဟာ အလွန်ပျင်းရိဖွယ် ကောင်းပါတယ်။ သို့သော် အဖေဟာ အဲဒီဘာသာရပ်ကို အာပေါင်အာရင်းသန်သန်နဲ့ စိတ်ဝင်စားဖွယ်ဖြစ်အောင် သင်ကြားနိုင်ပါတယ်။ အဖေဟာ စာပေသင်ကြားရေးအပြင် အဆောင်မှူးတာဝန်၊ သင်တန်းသားတွေရဲ့ အုပ်ချုပ်မှုဆိုင်ရာတာဝန်၊ စားသောက်ရေး၊ နေထိုင်ရေးကအစ တာဝန်ယူဆောင်ရွက်ရပါတယ်။ ဒါကြောင့် အဖေဟာ မိုးလင်းကနေ မိုးချုပ်အထိ အိမ်ကိုမကပ်နိုင်ခဲ့ပါဘူး။ ဒ့ါအပြင် ညမိုးချုပ်တာတောင် ကျောင်းဝင်းတစ်ခုလုံး စစ်ဆေးနေရပါသေးတယ်။ အဲဒီလိုနဲ့ ကျောင်းအုပ်ဆရာကြီး အငြိမ်းစားယူသွားလို့ ခေတ္တကျောင်းအုပ်ကြီးတာဝန်ကိုပါ နှစ်နှစ်ခန့် ထမ်းဆောင်ခဲ့ရပြန်ပါတယ်။

ဒါတင်မကသေးဘဲ မြို့ရေး၊ နယ်ရေးကိစ္စတွေမှာလည်း မနားမနေ ပါဝင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ အဖေ့ထက် ဝါနုတဲ့ဆရာ၊ ဆရာမတွေ ရာထူးတွေ မြင့်တက်သွားပေမယ့်လည်း သား သမီးလေးဦးစလုံး အထက်တန်းပညာအောင်မြင်ပြီးသည်အထိ ရာထူးတိုးမယူဘဲ အနစ်နာခံခဲ့ရှာပါတယ်။ အဲဒီလိုနဲ့ ဘိုကလေးဆရာအတတ်သင်ကျောင်းမှာ ၁၅ နှစ်လောက်ကြာတော့မှ အထက်တန်းကျောင်းအုပ်ရာထူးနဲ့ ချင်းပြည်နယ် ပလက်ဝ မြို့နယ်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ စားစရာရှားပါးသလို သွားလာရေးကလည်း အင်မတန်ခက်ပါတယ်။ ဘိုကလေးကနေ ရန်ကုန်ကို ကားနဲ့၊ ရန်ကုန်က စစ်တွေကို လေယာဉ်နဲ့၊ စစ်တွေကနေ ကျောက်တော်ကို သင်္ဘောနဲ့၊ ကျောက်တော်ကနေ ပလက်ဝကို သင်္ဘောနဲ့ အဆင့်ဆင့်သွားရပါတယ်။

နောက်နှစ်နှစ်လောက်ကြာတော့ ပလက်ဝမြို့နယ်မှာ ပညာရေးမှူးအဆင့် တိုးတက်ရရှိခဲ့ပါတယ်။ အဲဒီကနေ ဘိုကလေးမြို့နယ်ကို ပညာရေးမှူးနဲ့ ပြန်ပြောင်းခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆရာအတတ်သင်ကျောင်းတွေကို ပညာရေးကောလိပ်အဖြစ် ပြောင်းလဲလိုက်ပြီဖြစ်ပါတယ်။ ဘိုကလေးမြို့နယ် ပညာရေးမှူးအဖြစ် နှစ်နှစ်ခန့် ထမ်းဆောင်ပြီးတဲ့အခါ ဘိုကလေး ပညာရေးကောလိပ်ကို စီမံဌာနမှူးအဖြစ် ပြောင်းရွှေ့ခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ အဖေဟာ ပင်စင်ယူခါနီး တစ်နှစ်ကျော်လောက်ပဲ လိုပါတော့တယ်။ ၂၀၀၂ ခုနှစ်မှာတော့ အဖေဟာ သက်ပြည့်ပင်စင် ရယူခဲ့ရပါတယ်။

စာရေးသူရဲ့အဖေကိုကြည့်မယ်ဆိုရင် ပညာရေးလောကကို စတင်ဝင်ရောက်ခဲ့ချိန်ကစလို့ ပင်စင်ယူပြီးချိန်အထိ မိသားစုနဲ့နွေးနွေးထွေးထွေးနေခွင့် မရခဲ့ပါဘူး။ ထားရာနေ စေရာသွားဘဝနဲ့ ကျရာတာဝန်တွေကို အားကြိုးမာန်တက်ထမ်းဆောင်ခဲ့တာ တွေ့ရပါတယ်။ တာဝန်ထမ်းဆောင်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်လောက်ဟာ ဘယ်လိုကုန်လွန်သွားခဲ့မှန်းတောင် မသိတော့လောက်အောင်ပါပဲ။ ဒီအတောအတွင်း ခွင့်ယူခဲ့တယ်လို့လည်း တစ်ခါမှမကြားဖူးပါဘူး။ ဘဝတစ်လျှောက်လုံး ပြော၊ ဟော၊ သင်ကြားခဲ့တဲ့သူဆိုတော့ ပင်စင်ယူပြီးချိန်မှာ နေမထိထိုင်မသာဖြစ်ခဲ့ရပြီး ကျန်းမာရေးတောင် ဆုတ်ယုတ်ခဲ့ရပါတယ်။ ဆရာကန်တော့ပွဲတွေမှာ ကန်တော့ခံဆရာကြီးအဖြစ် တက်ရောက်ခွင့်ရတဲ့ အခါကျတော့လည်း လုပ်ဖော်ကိုင်ဖက်တွေ၊ တပည့်တွေနဲ့ ပြန်တွေ့ပြီး ပြုံးပျော်ရွှင်နေတာတွေ့ရပြန်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် စာရေးသူရဲ့ဖခင်ဟာ သား သမီးတွေကို လက်ဦးဆရာဖြစ်တာနဲ့အညီ လမ်းမှန်ရောက်အောင် သင်ကြားပြသပေးပြီး ခေါင်းဆောင်ကောင်းတစ်ယောက် ပီသခဲ့ပါတယ်။ သား သမီးတွေအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာတွေကို ပြတ်တောက်မှုမရှိ သင်ယူခွင့်ရရှိအောင် အနစ်နာခံကြိုးစားခဲ့ပါတယ်။ နောက်ဆုံး စာရေးသူတို့ အသက်ရှင်နေသမျှကာလပတ်လုံး အေးမြတဲ့အရိပ်ခံစားနိုင်အောင် စံနမူနာပြနေထိုင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဆရာကြီး ဦးကြင်သောင်းရဲ့သားဆိုရင် စာရေးသူတို့ ဂုဏ်မငယ်ရပါဘူး။ အဖေဟာ ကျပ်တည်းတဲ့ခေတ်ကာလက ရှားပါးတဲ့အခွင့်အရေးမျိုးတွေရခဲ့တာတောင် စွန့်လွှတ်နိုင်ခဲ့သူ၊ ကိုယ်ကျိုးကင်းစင်သူဖြစ်အောင် ရှေ့ဆောင် လမ်းပြနိုင်ခဲ့တဲ့ ပုံ့ကိုင်ရှင်ဖြစ်ပါတယ်။ တကယ့်ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ခဲ့သူ အဖေပါ။

အဖေ့ရဲ့ဘဝတစ်လျှောက်မှာ ဆရာဘဝနဲ့ တပည့်ပေါင်းများစွာ ရှိခဲ့ပါတယ်။ အဲဒီထဲမှာမှ ဆရာတွေကို ဆရာထပ်လုပ်ရတဲ့ ဆရာအတတ်သင်ကျောင်းဟာ တွေးမိလေတိုင်း မျက်ရည်ကျရတဲ့ နေရာဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဘိုကလေးဆရာအတတ်သင်ကျောင်းရဲ့ ဆောင်ပုဒ်က "ဘက်စုံယာဉ်ဖြင့် စက်ကုန်နှင်အံ့" ဖြစ်တာနဲ့အညီ တကယ့်ဘက်စုံပညာတွေကို သင်ကြားပေးပါတယ်။ စာပေ၊ ဂီတ၊ အက၊ စိုက်ပျိုးရေး၊ အိမ်တွင်းမှု၊ ပန်းချီ၊ အားကစား စတာတွေပေ့ါ။ ဟိုတုန်းကဆိုရင် ဆရာအတတ်သင်ကျောင်းပေါင်းစုံပြိုင်ပွဲတွေကို ရန်ကုန်မြို့မှာ နှစ်စဉ်ကျင်းပပေးခဲ့ပါတယ်။

သင်ကြားမှုအပိုင်းမှာလည်း သင်တန်းလာတက်တဲ့ ဆရာတွေရဲ့ လက်တွေ့ဆောင်ရွက်မှုတွေကို တန်းပြဆင်းတဲ့စနစ်နဲ့ အကဲဖြတ်ပေးပါတယ်။ သင်တန်းတစ်နှစ်တာကာလဖြတ်သန်းမှုဟာ ပျော်စရာကောင်းသလို ခွဲခွာကြရတဲ့အခါမှာလည်း ဝမ်းနည်းကြရလို့ပါပဲ။ အဲဒီတုန်းက တိုင်းနဲ့ ပြည်နယ်မခွဲဘဲ မြို့နယ်အနှံ့က လာတက်ကြရတာ၊ တစ်နှစ်ပြီး တစ်နှစ်တက်ခဲ့ကြတဲ့ လိပ်စာ စာအုပ်လေးတွေ ကြည့်ရင်း အတိတ်ပုံရိပ်တွေက စိတ်အစဉ်ကို လွှမ်းမိုးစေပါတယ်။ တစ်နှစ်သင်တန်းပြီးလို့ ကျောင်းပိတ်ချိန်မှာ စာပေးစာယူသင်တန်းတို့၊ တစ်လသင်တန်းတို့ ဝင်လာပြန်ရော။ ပြီးတော့ တစ်နှစ်သင်တန်းကြီး ပြန်စပေ့ါ။ ဒီကြားထဲ စာတတ်မြောက်ရေးအတွက် ကျေးရွာတွေဆင်းခဲ့ရသေး။ ဘိုကလေး ဆရာအတတ်သင်ကျောင်းရဲ့ ကျောင်းသီချင်းဆိုရင် စာရေးသူ အခုအချိန်အထိ မှတ်မိနေတုန်းပါပဲ။

သီချင်းစာသားတွေ မှတ်မိသလောက်ပြောပြရရင် "တို့ကျောင်း ဂုဏ်ရည်၊ လမင်း ပဝင်း မြအဆင်းသို့ညီ၊ တင့်တယ်ပါပေသည်၊ ကျောင်းဂုဏ်သတင်း သင်းပျံ့သည်၊ ကျောင်းသား ကျောင်းသူအပေါင်းတို့ ဝိုင်းဝန်းလို့သာကူညီ၊ ရှေးစိတ်တွေ အကုန်ပျောက် စိတ်သစ်ရောက်စေမည်၊ တို့မိသားစု စိတ်ဓာတ် မွေးရမည်၊ မောင်မယ်တွေသည် အရာရာကြံစည်၊ တို့အဆောင်သာယာရေး ကူညီပေးကာ မနွေးဘဲ ရွက်ဆောင်မည်။

(သံပြိုင်)ပညာရေးနှင့် ကျန်းမာရေးသည်၊ ထူထောင်ရေးတွင် အရင်းခံ ဖြစ်သည်၊ စနစ်သစ်တွင် တို့များကြံစည်၊ မြန်မာပြည် မျိုးဂုဏ်မြောက်အောင် ရွက်ဆောင်မည်၊ မောင်မယ်စည်းရုံးကာတည်၊ တို့ခေတ်ကိုလည်း မနွေးတကယ် ပြောင်းလဲကြရမည် . . ." ဆိုတာပါပဲ။ ဒီသီချင်းထဲကအတိုင်း ကိုယ်စီကိုယ်ငလုပ်ဆောင်ကြမယ်ဆိုရင် ပညာရေးဝန်းကျင်ကောင်းတစ်ရပ် ပေါ်ထွန်းလာမှာ မလွဲဧကန်ပါပဲ။

အများပြောသလို "တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား၊ အားရှိပါ၏" ဆိုသလိုပဲ ပညာရေးဝန်ထမ်းဘဝမှာ ပေးဆပ်မှုတွေနဲ့ပဲ ကျော်ဖြတ်ခဲ့ရတာ တွေ့ရပါတယ်။ တကယ်လည်းပဲ ကျေနပ်မှုဆိုတဲ့ ပီတိတွေက အားဖြစ်စေခဲ့တာကိုး။

ကျောင်းဆရာဘဝဟာ ဆင်းရဲပေမယ့် ဒါကိုသိလျက်နဲ့ လုပ်နိုင်လောက်အောင်ရရှိခဲ့တဲ့ ပီတိတွေက အများကြီးပါပဲ။ စာရေးသူရဲ့အဖေဟာ မိသားစုဘဝ ဆုံးရှုံးခဲ့ပေမယ့်လည်း တာဝန်ကျရာ နေရာတစ်လျှောက်မှာ စိတ်ရော၊ ကိုယ်ပါနှစ်မြှုပ်ပြီး အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့တဲ့အတွက် လောကကြီးကို ကျေနပ်နေမယ့်သူတစ်ယောက်ပါပဲ။ "လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ" ဆိုတဲ့အတိုင်း အဖေဟာ သား သမီးတွေအတွက် ဘဝဆရာဖြစ်သလို လောကဆရာအဖြစ်နဲ့လည်း တပည့်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ အခုတော့ စာရေးသူတို့ကို ခွဲခွာပြီး တမလွန်ဘဝကို ရောက်ရှိတာ လေးနှစ်ပင်ကျော်ခဲ့ပေမယ့်လည်း ဘယ်တော့မှ မမေ့နိုင်ပါ။ အခုလို ကမ္ဘာ့ဆရာများနေ့ ရောက်ခါနီးဆိုတော့ ပိုပြီးသတိရမိပါတယ်။ စာရေးသူတို့ မောင်နှမတွေဟာလည်း ပညာရေးဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘဝဆရာဖြစ်တဲ့ အဖေလမ်းပြခဲ့တဲ့အတိုင်း ကျရာတာဝန်တွေကို အားအင်အပြည့်နဲ့ ဦးလည်မသုန် ထမ်းရွက်သွားပါ့မယ်လို့ ဆရာ သို့မဟုတ် အဖေသို့ ကတိပေးပါတယ်။

တကယ်တော့ **ပညာ နရာန် ရတန်** ဆိုတဲ့အတိုင်း လူ့ဘဝရတနာဟာ ပညာပဲဖြစ်ပါတယ်။ ဒီလိုပညာတွေကို ရှာမှီးဖို့အတွက် ဆရာလိုအပ်ပါတယ်။ ဆရာဆိုတဲ့နေရာမှာ နယ်ပယ်အသီးသီးမှာ အမျိုးအစားများစွာရှိပါတယ်။ အခြေခံပညာသင်တာပဲဖြစ်ဖြစ်၊ အဆင့်မြင့်ပညာကို သင်တာပဲ ဖြစ်ဖြစ်၊ ဘယ်လိုပညာရပ်မျိုးကို သင်တာပဲ ဖြစ်ဖြစ် အနှစ်ချုပ်လိုက်ရင် ဆရာဆိုတဲ့ တူညီတဲ့ စကားလုံးတစ်လုံးပဲရှိပါတယ်။ ဆရာဆိုတာ တပည့်အပေါ်မှာ ကြီးမားတဲ့မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာ စတာတွေနဲ့ လိမ္မာရေးခြားရှိပြီး လူတော်လူကောင်းဖြစ်အောင်၊ နိုင်ငံ့သားကောင်းဖြစ်အောင်၊ ဘက်စုံတော်တဲ့သူဖြစ်အောင် လေ့ကျင့်၊ ပြုစု၊ ပျိုးထောင်ပေးရပါတယ်။ "သား၊ သမီး မကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း"ဆိုတဲ့ မြန်မာ့ဆိုရိုးစကားဟာ ဆရာတွေဆီမှာ မွန်မြတ်၊ လေးနက်၊ ကြီးလေးတဲ့တာဝန်တွေ ဘယ်လောက်ရှိတယ်ဆိုတာ ဖော်ညွှန်းပြသနေပါတယ်။ ဒါတင်မကဘဲ ဆရာရဲ့ မြင့်မြတ်လေးနက်မှုဂုဏ်ကို ဖွင့်ဆိုထားတဲ့ အဆိုအမိန့်တွေလည်း အများအပြားရှိပါတယ်။

ဖြူစင်သန့်ရှင်းလှတဲ့ မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုတဲ့ အချက်တွေဟာ တပည့်အပေါင်းက ထာဝရရိုသေ၊ လေးစား၊ အားထားရတဲ့ ကောင်းမြတ်တဲ့ ဂုဏ်အင်္ဂါ လက္ခဏာကောင်းတွေပဲ ဖြစ်ပါတယ်။ ဆရာတိုင်း ဆရာတိုင်း ဒီလိုကောင်းမြတ်တဲ့ ဂုဏ်အင်္ဂါ လက္ခဏာတွေနဲ့ ပြည့်စုံနေသမျှကာလပတ်လုံး မြတ်ဆရာတွေ ဖြစ်နေကြမှာသာ ဖြစ်ပါတယ်။ ။

ကမ္ဘာ့ဆရာများနေ့

WORLD TEACHERS' DAY

အောက်တိုဘာလ ၅ ရက်



"လူ့အဖွဲ့အစည်းစဉ်ဆက်မပြတ်တိုးတက်ရေး ဆရာစွမ်းရည်မြှင့်တင်ပေး"

Empowering Teachers, Building Sustainable Societies

**အဆင့်မြင့်ပညာကို သင်တာပဲဖြစ်ဖြစ်၊ ဘယ်လို ပညာရပ်မျိုးကို သင်တာပဲဖြစ်ဖြစ် အနှစ်ချုပ်လိုက်ရင် ဆရာဆိုတဲ့ တူညီတဲ့ စကားလုံးတစ်လုံးပဲရှိပါတယ်။ ဆရာဆိုတာ တပည့်အပေါ်မှာ ကြီးမားတဲ့မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာစတာတွေနဲ့ လိမ္မာရေးခြားရှိပြီး လူတော် လူကောင်းဖြစ်အောင်၊ နိုင်ငံ့သားကောင်းဖြစ်အောင်၊ ဘက်စုံတော်တဲ့သူဖြစ်အောင် လေ့ကျင့်၊ ပြုစု၊ ပျိုးထောင်ပေးရပါတယ်။**

# ဝေရောစနကျောက်စိမ်းစေတီတော်ကြီး ကမ္ဘာ့ဂရင်းနစ်စံချိန်မှတ်တမ်းဝင်ရန် ရည်ရွယ်ထား

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ-မြင်းမှူးကျေးရွာအနီး တည်ထားသော ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးအား ကမ္ဘာ့ဂရင်းနစ်စံချိန်မှတ်တမ်းဝင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

အဆိုပါကျောက်စိမ်းစေတီတော်ကြီးကို နိုင်ငံတကာ ကျောက်စိမ်းဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သည့် အေ၊ ဘီ၊ စီ၊ ဒီ အဆင့်ရှိ ကျောက်စိမ်းတန်ချိန် စုစုပေါင်း တစ်ထောင်ကျော်ဖြင့်တည်ထားခဲ့ပြီး ထီးတော်မပါ ဉာဏ်တော်အမြင့် ၇၅ ပေ ခြောက်လက်မနှင့် လုံးပတ်တော် ၁၇၆ ပေရှိသည်။

စေတီတော်တွင် နှစ်လက်မပတ်လည် ကျောက်စိမ်းဆင်းတုတော်ပေါင်း သုံးသောင်း၊ မြတ်ဗုဒ္ဓ၏ ဖွားမြင်တော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်း၊ ပါရမီတော် ၁၀ ပါး ကျောက်စိမ်းစာလုံးများ၊ အောင်ခြင်း ရှစ်ပါးအောင်တော်မူခန်း၊ ဇာတ်ကြီး ၁၀ ဘွဲ့ ကျောက်စိမ်းပန်းချီကားများ၊ ဗုဒ္ဓရုပ်ပွားတော်များနှင့် မဟာဗောဓိညောင်ပင်ပုံသဏ္ဌာန်များကို မြန်မာမှုအနုပညာလက်ရာများဖြင့် ဖန်တီးထုဆစ်ပူဇော်ထားသည်။

အဆိုပါကျောက်စိမ်းစေတီတော်မြတ်ကြီးကို ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် တည်ထားရန် စတင်ဆောင်ရွက်ခဲ့ပြီး စေတီတော်တည်ထားမှုတွင် ကျောက်စိမ်းအရိုင်းတုံးနှင့် အုတ်တစ်ချပ်မျှ ပါဝင်ခြင်းမရှိဘဲ ဈေးကွက်ဝင် အေ၊ ဘီ၊ စီ၊ ဒီ အဆင့်ရှိ ကျောက်စိမ်းများဖြင့်သာ တည်ဆောက်ခဲ့သည်။ အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းတန်တစ်ထောင်ကျော်ကို အလှူရှင် ဦးစိုးနိုင်က ၂၅ နှစ်စုဆောင်းပြီးမှသာ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

"ကျောက်စိမ်းစေတီတော်မြတ်ကြီးကို ကမ္ဘာ့ဂရင်းနစ်စံချိန်မှတ်တမ်းဝင်ဖို့အထိ ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ကမ္ဘာပေါ်မှာ အရည်အသွေး အကောင်းဆုံး ကျောက်စိမ်းတွေထွက်ရှိတဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်။ တစ်ချိန်ကျရင် မြန်မာနိုင်ငံက ကမ္ဘာပေါ်မှာ အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းတွေထွက်ရှိခဲ့တဲ့ နေရာဖြစ်တယ်ဆိုတာကို ယခုစေတီတော်မြတ်ကြီးက အခိုင်အမာ ရည်ညွှန်းပြသပေးနိုင်မှာ ဖြစ်ပါတယ်။ အခုလို ကျောက်စိမ်းစေတီတော်မျိုး ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံကလွဲပြီး ဘယ်နိုင်ငံမှာမှ ထပ်မံတည်ထားဖို့ မဖြစ်နိုင်သေးပါဘူး။ အခုစေတီတော်မြတ်ကြီးကို ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်ကြီးလို့ ပြောလို့ရပါတယ်" ဟု အလှူရှင် ဦးစိုးနိုင်က ပြောသည်။

ကျောက်စိမ်းစေတီတော်အနီးတွင် ကျောက်စိမ်း ဓမ္မာရုံကို တည်ဆောက်ထားပြီး နိုင်ငံတကာအဆင့်မီ ကျောက်မျက်ဈေးနှင့် ထူးဆန်းထွေလာကျောက်စိမ်းကမ္ဘာ ပြတိုက်တို့ကို ဆက်လက်တည်ဆောက်လျက်ရှိသည်။

ကျောက်စိမ်းသည် လှပခြင်း၊ ကြာရှည်ခံခြင်း၊ ရှားပါးခြင်းစသည့် ဂုဏ်အင်္ဂါများကို ပိုင်ဆိုင်ထားပြီး ဘေးအန္တရာယ်ကင်းခြင်းနှင့် စီးပွားဥစ္စာတိုးပွားခြင်းတို့ ရှိနိုင်ကြသည်ဟု ယုံကြည်ထားကြသည်။

ယခုအခါ မြန်မာ့တွင်းထွက်ရတနာ အဖိုးတန်ကျောက်စိမ်းများဖြင့် တည်ထားသည့် ဝေရောစန ဘွဲ့တော်အမည်ရှိ ကျောက်စိမ်းစေတီတော်မြတ်ကြီးသို့ နေ့စဉ်ဘုရားဖူးများ အမြောက်အမြား လာရောက်လေ့လာဖူးမြော်ကြောင်း သိရသည်။

အဆိုပါ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ-မြင်းမှူးကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၆၁)၏ အနောက်ဘက်ပေ ၆၀၀ နှင့် စစ်ကိုင်း-မြစ်ငယ်ကားလမ်း မိုင်တိုင်အမှတ်(၄/၇)၏တောင်ဘက် ပေ ၁၀၀၀ ခန့်တွင် တည်ထားသည်။ **(ကျော်သူထက်)**



**ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးအား ကြည်ညိုဖွယ် ဖူးတွေ့ရစဉ်။** ဓာတ်ပုံ-Shwepyi Thit



# မယ်စကြာဝဠာပြိုင်ပွဲအတွက် နောက်ဆုံးအဆင့်ရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၃**

Miss Universe Myanmar ၏ ၂၀၁၅ နှင့် ၂၀၁၆ အတွက် မြန်မာနိုင်ငံတစ်ဝန်းမှ ရွေးချယ်ထားသည့် ဆန်ခါတင် အလှမယ် ၂၀ ထဲမှ နောက်ဆုံးအဆင့် ပြည်ပသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည့် အလှမယ်နှစ်ဦး ရွေးချယ်ပွဲကို ရန်ကုန်မြို့ Gandamar Wholesale ရှိ Gandamar Grand Ballroom ၌ ယနေ့ညနေ ၆ နာရီတွင် Miss Universe Myanmar Organization က ကြီးမှူးကျင်းပခဲ့ရာ ၂၀၁၅ အတွက် အလှမယ် မေဘရဏီသော်နှင့် ၂၀၁၆ ခုနှစ်အတွက် အလှမယ်ထက်ထက်ထွန်းတို့ ရရှိခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံတွင် တတိယအကြိမ်ကျင်းပမည့် ယနေ့နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည့် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွက် ရွေးချယ်ခဲ့သည့် ပြိုင်ပွဲတွင် ၂၀၁၅ ခုနှစ်အတွက် Winner ဆုကို မေဘရဏီသော်က လည်းကောင်း၊ ၂၀၁၆ ခုနှစ်အတွက် Winner ဆုကို ထက်ထက်ထွန်းက လည်းကောင်း၊ 1st Runner ဆုကို ဟန်လေးက လည်းကောင်း၊ 2nd Runner ဆုကို ချိုချိုထွန်းက လည်းကောင်း အသီးသီးရရှိခဲ့ပြီး အခြား Title ဆုများထပ်မံယှဉ်ပြိုင်ရွေးချယ်ခဲ့ရာ Miss Famous ဆုကို ချိုချိုထွန်းကလည်းကောင်း၊ Miss Congeniality ဆုကို ငွေနှင်းမှုံက လည်းကောင်း၊ Miss Photogenic by Nobdy Jean ဆုကို ထက်ထက်ထွန်းက လည်းကောင်း၊ Miss Health Skin ဆုကို ဟန်လေးက လည်းကောင်း၊ Miss Body Perfect ဆုကို ထက်ထက်ထွန်းက လည်းကောင်း၊ Miss Beautiful Hair by Palmolive ဆုကို ဟန်လေးက လည်းကောင်း၊ Miss Gorgeous ဆုကို ထက်ထက်ထွန်းကလည်းကောင်း အသီးသီး ဆွတ်ခူးခဲ့ကြသည်။

Miss Universe Myanmar Organization အနေဖြင့် Winner ဆုရရှိသည့်အလှမယ် နှစ်ဦးကို ဆုကြေးငွေအဖြစ် သိန်း ၁၀၀ စီ၊ 1st Runner ဆုရရှိသူကို ငွေကျပ်သိန်း ၅၀၊ 2nd Runner ဆုရရှိသူကို ငွေကျပ် ၂၅ သိန်းနှင့်အခြား Title ဆုများရရှိသည့် National Costume ဆုရရှိသည့်အလှမယ်ကို ငွေကျပ် ခုနစ်သိန်း၊ Miss Famous ဆုကို ငွေကျပ် ၁၀ သိန်း၊ Miss Congeniality ဆုကို ငွေကျပ် ငါးသိန်းနှင့် Gandamar Wholesale Gift Voucher ငါးသိန်းဖိုး၊ Miss Photogenic by Nobdy Jean ဆုကို ငွေကျပ် ၁၀ သိန်း၊ Miss Health Skin နှင့် Miss Body Perfect ဆုကို ငွေကျပ် ၁၀ သိန်းစီနှင့် BSC မှ Gift Vocher နှစ်သိန်းဖိုး တစ်စောင်စီ၊ Miss Beautiful Hair by Palmolive ဆုရရှိသူကို ငွေကျပ် ၁၀ သိန်းတို့ကို ထိုက်တန်စွာ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ခင်ဇာလီ

# ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီးဖွင့်ပွဲအပြီး စာပေဝါသနာရှင် ကြည့်ရှုလေ့လာသူများဖြင့် စည်ကား

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်မြို့ အလုံမြို့နယ် အပြည်ပြည်ဆိုင်ရာ သင်္ဘောဆိပ်ကမ်းသို့ အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ဆိုက်ရောက်လာသည့် ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီး MV Logos Hope ပေါ်ရှိ စာအုပ်အရောင်းခန်းမကို ယနေ့ နံနက် ၁၀ နာရီတွင် စတင်ဖွင့်လှစ်ပြီးနောက် စာအုပ်များကို သက်သာသောဈေးနှုန်းဖြင့် စတင်ရောင်းချပေးရာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူသူ စာပေဝါသနာရှင်များ၊ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီးတွင် သုတ၊ ရသ၊ နည်းပညာဆိုင်ရာ စာအုပ်များ၊ အတတ်ပညာ၊ ဆေးပညာ၊ အားကစားနှင့် ကလေးစာပေအပါအဝင် ဘာသာရပ်ဆိုင်ရာ စာအုပ်ပေါင်း ၅၀၀၀ ကျော်ပါရှိပြီး ယနေ့မှ အောက်တိုဘာ ၁၄ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအတွင်း စာပေဝါသနာရှင် ပြည်သူများ ကြည့်ရှုဝယ်ယူလေ့လာနိုင်ရန် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး တနင်္ဂနွေနေ့ တစ်ရက်တည်းသာ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီး ယခုကဲ့သို့ ဆိုက်ကပ်လာမှုအပေါ် ရန်ကုန်မြို့ခံ ပြည်သူများနှင့် စာပေဝါသနာရှင်များက အထူးစိတ်ဝင်စားလျက်ရှိပြီး အသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများကလည်း လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြမည်ဟု သိရသည်။

**သတင်း-သတင်းစဉ်(ရန်ကုန်)**
**ဓာတ်ပုံ-စိုင်းဟန်**



**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဆာလာနှင့် ဇက်ကိုတို့နှစ်ဦးအား အပြီးသတ်ခေါ်ယူရန် ရိုးမားကြိုးပမ်းမည်

စီးရီးအေကလပ်ရိုးမားအသင်းသည် ပရီမီယာလိဂ်မှ အငှားဖြင့်လာရောက်ကစားပေးနေသော ဆာလာနှင့် ဇက်ကိုတို့နှစ်ဦးအား အပြီးသတ်စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေးမှာ ယခုနှစ်ကလပ်အသင်း၏ အဓိက ဦးစားပေးဆောင်ရွက်သွားမည့် ကိစ္စရပ်ဟု ဆိုလိုက်သည်။ ရိုးမားအသင်း၏ ဘဏ္ဍာရေးရှင်းတမ်း၌ ၎င်းတို့အနေဖြင့် အများပြည်သူတို့အလွယ်တကူလေ့လာနိုင်သော ကုမ္ပဏီတစ်ခုထူထောင်ရန်လိုလားကြောင်း၊အငှားဖြင့်လာရောက်ကစားနေသည့် ယင်းကစားသမားနှစ်ဦးလုံးကို အမြဲတမ်းစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယခုနှစ်တွင် ဆာလာသည် ရိုးမားအသင်းနှင့်အတူ ပွဲစဉ်ရှစ်ပွဲဝင်ရောက်ကစားပေးထားပြီး ဇက်ကိုက ခုနစ်ပွဲကစားပေးထားသည်။ ဆာလာနှင့် ချယ်လ်ဆီးတို့ ချုပ်ဆိုထားသော စာချုပ်အရ ၎င်းအားခေါ်ယူလိုပါက ပေါင် ၁၆ သန်းပေးချေရမည်ဟု ပါရှိရာ ချယ်လ်ဆီးအနေဖြင့် လွန်ခဲ့သည့်၂လက ယင်းကစားသမားကို ဘေဆယ်လ်မှ ခေါ်ယူစဉ်ကထက်ပေါင်၅သန်းပိုမိုမြတ်စွန်းမည်ဖြစ်သည်။ ဆာလာသည်မော်ရင်ဟိုလက်အောက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသူဖြစ်ပြီး ပြီးခဲ့သည့်နွေကပင် ချယ်လ်ဆီး၏ပထမအသင်းတွင် ဝင်ရောက်လေ့ကျင့်ခွင့်မရရှိခဲ့သော ကစားသမားလည်းဖြစ်သည်။

သို့သော် ဇက်ကိုအား ပေါင်ရှစ်သန်း ပေးချေရုံဖြင့် မန်စီးတီးဘက်မှရောင်းချရန် အလားအလာရှိရာ ယင်းကဲ့သို့သော ထိပ်တန်းအရည်အသွေးရှိကစားသမားကို ထို



ငွေကြေးပမာဏလောက်ဖြင့်ရရှိသည်မှာ ရိုးမားအတွက် ကံကောင်းမှုတစ်ရပ်ပင်ဖြစ်သည်။ရိုးမားအသင်းဘက်မှ ကစားသမားနှစ်ဦးအပြီးသတ်စာချုပ်ချုပ်ဆိုချိန်တွင် ခန့်မှန်းပမာဏအတိုင်းပေးချေခွင့်ရရှိရန်မျှော်လင့်ထား၍မရနိုင်ဘဲ ခြေစွမ်းအပေါ်လိုက်၍ နှုန်းထားပြောင်းလဲနိုင်ကြောင်းလည်း အဆိုပါရှင်းတမ်းတွင် ထည့်သွင်းဖော်ပြထားသည်။

**မေလဲ့သင်း**

## အောက်တိုဘာ ၃ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၂ | - | ၀ | ဝက်စ်ဘရွန်း |
| နော့ဝှစ်ချ် | ၁ | - | ၂ | လက်စတာ |
| မန်စီးတီး | ၆ | - | ၁ | နယူးကာဆယ် |
| ဗီလာ | ၀ | - | ၁ | စတုတ် |
| ဘုန်းမောက် | ၁ | - | ၁ | ဝတ်ဖို့ဒ် |
| ဆန်းဒါးလန်း | ၂ | - | ၂ | ဝက်စ်ဟမ်း |

**စပိန်လာလီဂါ**

| | | | | |
|---|---|---|---|---|
| ဆယ်တာဗီဂို | ၀ | - | ၀ | ဂီတာဖေး |
| ဆီဗီလာ | ၂ | - | ၁ | ဘာစီလိုနာ |

## အောက်တိုဘာ ၄ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ်**

| | | | |
|---|---|---|---|
| အဲဗာတန် | - | လီဗာပူး | ည-၇း၃၀ |
| အာဆင်နယ် | - | မန်ယူ | ည-၉း၃၀ |
| ဆွမ်ဆီး | - | စပါး | ည-၉း၃၀ |

**စပိန်လာလီဂါ**

| | | | |
|---|---|---|---|
| အက်စ်ပန်ညို | - | ဂီဂွန် | နံနက်-၁း၀၀ |
| လက်စ်ပဲမက် | - | အီဘား | နံနက်-၂း၃၀ |
| မာလာဂါ | - | ဆိုစီဒက် | နံနက်-၂း၃၅ |
| ဗယ်လီကာနို | - | ဘက်တစ် | ညနေ-၄း၃၀ |
| ဘီဘာအို | - | ဗလင်စီယာ | ည-၈း၃၀ |
| လီဗန်တေး | - | ဗီလာရီးယဲလ် | ည-၁၀း၄၅ |

**စီးရီးအေ**

| | | | |
|---|---|---|---|
| ချီယေဗို | - | ဗီရိုနာ | နံနက်-၁း၁၅ |
| အမ်ပိုလီ | - | ဆာစူအိုလို | ညနေ-၅း၀၀ |
| ပါလာမို | - | ရိုးမား | ည-၇း၃၀ |
| ဆမ်ဒိုးရီးယား-အင်တာ | | | ည ၇း၃၀ |
| အူဒီးနီး | - | ဂျီနိုအာ | ည ၇း၃၀ |
| ဂျူဗင်တပ် | - | ဘိုလော့နာ | ည ၁၀း၃၀ |
| လာဇီယို | - | ဖရိုစီနိုနီ | ည ၁၀း၃၀ |
| ဖီအိုရင်တီးနား | - | အတ္တလန္တာ | နံနက်-၁း၁၅ |
| အေစီမီလန် | - | နာပိုလီ | နံနက်-၁း၁၅ |

**မောင်မောင်ဇော်**

# မန်ယူကိုအနိုင်ယူကာ ပရီမီယာလိဂ်ဖလားကို စိန်ခေါ်နိုင်စွမ်းရှိကြောင်းပြသနိုင်ရန် အာဆင်နယ်မျှော်မှန်း

အာဆင်နယ်အနေဖြင့် နောက်ဆုံးကစားခဲ့သည့်ချန်ပီယံလိဂ်ပွဲစဉ်တွင် အိုလံပီယာကော့စ် အသင်းအား အိမ်ကွင်း၌ပင်အရေးနိမ့်ခဲ့ရသော်လည်း လာမည့်အောက်တိုဘာ ၄ ရက်တွင် ယှဉ်ပြိုင်မည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအားအနိုင်ကစားကာ ပရီမီယာလိဂ်ဖလားအား စိန်ခေါ်နိုင်စွမ်းရှိသည်ကိုပြသသွားရန်လိုလားကြောင်း အာဆင်နယ်နည်းပြဝင်းဂါးက ဆိုခဲ့သည်။ မန်ယူသည် လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၇)ယှဉ်ပြိုင်အပြီးတွင်အမှတ်ပေးဇယားထိပ်၌ရပ်တည်နေပြီး မန်ယူနှင့်အာဆင်နယ်တို့ကြားအမှတ်ကွာဟချက်မှာ သုံးမှတ်သာရှိရာ ဝင်းဂါးက ယင်းသို့ဆိုခဲ့ခြင်းဖြစ်သည်။

ဝင်းဂါးက“ကျွန်တော်တို့အသင်း ပြီးခဲ့တဲ့သီတင်းပတ်ကပဲ လက်စတာကို ငါးဂိုး-နှစ်ဂိုးနဲ့နိုင်ခဲ့သေးတယ်။ အခုမန်ယူအိမ်ကွင်းမှာသွားကစားရမှာဖြစ်ပြီး မန်ယူနဲ့ အာဆင်နယ်ကြား သုံးမှတ်ကွာဟတာနဲ့ပဲ အာဆင်နယ်က ပရီမီယာလိဂ်ဖလားမရနိုင်တော့ဘူးလား။ ချန်ပီယံလိဂ်မှာ ရလဒ်ဆိုးရွားနေတဲ့အပေါ် ပြန်လည်သုံးသပ်ပြီး အသေအချာပြင်ဆင်သွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့အသင်းအနေနဲ့မန်ယူကိုအနိုင်ကစားပြီး ချန်ပီယံလိဂ်မှာ ရလဒ်မကောင်းတာကို ချေဖျက်ပြဖို့ ကျွန်တော်လိုလားပါတယ်”ဟုဆိုခဲ့သည်။

ဝဲလ်ကော့ကလည်း အာဆင်နယ်တွင် အိုဇေးလ်ကဲ့သို့ မော်ခြေစွမ်းပိုင်ရှင်မျိုးရှိသည့်အတွက် မည်သည့်အသင်းကိုမဆိုအနိုင်ယူနိုင်စွမ်းရှိကြောင်းလည်း မန်ယူအသင်းအား သတိပေးစကားပါးခဲ့သည်။ ဝင်းဂါးသည် လာမည့် ၂၀၁၆နှစ်ဆန်းပိုင်းတွင် အာဆင်နယ်အနေဖြင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့တက်ရောက်နိုင်မည်ဟု ယုံကြည်ထားကြောင်းလည်း တစ်ဆက်တည်းပင် ပြောကြားခဲ့သည်။

**မေလဲ့သင်း**

# ဆရီနာဝီလျံအတွက် အနိုင်ရလဒ်ကိုလက်ဆောင်ပေးချင်ခဲ့သူ



အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံက ဝူဟန်အိုးပင်းအကြိုဗိုလ်လုပွဲမှာ အီတလီတင်းနစ်မယ် ဗင်စီကို အနိုင်ယူပြီး ဗိုလ်လုပွဲကိုတက်ရောက်နိုင်ခဲ့တဲ့အပေါ် ဗင်စီအနေနဲ့ ဗီးနပ်စ်ရဲ့ ကလဲ့စားချေမှုကိုလှလှပပကြီးခံလိုက်ရတာလို့ တရုတ်မီဒီယာတွေက ရေးသားဖော်ပြကြပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဗင်စီက ရာသီသိမ်းဂရင်းစလင်းဖြစ်တဲ့ ယူအက်စ်အိုးပင်း အကြိုဗိုလ်လုပွဲမှာ ဗီးနပ်စ်ရဲ့ ညီမဖြစ်သူဆရီနာရဲ့တစ်နှစ်အတွင်းဂရင်းစလင်းဖလားလေးလုံးစလုံး ဆွတ်ခူးနိုင်မယ့် အိပ်မက်ကို ဖြိုချနိုင်ခဲ့တဲ့သူဖြစ်တဲ့အတွက်ကြောင့်ပါ။

ယခုဝူဟန်အိုးပင်းမှာတော့ ဗီးနပ်စ်က ဗင်စီကို ၅-၇၊ ၆-၂၊ ၇-၆ (၇-၄)နဲ့ အနိုင်ယူခဲ့ပြီးနောက်မှာ “ဖြစ်နိုင်ရင် ဒီနိုင်ပွဲကို ယူအက်စ်အိုးပင်းမှာ ဆရီနာအတွက် ကျွန်မလက်ဆောင်ပေးချင်ပါတယ်။ ဒါပေမယ့် ဒါဟာတင်းနစ်ပြိုင်ပွဲတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စရပ်ပဲမို့ ကျွန်မဘာမှမတတ်နိုင်ပါဘူး” လို့ ပွဲအပြီးမှာ ဗီးနပ်စ်က ဆိုခဲ့ပါတယ်။

ယခုပွဲအနိုင်ကြောင့် ဗီးနပ်စ်ဟာ လာမယ့် ဗိုလ်လုပွဲမှာ စပိန်တင်းနစ်မယ်မာဂူရူဇာနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပြီး ခက်ခဲမယ့် ကြံ့ခိုင်မှုအသားပေးတဲ့ ပွဲစဉ်တစ်ရပ်ဖြစ်လာလိမ့်မယ်လို့ မာဂူရူဇာက ပွဲကြိုသုံးသပ်ပြောကြားပေးခဲ့ပါတယ်။ မာဂူရူဇာဟာ အကြိုဗိုလ်လုပွဲ ဒုတိယပွဲငယ်ကစားနေချိန်မှာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပေမယ့်လည်း ပြိုင်ပွဲကိုဆက် ကစားပြီး ဗိုလ်လုပွဲဆီကိုအရောက်ချီလာခဲ့သူဖြစ်ပါတယ်။

**မေလဲ့သင်း**

# မန်ယူသည် မာရှယ်လ်အတွက်အမြင့်မားဆုံးပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းခဲ့သည့်အသင်းမဟုတ်

မာရှယ်လ်မှာ မန်ယူတွင်မြင့်မားသည့်ပြောင်းရွှေ့ကြေးနှင့် ထိုက်တန်သော ခြေစွမ်းရှိကြောင်း ပြသနိုင်ခဲ့ရာ မိုနာကိုအသင်းဒုတိယဥက္ကဋ္ဌမာဒီဗက်စလမ်းက မန်ယူသည် မာရှယ်လ်အတွက်အမြင့်မားဆုံးပြောင်းရွှေ့ကြေးပေး၍ကမ်းလှမ်းခဲ့သည့်အသင်းမဟုတ်ဘဲ အခြားကလပ်အသင်းတစ်ခုက ပိုမိုမြင့်မားသော ကြေးဖြင့်ကမ်းလှမ်းမှုပြု ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ အသက်(၁၉)နှစ်အရွယ်ရှိမာရှယ်လ်မှာ မိုနာကိုမှ မန်ယူသို့အပြောင်းအရွှေ့ဈေးကွက်နောက်ဆုံးနေ့ရက်တွင် ပြောင်းရွှေ့ကြေးပေါင်၃၆သန်းဖြင့်ပြောင်းရွှေ့ခဲ့ပြီး ဆုကြေးအပါအဝင်အခြားသော စရိတ်စခများကြောင့် စုစုပေါင်း ပေါင်၅၈သန်းအထိကုန်ကျခဲ့ရာ ယင်းပြောင်းရွှေ့မှုအပေါ် ဝေဖန်မှုများကျယ်လောင်စွာပေါ်ထွက်လာခဲ့သည်။

သို့သော် ကစားသမားကိုယ်တိုင်က မန်ယူမှာ သူ၏အိပ်မက်အသင်းဖြစ်၍ ကမ်းလှမ်းလာသည်ကို သိသည်နှင့်တစ်ပြိုင်နက် မိုနာကိုမှထွက်ခွာခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ အခြားကလပ်အသင်းက ၎င်းအတွက်ပိုမိုမြင့်မားသောလုပ်ခလစာ ပြောင်းရွှေ့ကြေးတို့ဖြင့် ကမ်းလှမ်းလာသည်ကို သိသော်လည်း ငြင်းပယ်ခဲ့ကြောင်း၊ သို့သော် မည်သည့်ပမာဏဖြင့်ကမ်းလှမ်းလာသည်ကိုမူ ထုတ်ဖော်ပြောကြားမည်မဟုတ်ကြောင်း ဗက်စလမ်း၏အဆိုအရ သိရသည်။

မာရှယ်လ်သည် မန်ယူအတွက် ပွဲစဉ်ခြောက်ပွဲဝင်ရောက်ကစားပြီးချိန်တွင် သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့ရာ ဝေဖန်မှုများအားလုံးကို နှုတ်ဆိတ်သွားအောင်ပြုနိုင်စွမ်းရှိသူဟု ပြင်သစ်နည်းပြဒီဒီယာဒက်ချမ့်စ်ကိုယ်တိုင်က ချီးကျူးထားရသူဖြစ်သည်။

**မေလဲ့သင်း**

# ဘေးလ်နဲ့ ရာမို့စ် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာမည်

ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသည့် ကစားသမားနှစ်ဦးဖြစ်သည့် တိုက်စစ်မှူး ဂါရတ်ဘေးလ်နှင့် နောက်တန်းကစားသမား ရာမို့စ်တို့သည် ဒဏ်ရာပြဿနာများမှ အသီးသီးပြန်လည်ကောင်းမွန်လာပြီဖြစ်သောကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် မက်ဒရစ်ဒါဘီပွဲစဉ်တွင် အသင်းနှင့် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်နှင့် နောက်ခံလူ ရာမို့စ်တို့သည် စက်တင်ဘာလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ကြခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ခြေသလုံးဒဏ်ရာပြဿနာကြုံခဲ့ပြီး နောက်ခံလူရာမို့စ်မှာမူ ပခုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဘင်နီတက်ဇ်က ဘေးလ်နှင့် ရာမို့စ်တို့နှစ်ဦးစလုံးသည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်၍ အောက်တိုဘာ ၅ ရက်တွင် အက်သလက်တီကိုမက်ဒရစ်အသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည့် မက်ဒရစ်ဒါဘီပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်း ယနေ့ ထုတ်ဖော်ပြောကြားလိုက်သည်။

“ဂါရတ်ဘေးလ်နဲ့ ရာမို့စ်တို့ နှစ်ဦးစလုံး အကောင်းဆုံးပြန်လည်ကစားနိုင်နေပါပြီ။ နှစ်ဦးလုံး စွမ်းဆောင်ရည်ကောင်းတွေ ပိုင်ဆိုင်ထားကြသလို အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ပွဲစဉ်မှာ ပွဲထွက်ကစားနိုင်ဖို့လည်း စိတ်ဆန္ဒတွေ ပြင်းပြနေကြပါတယ်”ဟု ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဘင်နီတက်ဇ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိတွင် အမှတ်ပေးဇယား၏ အဆင့်(၅)နေရာမှ အက်သလက်တီကို မက်ဒရစ်အသင်းကို နှစ်မှတ်ဖြတ်ကာ အဆင့်(၄)တွင် ရပ်တည်လျက်ရှိပြီး ဇယားထိပ်မှ ဗီလာရီးယဲလ်အသင်းနှင့် ဆယ်လ်တာဗီဂိုအသင်းတို့ကို ကျော်ဖြတ်ကာ ဇယားထိပ်ကို ဦးဆောင်နိုင်ရေးအတွက် နှစ်သင်းစလုံးအမှတ်လိုနေခြင်းကြောင့် မက်ဒရစ်ဒါဘီပွဲစဉ်သည် အကြိတ်အနယ်ရှိမည့်ပွဲစဉ်လည်း ဖြစ်သည်။

**ငွေကြယ်**

# အထက်ပုဇွန်တောင်လမ်းမကြီးပေါ်တွင် ကားသုံးစီးဆင့်ကဲတိုက်





**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်(၉)လမ်းအနီး အထက်ပုဇွန်တောင်လမ်းမကြီး ပေါ်တွင် ယနေ့နံနက် ၈ နာရီခွဲက ယာဉ်သုံးစီးဆင့်ကဲ တိုက်မှုဖြစ်ပွားခဲ့သည်။

အထက်ပုဇွန်တောင်လမ်းမကြီးပေါ် တောင်ဘက်မှ မြောက်ဘက်သို့ မောင်းနှင်လာသော အငှားယာဉ် BB/------သည် မြောက်မှတောင်သို့မောင်းနှင်လာသော ရေသန့်ဘူးများ တင်ဆောင်လာသည့် အဖြူရောင်တောင်းအေ့စ်လိုက်ထရပ်ယာဉ် 8K/----နှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ရေသန့်ကားမှာ တိမ်းမှောက်သွားခဲ့ပြီး မြောက်မှတောင်သို့ မောင်းနှင်လာသော ဒန်ပေါက်ထမင်းအိုးများတင်ဆောင်လာသည့် အဖြူရောင်တိုယိုအေ့စ်လိုက်ထရပ်ယာဉ် 9F/----ကို အငှားယာဉ်က ထပ်မံတိုက်ကာ ကားသုံးစီးစလုံး ပျက်စီးသွားခဲ့သည်။ ရေသန့်ကား ပေါ်မှ (၁၉)နှစ်အရွယ်လူငယ်တစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရသွားခဲ့ရာ ရန်ကုန်ပြည်သူဆေးရုံကြီးသို့ တင်ပို့ကုသခဲ့သည်။

စက်ဆန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်က "ဒီလမ်းက ခြောက်လမ်းသွားဆိုတော့ကျယ်တယ်။ အဲဒီတော့ အရှိန်မထိန်းနိုင်ဘဲ တိုက်ကြ၊ မှောက်ကြတော့တာပေါ့။ ပြောရမယ်ဆိုရင် ဒီလမ်းမှာသုံးရက်တစ်ကြိမ်လောက် ကားတိုက်စံနှုန်းရှိတယ်လို့ ပြောရမယ် အခုလည်း လမ်းပေါ်ပုံထားတဲ့ မြေကြီးခဲတွေတိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ ဖြစ်သွားတာ"ဟု ဆိုသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၁၈)မှ ရဲအုပ်ထန်းနိုန်ဦးစီးအဖွဲ့သည် စက်တင်ဘာ ၃၀ ရက်က တောင်သမန်အင်း ကန်ပတ်လမ်း မြောက်ဘက် ပလစ(၂) စစ်တပ်ရှေ့တွင် စောင့်ဆိုင်းနေစဉ် မခင်မာဝင်းက LUOJIA စိမ်းပုပ်ရောင်ဆိုင်ကယ်အား စီးနင်းပြီး ဦးတိုးတက်အောင်က Click အနီနက်ကျားဆိုင်ကယ်အား စီးနင်း၍ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာသည်ကို စစ်ဆေးရှာဖွေရာ မခင်မာဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ တစ်ထုပ်၊ ဆေးပြား ၇၀ ပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀ (အလေးချိန် ၂၇ ဂရမ်ခန့်)နှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင် ဆက်သွယ်အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံး၊ တိုးတက်အောင်ထံမှ မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင် ဆက်သွယ်အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး မခင်မာဝင်းနှင့် တိုးတက်အောင်တို့၏ ပြောဆိုချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား ချမ်းမြသာစည်မြို့နယ် စီပါရပ်ကွက်နေ မစိုးဝင်းကြည်(ခ)ရခိုင်မနှင့် ၎င်းနေအိမ်တွင် ရောက်ရှိနေသူ စိုးဝေအောင်(ခ) ကချင်ကြီးတို့နှစ်ဦးထံမှ စိတ်ကြွဆေးပြားတစ်ထုပ်လျှင် ငွေကျပ် ၃၅၀၀၀၀ ဖြင့်ဝယ်ယူပြီး ငွေကျပ် ၅၀၀၀၀၀ ဖြင့် ပြန်လည်ရောင်းချရန်နှင့် ရောင်းချပြီးပါက အကျိုးအမြတ်အား ခင်မာဝင်းနှင့် တိုးတက်အောင်တို့မှ အတူခွဲဝေယူမည်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့နောက် စက်တင်ဘာ ၃၀ ရက် ညနေပိုင်းက မစိုးဝင်းကြည်နှင့် စိုးဝေအောင်တို့ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် မစိုးဝင်းကြည်(ခ) ရခိုင်မအား တွေ့ရှိပြီး စိုးဝေအောင်(ခ)ကချင်ကြီးမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွဆေးပြားများ သုံးစွဲရာတွင် အသုံးပြုသည်ဟု ယူဆရသော ဘူးနှစ်ဘူးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ခင်မာဝင်း(၃၉)နှစ် ကျွဲဆည်ကန် ပြည်ကြီးတံခွန်မြို့နယ်၊ တိုးတက်အောင် (၂၂)နှစ် မြစ်ငယ်မြို့နေသူနှင့် မူးယစ်ဆေးဝါးများ ရောင်းချပေးသူ မစိုးဝင်းကြည်(ခ)ရခိုင်မ(၄၂)နှစ် တောင်ရွာသစ် ချမ်းမြသာစည်မြို့နယ် နေသူနှင့် စိုးဝေအောင်(ခ)ကချင်ကြီး (တိမ်းရှောင်) မြို့သစ်ရွာ ကောင်းခါးလမ်းခွဲ ကွပ်ခိုင်မြို့နေသူတို့ လေးဦးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# တူမီးသေနတ်နှင့်သားကောင်အားပစ်ရာမှ အမျိုးသမီးတစ်ဦးအား ထိမှန်သေဆုံး

**ဆော အောက်တိုဘာ ၃**

ဆောမြို့နယ်တွင် အမျိုးသားတစ်ဦးက သားကောင်အား တူမီးသေနတ်ဖြင့် ပစ်ခဲ့ရာမှ အမျိုးသမီးတစ်ဦးအား ထိမှန်သေဆုံးခဲ့မှု အောက်တိုဘာ ၁ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၅ နာရီက ဆောမြို့နယ် ငလယ်ခုံကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ ယာတောအတွင်းတွင် စံမင်း (၄၄)နှစ် ငလယ်ခုံကျေးရွာ ဆောမြို့နယ်နေသူသည် တူမီးသေနတ်ဖြင့် သားကောင်(ချေ)အား ပစ်ခတ်ခဲ့ရာ ကိုက် ၁၀၀ ခန့်အကွာရှိ ပဲစင်းငုံယာခင်းအတွင်း အလုပ်လုပ်နေသည့် တစ်ရွာတည်းနေ ဒေါ်ခင်မြင့်အေး (၃၅) နှစ်အား ထိမှန်ခဲ့သဖြင့် ဒေါ်ခင်မြင့်အေးမှာ ဒဏ်ရာများရရှိကာ သေဆုံးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စံမင်းအား ဆောမြို့နယ် လောင်းရှည်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဈေးရောင်းနေသူ၏ ရွှေဆွဲကြိုး လုယူထွက်ပြေးသူအား ဖမ်းဆီး

**ပုသိမ်ကြီး အောက်တိုဘာ ၃**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဝွေ့ကြီးကုန်းရွာနေ ဒေါ်ညို(၄၅)နှစ်သည် အောက်တိုဘာ ၁ ရက် နံနက် ၁၁ နာရီက နေအိမ်ရှေ့တွင် ဈေးရောင်းနေစဉ် ၂၁ယ/---- နယူးအန်ဘို-125ဆိုင်ကယ်ဖြင့် အမျိုးသားတစ်ဦးရောက်ရှိလာပြီး ၎င်း၏ရည်းစားအား ထိုင်စောင့်ပါရစေဟု ပြောကာ ခုံတန်းလျားတွင် ထိုင်စောင့်နေခဲ့သည်။ ထို့နောက် ၎င်းအမျိုးသားက ဒေါ်ညို၏လည်ပင်းတွင် ဆွဲထားသောရွှေဆွဲကြိုး(အလေးချိန်၅မူးသားခန့်)အား လုယူဆွဲဖြတ်စဉ် ဆွဲကြိုးမှာ ဒေါ်ညို၏ အင်္ကျီရင်ဘတ်အတွင်း ကျခဲ့ပြီး ၎င်းအမျိုးသားက ဆိုင်ကယ်ဦးထုပ်ဖြင့် ဒေါ်ညို၏ ဦးခေါင်းယာချိုစောင်းအား ရိုက်နှက်ထွက်ပြေးသွားသဖြင့် အော်ဟစ်အကူအညီ တောင်းရာ အနီးရှိသူများက ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။

လုယက်သူမှာ အောင်မိုးဦး(၂၃)နှစ် အောင်ပင်လယ်ရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူဖြစ်ပြီး ၎င်းအား အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မြောင်းမြမြို့ အားကစားကွင်း၌ အမျိုးသားတစ်ဦးဓာတ်လိုက်သေဆုံး

**မြောင်းမြ အောက်တိုဘာ ၃**

မြောင်းမြမြို့ မရမ်းကုန်းရပ်ကွက် ထောင်လမ်း(HAPPY) အားကစားကွင်းရှိ ရေသန့်စက်ကိရိယာများ ထည့်ထားသည့်အခန်း၌ အောက်တိုဘာ ၁ ရက် ညနေပိုင်းက အမျိုးသားတစ်ဦးဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မြောင်းမြမြို့ မရမ်းကုန်းရပ်ကွက် ထောင်လမ်း (HAPPY) အားကစားကွင်း ဝန်ထမ်းဖြစ်သူ မြောင်းမြမြို့ အမှတ်(၉)ရပ်ကွက် ရိပ်သာလမ်းနေ ကိုဝေယံဘိုဘို (၂၈)နှစ်သည် ယင်းအားကစားကွင်းအတွင်းရှိ ရေသန့်စက်သုံးကိရိယာများ ထည့်ထားသည့် အခန်းအတွင်း ရင်ဘတ်၊ ဝမ်းဗိုက်၊ ဝဲ၊ ယာ၊ တံတောင်ဆစ်တို့တွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး ၎င်းမှာ စက်ကိရိယာပြုပြင်နေစဉ် ကြမ်းပြင်တွင် ရေစိုနေသဖြင့် လျှပ်စစ်စီးပြီး ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်/ကျေးရွာများတွင် မီးလင်းရေး တစ်အိမ်သုံးဆိုလာစနစ်များ တပ်ဆင်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တပ်ဆင်ရမည့် အိမ်သုံးဆိုလာစနစ် စံချိန်စံညွှန်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Sr.No Parts Name | Qty | Technical Data | Warranty |
|---|---|---|---|
| 1. Solar Panel | 1 | 80w, Silicon Crystalline | 5 yrs |
| 2. Battery | 1 | 12V/65Ah, AGM Type (Deep Cycle) | 1.5yrs |
| 3. Controller | 1 | 12V/10A, PWM Type | 3 yrs |
| 4. LED Bulb | 1 | 12V/3W, 240 Lumens | 3yrs |
| 5. LED Tube Lamp | 1 | 12V/10W, 700Lumens | 3yrs |
| 6. Inverter | 1 | 12V/300W, Modified Sine Wave | 3yrs |
| 7. Solar Wire Cable | 1 | 2.5sq-mm/8m, Twin 2 Core, Copper Wire | 3yrs |
| 8. Load Wire Cable | 1 | 0.5sq-mm/8m, Twin 2Core, Copper Wire | 3yrs |
| 9. USB outlet | 1 | 1A | 3yrs |
| 10.PV stand | 1 | Roof (or) Ground Mounted | |

၃။ အထက်ဖော်ပြပါ အိမ်သုံးဆိုလာစနစ်များ၏ တစ်နေ့တာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ရပါမည်-

3W LED မီးသီး(၂)လုံးကို (၅)နာရီ အသုံးပြုနိုင်ရမည်။
10W LEDမီးချောင်း(၁)ချောင်းကို (၅)နာရီအသုံးပြုနိုင်ရမည်။
18W ဝန်းကျင်ရှိသော LED/ LCD TVကို (၂)နာရီအသုံးပြုနိုင်ရမည်။
လက်ကိုင်ဖုန်းအားသွင်းချိန် (၂)နာရီ(၃၀)မိနစ်ကြာ အားသွင်းနိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၉-၁၀-၂၀၁၅ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင် (သို့မဟုတ်)www.eyangon.gov. mm/newsတွင် ကြည့်ရှုစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ



# အရှိန်လွန်သည့်ကား ဓာတ်တိုင်ဝင်တိုက်

**ရန်ကုန် အောက်တိုဘာ ၃**

ဘုရင့်နောင်တံတားအမှတ်(၁)ထိပ်တွင် ဘီအမ်ကားတစ်စီးအရှိန်လွန်၍ လမ်းဘေးဓာတ်တိုင်အား ဝင်တိုက်ခဲ့မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီခန့်က လှိုင်သာယာဘက်မှ ဘုရင့်နောင် လမ်းဆုံဘက်သို့ ယာဉ်မောင်း ဦးသူရလင်း မောင်းနှင်လာသော ဘီအမ် J/-- ယာဉ်သည် လမ်းတစ်ဘက်ရှိ လျှပ်စစ်ဓာတ်တိုင်အား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့သဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ညီညီ(သမိုင်း)**



# အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု အပိုင်း( ၂ )

**၂၀၁၄ ခုနှစ်အတွက် အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု (AEEA Award) ရရှိခဲ့သော နိုင်ငံများနှင့် ဆောင်ရွက်ချက်များအား အများပြည်သူလေ့လာ သိရှိနိုင်စေရန် ဆက်လက်တင်ပြလိုက်ရပါသည်။**

## ဒေါက်တာလပြည့်ခင်

တွန်ဂါနိုင်ငံ အခွန်တော်နှင့် အကောက်ခွန်ရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ နိုင်ငံအတွင်း ဝင်ရောက်သည့် ရေခဲသေတ္တာသုံးပစ္စည်းများ တင်သွင်းခြင်းကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း တွန်ဂါအကောက်ခွန်ဦးစီးဌာနမှ ရေခဲသေတ္တာသုံးပစ္စည်းများဖြစ်သော Hydrochlorofluorocarbon-HCFC(R-22) ဆလင်ဒါအိုးအလုံး ၃၀ ဖမ်းဆီးရရှိခဲ့ခြင်းတို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ ဆုကိုလည်းကောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ကျင်းခရိုင် အကောက်ခွန်ဌာနသည် စွန့်ပစ်ပစ္စည်း တရားမဝင် သယ်ဆောင်မှုအား အရေးယူခြင်းလုပ်ငန်းကို ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၏ စွန့်ပစ်ပစ္စည်းများ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုတားဆီးရေးစီမံချက် Demeter စီမံချက်(၁-၃)နှင့် Green Fence စီမံချက်များဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ခုနှစ်အတွင်း စွန့်ပစ်ပစ္စည်း တရားမဝင် သယ်ဆောင်ခြင်းအမှု ၄၈ မှုအား စုံစမ်းဖော်ထုတ်နိုင်ခဲ့ခြင်း၊ စွန့်ပစ်ပစ္စည်း မှောင်ခိုသွင်းထုတ်သည့် အဖွဲ့ ၃၁ ဖွဲ့အား ဖျက်သိမ်းနိုင်ခဲ့ခြင်း၊ သံသယရှိသူဦးရေ ၁၅၀ ကျော်အား ဖမ်းဆီးခြင်းနှင့် စွန့်ပစ်ပစ္စည်းအမျိုးမျိုး တန်ပေါင်းနှစ်သိန်းကျော်ကို ဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆုကိုလည်းကောင်း။

အိန္ဒိယနိုင်ငံ အခွန်တော်ဆိုင်ရာစုံစမ်းစစ်ဆေးရေးညွှန်ကြားမှုဦးစီးဌာနသည် စန္ဒကူးအနီသစ်မျိုးများ အိန္ဒိယနိုင်ငံပြင်ပသို့ တရားမဝင်မှောင်ခိုခိုးထုတ်မှုများအား ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍စစ်ဆေးခဲ့ရာ ၂၀၁၂ ခုနှစ်အထိ စန္ဒကူးအနီ ၈၄၅ တန် ဖမ်းဆီးရပြီး အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဖြစ်သည့် ဆလင်ဒါအိုး ၄၅၇၉၀ အိုး၊ အလေးချိန် ၆၂၂၇၄၄ ကီလိုဂရမ်အား ဖမ်းဆီးနိုင်ခဲ့ခြင်းတို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆုကိုလည်းကောင်း။

ဖိလစ်ပိုင်နိုင်ငံ အကောက်ခွန်ဌာန လုံခြုံရေးနှင့် အရေးယူဆောင်ရွက်ရေးလုပ်ငန်း ပတ်ဝန်းကျင် ကာကွယ်ရေးအဖွဲ့သည်၂၀၁၄ခုနှစ်အတွင်း ဓာတုပစ္စည်းများ၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ ပါဝင်သော ကွန်တိန်နာအလုံး ၉၀ နှင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ ပါဝင်သည့် ကွန်တိန်နာ ၅၅ လုံးကို ဖမ်းဆီးနိုင်ခဲ့ခြင်း၊ ပြစ်မှုကျူးလွန်သူများအား အရေးယူရန် တရားရုံးတွင်အမှုဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆုကိုလည်းကောင်း။

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ အာရှနှင့် ပစိဖိတ်ဒေသ ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၏ ဒေသတွင်း စုံစမ်းစစ်ဆေးရေးဆိုင်ရာ ဆက်သွယ်ရေးရုံးမှ Sky Hole Patching စီမံချက်အရ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းနှင့် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ၂၀၀၆ ခုနှစ်မှ စတင်၍ နိုင်ငံများစွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဆိုပါစီမံချက်ဖြင့် စွန့်ပစ်ပစ္စည်းများကို သင်္ဘောဖြင့် သယ်ဆောင်မှုအကြိမ် ၃၄၀၊ တန် ၃၀၀၀၀နှင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို သင်္ဘောဖြင့် သယ်ဆောင်မှု အကြိမ် ၇၀၊ တန် ၁၀၀၀ တို့အား ဖမ်းဆီးနိုင်ခဲ့ခြင်း၊ ထို့နောက် တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီပိတ်ဆို့ ကာကွယ်နိုင်ရန်အတွက် Cobra ၁ နှင့် ၂ စီမံချက်ဖြင့် စီမံချက်ကာလအတွင်း ဆက်သွယ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ကိန်းဂဏန်းအချက်အလက်များအား စိစစ်ခြင်းတို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊စွန့်ပစ်ပစ္စည်းများအရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာအသင်းအဖွဲ့ဆုကို လည်းကောင်း၊

အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ တစ်ဦးချင်းဆုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ အကောက်ခွန်ဌာန လုံခြုံရေးနှင့် အရေးယူဆောင်ရွက်ရေး လုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့ကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော Chief pecial Police Major ဖြစ်သူ Mr. Nicomedes Petallo Enad က ရရှိခဲ့ပြီး ၎င်းအဖွဲ့သည် ယခုအခါတွင် ဓာတုပစ္စည်းများနှင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရာတွင် အကောက်ခွန်ဌာန၏ အရေးပါသည့်အဖွဲ့တစ်ခုဖြစ်ခြင်း၊ ၂၀၁၄ခုနှစ်တွင် ပတ်ဝန်းကျင်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်သည့် ဓာတုပစ္စည်းများ၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် တရားမဝင်စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာသော ကွန်တိန်နာ ၉၀ ပါဝင်သော သင်္ဘောအားဖမ်းဆီးနိုင်ခဲ့ခြင်းနှင့် တာရှည်ခံပလတ်စတစ် ပါဝင်သော ကွန်တိန်နာ ၅၅ လုံးအား ဖမ်းဆီးနိုင်ခဲ့ခြင်း တို့ကြောင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ အာရှနှင့် ပစိဖိတ်ဒေသ ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၏ ဒေသတွင်း စုံစမ်းစစ်ဆေးရေးဆိုင်ရာ ဆက်သွယ်ရေးရုံးမှ Intelligence Analyst ဖြစ်သူ Mr. Wang Liang သည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းစီမံချက်လုပ်ငန်းများ ဖြစ်သော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ သုံးစွဲပြီး ကားအစိတ်အပိုင်းနှင့် တာယာများ၊ ချည်ထည်များနှင့် လျှပ်စစ်သုံး စွန့်ပစ်ပစ္စည်းများပါဝင်သော တရားမဝင် စွန့်ပစ်ပစ္စည်း တန်ချိန် ၇၀၀၀ ကျော်အား ဖမ်းဆီးရမိခဲ့သည့် ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၏ စွန့်ပစ်ပစ္စည်းများ တရားမဝင် နယ်စပ်ဖြတ်ကျော်မှု တားဆီးရေးစီမံချက် (Demeter III) တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ တရားမဝင်တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားမှု တားဆီးရေးစီမံချက် Cobra II တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ Sky-Hole-Patching စီမံကိန်းအောက်ရှိ စွန့်ပစ်ပစ္စည်းများ မူရင်းနိုင်ငံသို့ ပြန်ပို့မှုစောင့်ကြည့်သည့်စနစ်၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ ဒေသတွင်း တရားမဝင် ရောင်းဝယ်ဖောက်ကားမှု ထိန်းချုပ်ခြင်းနှင့် စောင့်ကြည့်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သူဖြစ်ခြင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် ဓာတုပစ္စည်းများအတွက် အစိမ်းရောင် အကောက်ခွန်လုပ်ငန်း ဖွံ့ဖြိုးရေးနှင့် ဒေသတွင်းအရေးယူဆောင်ရွက်မှုကွန်ရက်ကဲ့သို့သော စီမံကိန်းများတွင် နည်းပညာဆိုင်ရာ အကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများဆိုင်ရာ တစ်ဦးချင်းဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ ငွေမည်းခဝါချမှုတိုက်ဖျက်ရေးရုံးမှ ၂၀၁၄ ခုနှစ် မေလတွင် ထိုင်းနိုင်ငံအတွင်း ထိုင်းမျိုးရင်း တမလန်းသစ်နှင့် အခြားတောရိုင်းတိရစ္ဆာန်များ တရားမဝင် မှောင်ခိုရောင်းဝယ်ဖောက်ကားမှုများကို စုံစမ်းစစ်ဆေးခဲ့ရာ ရလဒ်အနေဖြင့် အမေရိကန်ဒေါ်လာ ၃၉. ၄ သန်းနှင့် ညီမျှသောပစ္စည်းများကို ဖမ်းဆီးနိုင်ခဲ့ခြင်းနှင့် ၎င်းဖမ်းဆီးမှုသည် ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်များ ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ ပြစ်မှုများအား ထိန်းချုပ်ရာတွင် များစွာအထောက်အကူပြုခြင်းတို့ဖြင့် တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အဖွဲ့အစည်းဆုကိုရရှိခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့၏ ရေကြောင်းထိန်းသိမ်းရေးအဖွဲ့မှ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း အဆိုပါအဖွဲ့သည် ငါးလုပ်ငန်းဥပဒေ၊ သစ်တောဥပဒေနှင့် တောရိုင်းတိရစ္ဆာန်ဥပဒေတို့ကို ချိုးဖောက်မှုများ တိုက်ဖျက်သည့် စစ်ဆင်ရေးလုပ်ငန်း အကြိမ် ၁၅၀၀ ကို ဆောင်ရွက်ခဲ့ရာ ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရေနေသတ္တဝါမျိုးစိတ်များ ဖမ်းဆီးခြင်း အကြိမ် ၉၀၀၀ ခန့်နှင့် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာသုံးသိန်းထက်ပိုသော ဒဏ်ကြေးများ ရရှိခဲ့ခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များ အရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာအဖွဲ့အစည်း ဆုကိုရရှိခဲ့ပါသည်။

**အိန္ဒိယနိုင်ငံ အခွန်တော်ဆိုင်ရာစုံစမ်းစစ်ဆေး ရေးညွှန်ကြားမှု ဦးစီးဌာနသည် စန္ဒကူးအနီသစ်မျိုးများ အိန္ဒိယနိုင်ငံပြင်ပသို့ တရားမဝင်မှောင်ခိုခိုးထုတ်မှုများအား ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍စစ်ဆေးခဲ့ရာ ၂၀၁၂ ခုနှစ်အထိ စန္ဒကူးအနီ ၈၄၅ တန် ဖမ်းဆီးရပြီး အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ဖြစ်သည့် ဆလင်ဒါအိုး ၄၅၇၉၀ အိုး၊ အလေးချိန် ၆၂၂၇၄၄ ကီလိုဂရမ်အား ဖမ်းဆီးနိုင်ခဲ့ခြင်းတို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆုကို ရရှိခဲ့။**

ကမ္ဘောဒီးယားနိုင်ငံ တောရိုင်းတိရစ္ဆာန်များ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့သည် နိုင်ငံတွင်း ထင်ရှားသည့် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဦးဆောင်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့်အပြင် ဖနွမ်းပင်မြို့ စားသောက်ဆိုင်များရှိ တောရိုင်းတိရစ္ဆာန်အသားများ ပါဝင်သည့် အစားအသောက်စာရင်းများ ပယ်ဖျက်ရာတွင် ကူညီဆောင်ရွက်ခဲ့ခြင်း၊ အသက်ရှင်လျက်ရှိသော တောရိုင်းတိရစ္ဆာန်ကောင်ရေ ၆၀၀၀၀ အား ကယ်ဆယ်နိုင်ခဲ့ခြင်း၊ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်း တန် ၃၀ ခန့်အား ဖမ်းဆီးနိုင်ခဲ့ခြင်းနှင့် ပြစ်မှုကျူးလွန်သူ ၃၀၀၀ ခန့်အား ဒဏ်ငွေချမှတ်နိုင်ခဲ့ခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များ အရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာ အဖွဲ့အစည်းဆုကို ရရှိခဲ့ပါသည်။

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ ရေကြောင်းထိန်းသိမ်းရေးအဖွဲ့မှ ဖိလစ်ပိုင်ရေကြောင်း အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့မှ ရဲချုပ်ဖြစ်သူ Osmundo Dupagon Salibo က ဖိလစ်ပိုင်ရေကြောင်းအဖွဲ့၏ အထူးစစ်ဆင်ရေး စက်လှေအဖွဲ့အား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဦးဆောင်ခဲ့ပြီး ပတ်ဝန်းကျင်ဥပဒေ ချိုးဖောက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းများတွင် ကျော်ကြားခဲ့သူတစ်ဦးဖြစ်ခြင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အထူးစစ်ဆင်ရေးစက်လှေအဖွဲ့အနေဖြင့် ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော လိပ်ကောင်ရေ ၉၀၀ နှင့် ပင်လယ်လိပ်ဥ ၉၀၀၀ ကျော်တို့အား ဖမ်းဆီးရမိခဲ့ခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ တစ်ဦးချင်း ဆုကိုရရှိခဲ့သည်။

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ ရေကြောင်းထိန်းသိမ်းရေးအဖွဲ့၏ စစ်ဆင်ရေးဒုတိယညွှန်ကြားရေးမှူး Police Senior Supreintendent Johnathan Viernes V. Ablang က အဏ္ဏဝါသဘာဝနယ်မြေ တည်ထောင်ခြင်း၊ ဒေသခံငါးဖမ်းလုပ်သား ၆၇၉ ဦးနှင့် အခြားလူမှုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များအား အဏ္ဏဝါသဘာဝနယ်မြေတွင် လုံခြုံရေးဝန်ထမ်းအဖြစ် ခန့်ထားခြင်းနှင့် သင်တန်းပေးခြင်းလုပ်ငန်းများတွင် ဦးဆောင်ခဲ့သူဖြစ်ခြင်း၊ ၎င်းဦးဆောင်မှုအောက်တွင် တရားမဝင် ငါးဖမ်းခြင်းနှင့် အဏ္ဏဝါညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ဒေသခံပြည်သူ ပူးပေါင်းပါဝင်နိုင်မည့် စာတိုပို့စနစ် (SMS Hotline) တစ်ခုအား တည်ထောင်နိုင်ခဲ့ခြင်း၊ ယင်းစနစ်ဖြင့် ယနေ့အထိ တရားမဝင် ငါးဖမ်းခြင်းနှင့် အဏ္ဏဝါညစ်ညမ်းမှုနှင့် ပတ်သက်သည့် သံသယရှိသူ ၁၀၀၀ ကျော်ခန့်အား ဖမ်းဆီးအရေးယူနိုင်ခဲ့သည့် သတင်းအချက်အလက်များနှင့် ဖုန်းခေါ်ဆိုမှုအကြိမ် ၁၀၀ခန့် လက်ခံရရှိခဲ့ခြင်းနှင့် တရားရုံးတွင် အမှု ၁၀၀ ခန့်အား အမှုဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ တစ်ဦးချင်းဆုကို ရရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ် အကောက်ခွန်ဌာနခွဲ မန်နေဂျာ Mr. Do Thanh Quang သည် အမေရိကန်ဒေါ်လာ ၈၃၀၀၀၀ နှင့် တန်ဖိုးညီမျှသည့် ဆင်စွယ်များ အပါအဝင် တောရိုင်းတိရစ္ဆာန်များ တရားမဝင် နယ်စပ်ဖြတ်ကျော်သယ်ဆောင်မှုအား ဖမ်းဆီးရာတွင် ဦးဆောင်ခဲ့သူတစ်ဦးဖြစ်ခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာတစ်ဦးချင်းဆုကို ရရှိခဲ့သည်။

## မြစိမ်းရောင်ကျေးရွာစီမံခန့်ခွဲမှု သင်တန်းဖွင့်

**ပုသိမ် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက်က ပုသိမ်မြို့ ကိုးသိန်း အားကစားသင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၃၂ ရွာ၌ ဆောင်ရွက်မည့်စီမံကိန်း ယူနစ် ၂၄ ခုအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာများမှ စီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များအား စီမံကိန်း၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ငွေစာရင်းရေးသွင်းနည်း၊ ထိန်းသိမ်းနည်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(အေးအေးမြင့်)**

## နှလုံး၊ အသည်း၊ အရိုး၊ အကြောရောဂါများ အခမဲ့စမ်းသပ်ပေးမည်

**ရန်ကုန် အောက်တိုဘာ ၃**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Bang pak ဆေးရုံမှ နှလုံး၊ အသည်း၊ အရိုး၊ အကြော အထူးကုဆရာဝန်ကြီးများက အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြန်မာနိုင်ငံသို့လာရောက်၍ ရောဂါများကို အခမဲ့စမ်းသပ်ပေးမည်ဖြစ်သည်။

ထိုသို့စမ်းသပ်ရာတွင် နေရာ၊ အချိန် အခက်အခဲကြောင့် လူနာ ၁၅၀ သာလက်ခံမည်ဖြစ်ရာ ရောဂါစမ်းသပ်လိုသူများအနေဖြင့် သီရိရတနာကံဇေယျ စာသင်တိုက် မင်းနန္ဒာလမ်းမ ဒေါပုံမြို့နယ် ဖုန်း ၀၉-၂၅၀၇၄၄၇၄၇ နှင့် ၀၉-၃၁၂၇၁၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



## အင်းဝခေတ်မင်းကြီးစွာစော်ကဲကောင်းမှုတော် ပင်းယအောင်စည်ခုံ စေတီတော်

à တိမ်တမန်

အင်းဝဒေသ ပင်းယဒေသတွင် သမိုင်းဝင်စေတီပုထိုးများစွာကို ဖူးတွေ့နိုင်သည်။ အချိန်ယူကာ လေ့လာဖူးမြော်သမျှ နှစ်ရက်တာမျှမကအချိန်ယူ ဖူးမြော်မှသာ ရရှိနိုင်မည်ဖြစ်သည်။ အင်းဝ၊ ပင်းယဒေသရှိ စေတီများကို လေ့လာဖူးမြော်လိုသမျှ ကိုယ်ထူးကိုယ်ထ ကိုယ်ပိုင်ယဉ်များဖြင့်သာ သွားလာမှ အဆင်ပြေနိုင်မည်ဖြစ်သည်။လေ့လာစရာဖူးမြော်စရာ များပြားလွန်းသည့်အပြင် သမိုင်းနောက်ခံခိုင်ခိုင်မာမာနှင့် စိတ်ဝင်စားဖွယ်ရာများစွာ ရှိနေသော သမိုင်းဝင်နေရာပင်ဖြစ်သည်။ မန္တလေးရောက် နိုင်ငံတကာခရီးသွားဧည့်သည်များကမူ အင်းဝဒေသသို့ အရောက်သွားလေ့ရှိသည်။

အင်းဝပင်းယဒေသတွင် လေ့လာဖူးမြော်စရာ စေတီများတွင်ထင်ရှားသော လေ့လာစရာများမှာ အင်းဝမြို့ရိုး၊ နန်းတော်ရာနေရာ၊ အင်းဝရွှေစည်းခုံ၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ ထီးလှိုင်ရှင်စေတီ၊ လောကသရဖူးဘုရားကြီး၊ ညောင်ရမ်းခေတ်ဘုရားများဖြစ်သည့် ဝက်ဘာဘုရား၊ မြင့်မိုရ်တောင်ဘုရား၊ လောကဒုသမာန်အောင်စေတီတော်၊ ကြောင်လိမ်ဘုရား၊ လေးထပ်ကြီးဘု ရားအောင်မြေဘုံးစံအုတ်ကျောင်း (ခ) မယ်နုအုတ်ကျောင်း၊ ဆင်ကျုံးခံတပ်၊ စန္ဒာမုနိဘုရားဂူတော်သစ်၊ မောင်အိုအုတ်လမ်း၊ လောကမာန်အောင်စေတီများနှင့် အခြားလက်ရာမြောက် စေတီပုထိုးများစွာရှိသည်။

ပင်းယမြို့ဟောင်းဘက်တွင် ပင်းယနန်းတော်ရာနေရာ၊ ပင်းယဂူကြီးသုံးလုံး၊ ပင်းယရွှေစည်းခုံ၊ ရတနာမြစည်းခုံ၊ မင်္ဂလာစေတီ၊ ရန်အောင်မြင်စေတီနှင့် ပင်းယအောင်စည်းခုံစေတီတော်များ တည်ရှိသည်။ ပင်းယအောင်စည်းခုံဟု ခေါ်တွင်သော စေတီမှာ ထူးခြားသော လက်ရာများဖြင့် တည်ထားသလို အခေါ်အဝေါ်များသည်ပင် ထူးခြားသွားသည်။ ပင်းယမြို့ဟောင်းတွင် တည်ရှိသောကြောင့် ပင်းယအောင်စည်းခုံဟုခေါ်သော်လည်း လက်ရာမှာ အင်းဝခေတ်လက်ရာဖြစ်ကာ မင်းကြီးစွာစော်ကဲကတည်ထား ကိုးကွယ်ခဲ့သောစေတီတော်ဖြစ်သည်။

ပင်းယအောင်စည်းခုံစေတီတော်သည် ပင်းယစည်းခုံတောင်ဘက် စကားအင်းရွာတံတားဦး ကျောက်ဆည်သွားကား လမ်းဘေးအနောက်ဘက်တွင် တည်ရှိသည်။ ယခင်ကစေတီတော်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးနေပြီးအောက်ခြေ လေးထောင့်ပစ္စယာသုံးဆင့် အထက်တွင်ရှစ်မြောင့် ကြေးဝန်းပုံနှင့် ခေါင်းလောင်းပုံသာ ကျန်ခဲ့သည်။ အောင်စည်းခုံစေတီတော် အောက်ခြေတွင် လေးထောင့်တွင် နောက်ပိုင်းကိုယ်နှစ်ခွရှိသော ခြင်္သေ့များရှိသည်။ အောက်ခြေပစ္စယံများတွင် အစိမ်းရောင်ရှိသော စဉ့်ကွင်းများဖြင့် တန်ဆာဆင်ထားသည်။

ယခုအခါ စဉ့်ကွင်းအချို့သာ ကျန်ရှိပြီး ၅၅၀ ဇာတ်တော်များကို သရုပ်ဖော်ထားဟန်ရှိသည်။ ခရစ်နှစ် ၂၀၀၅ ခုနှစ်တွင် အလှူရှင်များ၏ ကောင်းမှုရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ကြီးကြပ်မှုဖြင့် ပြန်လည်တည်ဆောက်ခဲ့၍ကြည်ညိုဖွယ် ရာဖူးတွေ့နိုင် သည်။

လက်ရှိကာလတွင် ပြုပြင်တည်ဆောက်ပြီးသော အောင်စည်းခုံစေတီတော်ကို ကြည်ညိုဖွယ်ဖူးတွေ့နိုင်သလို ထပ်မံပြုပြင်ရန် ကျန်ရှိနေသည်များကို ဆက်လက်ပြုပြင်လျက်ရှိသည်။ ရန်ကုန်မန္တလေး အမြန်လမ်းမထက်မှ ခရီးသွားများသည်ပင်လျှင် တံတားဦးနယ်အရောက် လမ်းဘေးတွင် ရှေးဟောင်းစေတီများစွာကို ဖူးမြော်ကြည်ညိုနိုင်ပြီး ပင်းယအောင်စည်းခုံစေတီတော်ကိုလည်း အဝေးမှပင် ကြည်ညိုဖွယ် ဖူးတွေ့နိုင်သည်။

## မြိတ်မြို့၌ ဒေသခံပြည်သူများအား ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့် လှစ်သင်ကြား

မြိတ် အောက်တိုဘာ ၃

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများအား ကျေးရွာအရောက် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ပင်းအိုကျေးရွာအရှေ့ကျောင်း၏မွှာရုံ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး၊ဖန်စီသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ မြိတ်ခရိုင်ဒေသကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိန်သောင်း၊ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိ/ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပင်းအိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ ဒေသခံပြည်သူများနှင့် သင်တန်းသူ ၄၀၊ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်သောင်းက သင်တန်းသူ ၄၀ တို့အား သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့သည်။

"ကျွန်မတို့ကျေးရွာကို ယခုလိုလာရောက်သင်တန်းပေးတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ရွာက အမျိုးသမီးလေးတွေကို အခုလိုမျိုး မသိသေးတဲ့ မတတ်သေးတဲ့ ပညာများကို လာရောက်သင်ကြားပေးတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။

ကျွန်မတို့ရွာက မိန်းကလေးတွေ ယခုဆိုအိမ်မှာနေရင်း လက်မှုပညာဖြင့် လက်ကိုင်အိတ်၊ ပန်းဆိုင်းတွေ၊ သိုးမွေးထိုးတာတွေကို ကိုယ်တိုင်ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့ကို ဒီလိုအသက်မွေးဝမ်းကျောင်းသင်တန်းတွေဖွင့်လှစ်ပေးတဲ့အတွက် အခုလိုပညာများလည်း တတ်မြောက်ရပါတယ်။ နောက်နောင်လည်း အခုလိုမျိုး လာရောက်ဖွင့်လှစ်ပေးဖို့မျှော်လင့်ပါတယ်"ဟု ပင်းအိုကျေးရွာအုပ်စုငါးအင်းကြီး ကျေးရွာမှ မခေမာန်ဦးက ပြောသည်။

မြင့်ဦး (မြိတ်)



## မိတ္ထီလာမြို့နယ်တွင် Vote For Children Campaign ပြုလုပ်

မိတ္ထီလာ အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် နတ်ကြီးကုန်းကျေးရွာတွင် ကလေးများအရေးအလေးထား ဆောင်ရွက်ပေးမည့်သူများအား မဲပေးနိုင်ရေးရည်ရွယ်ချက်ဖြင့် Upper NCRWG အဖွဲ့ဝင် အဖြူရောင်ကွန်ရက်မှ ဦးစီး၍ Vote For Children Campaign ကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ၄င်းကျေးရွာတွင်ကျင်းပခဲ့ကြောင်းသိရသည်။

" ပါဝင်ဆောင်ရွက်တဲ့ လူငယ်လေးတွေက မေတ္တာကွန်ရက်အဖွဲ့ဝင် လူငယ်လေးတွေဖြစ်ပြီးတော့ ကျွန်တော်တို့ အဖြူရောင်ကွန်ရက်အဖွဲ့က Vote For Children Campaign ကို ဝိုင်းဝန်း ကူညီတာပါ။ ဒီဆွေးနွေးပွဲ Campaign ကိုပြုလုပ်တဲ့ရည်ရွယ်ချက်က ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မယ့်လွှတ်တော်ကိုယ်စားလှယ် လောင်းတွေအနေနဲ့ တကယ်လို့ အရွေးချယ်ခံခဲ့ရမယ်ဆိုရင် ကလေးတွေအရေးကို အလေးထားဆောင်ရွက်ပေးစေချင်လို့ ပြုလုပ်တာ ဖြစ်ပါတယ်။

"နိုင်ငံရဲ့ လူဦးရေ ၃၄ ရာခိုင်နှုန်းကကလေးများဖြစ်ပြီးတော့ အသက် ၁၈ နှစ်မပြည့်သေးတော့ မဲပေးပိုင်ခွင့် မရှိသေးပါဘူး။ ဒါကြောင့် မဲပေးနိုင်တဲ့သူတွေအနေနဲ့ကလေးများကိုယ်စား ကလေးများအရေးအလေးထားဆောင်ရွက်ပေးမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်မဲပေးနိုင်ဖို့ ပြုလုပ်တာဖြစ်ပါတယ်။ အလားတူ ဆွေးနွေးပွဲကို ဂဠုန်ကုန်းကျေးရွာအုပ်စု လက်ပံခါးကော့ကျေးရွာဘက်မှာလည်း ထပ်မံပြုလုပ်မှာပါ"ဟု အဖြူရောင်ကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမိုးက ပြောသည်။

၄င်းဆွေးနွေးပွဲတွင် မေတ္တာကွန်ရက် အဖွဲ့ဝင် လူငယ်လေးများက ကလေးငယ်များ၏ မိဘများနှင့် မဲပေးကြမည့်သူများအား ကလေးများအရေးအလေးထားဆောင်ရွက်ပေးနိုင်မည့်သူများကို စဉ်းစားရွေးချယ်မဲပေးကြရန် ကျေးရွာဒေသခံများအား အသိပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ မိတ္ထီလာမြို့ နယ် မဲဆန္ဒနယ်မှ ၂၀၁၅ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးအား ကိုယ်စားပြုကလေးငယ် ငါးဦးမှ ယခုလအတွင်း သွားရောက်တွေ့ဆုံကာ Vote For Children Campaignကျင်းပသွားမည်ဖြစ်သည်။

ချမ်းသာ(မိတ္ထီလာ)

## အမှိုက်စွန့်ပစ်မှုအမူအကျင့်ကောင်းများရရှိစေရန်ဟောပြော

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး၏ စီစဉ်မှုဖြင့် အခြေခံပညာကျောင်းများမှစ၍ အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများ ရရှိစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက် နံနက်က တာမွေမြို့နယ် အ-ထ-က(၂) သို့လာရောက်၍ အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများ ရရှိစေရန် ဟောပြောကြကြောင်း သိရသည်။

ဌာနခွဲမှူးဦးမျိုးမြင့်က "ဌာနအနေနဲ့ရော အီတလီနိုင်ငံအခြေစိုက် လူမှုရေးအသင်းအဖွဲ့ဖြစ်တဲ့ CESVI အဖွဲ့တွေနဲ့ပါ ပူးပေါင်းပြီး လူနေမှုအဆင့်တွေမြင့်မားလာအောင် အသိပညာပေးမှုတွေကို အရင်လုပ်ပေးတာပါ။ အခုဆိုရင် ရန်ကုန်မြို့မှာ တာမွေမြို့နယ် လှိုင်သာယာမြို့နယ်နဲ့ သဃ်န်းကျွန်းမြို့နယ်တွေကို အရင်ဦးဆုံးအမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲမှုနဲ့ ပညာပေးခြင်းတွေ လုပ်ဆောင်ပေးနေတာပါ။ ဆက်လက်ပြီး မြို့နယ်တိုင်းကိုလည်း လုပ်ဆောင်သွားမှာပါ" ဟု ပြောသည်။

ဆက်လက်၍ CESVI အဖွဲ့မှ စည်းရုံးလှုံ့ဆော်ရေးမှူး ဦးမင်းနေဟန် ဦးဆောင်ကာ တာမွေမြို့နယ်၏ Commanity Facilitator ဖြစ်သူ ဒေါ်စိမ့်သူအေးနှင့် ဦးဟိန်းလတ်နိုင်တို့က ကျောင်းသား၊ ကျောင်းသူများအား အမူအကျင့်ကောင်းများရရှိစေရန် ဟောပြောပေးကြကြောင်း သိရသည်။

ထို့နောက် ဌာနခွဲမှူးဦးမျိုးမြင့်က ကျောင်းအတွက်အသုံးပြုရန် အမှိုက်အိတ်နှင့် အမှိုက်ပုံးများ ပေးအပ်ခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အရာရှိများ၊ အင်ဂျင်နီယာများ၊ မြို့နယ်သန့်ရှင်းရေးတာဝန်ခံဦးမျိုးဝင်းဦးနှင့် ဝန်ထမ်းများ CESVI မှ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ပညာပေးစည်းရုံးရေးမှူးဒေါ်ငုဝါရွှေနှင့်အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမ စုစုပေါင်း ၂၈၅ဦးတက်ရောက်ခဲ့ကြသည်။

၅၉၇

## ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ညောင်ပင်သာရွာကျေးရွာနှင့် ဓနုမြို့နယ် အတွင်းရှိကျေးရွာများတွင် မြေငှားဂရပ်များပေးအပ်

ညောင်တုန်း အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ညောင်ပင်သာရွာကျေးရွာနှင့် ဓနုမြို့နယ် အကျော်အရှေ့ ကျေးရွာတို့တွင် ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးအေးကျော်က အမှာစကားပြောကြားခဲ့သည်။

မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးဦး အေးသောင်း၊ ညောင်တုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်ဦးစီးဌာန ခေတ္တဦးစီးမှူးဦးခင်အောင်စိုး၊ ဓနုဖြူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေး စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးမြသိန်းနှင့် ဓနုဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူတို့က မြေဂရန်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ညောင်ပင်သာကျေးရွာအတွက် မြေငှားဂရန်စာချုပ် ၇၈ စောင်နှင့် ဓနုဖြူမြို့နယ် အကျော် အရှေ့ကျေးရွာအတွက် မြေငှားဂရန်စာချုပ် ၁၁၅ စောင်တို့အား တိုင်းအုပ်ချုပ်ရေးမှူးကပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြောင်းသိရသည်။

ကြေးမုံ

## လင်းခေးခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

မိုးနဲ အောက်တိုဘာ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့တွင် ပြည်ထောင်စုလွှတ်တော်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော တာကွန်-တုံဟုန်း ကျောက်ချောလမ်းဆောင်ရွက်နေမှု ရပ်ကွက်(၂)ရှိ စိမ့်စမ်းရေသွယ်ယူရေး ရေစုကန်တည်ဆောက်နေမှု၊ ရပ်ကွက်(၄)ရှိ ကွန်ကရစ်တံတားတည်ဆောက်နေမှု၊ ရပ်ကွက်(၄)ရှိ အဝီစိတွင်းနှင်း ရေစုကန်တည်ဆောက်နေမှုနှင့် ဝိန်းကောင် အ-မ-ကကျောင်းဆောက်လုပ်ပြီးစီးမှု အခြေအနေများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဇော်ဝင်းကြိုင်တို့က အောက်တိုဘာ ၁ ရက်က အဆိုပါရပ်ကွက်များသို့ သွားရောက်၍ လုပ်ငန်းပြီးစီးမှု အခြေအနေများအား စစ်ဆေးခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ (မိုးနဲ)



## တစ်ပတ်အတွင်း နိုင်ငံတကာသတင်း သုံးသပ်ချက်

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*



# မတော်လျှင် အကော်ခက်နိုင်မှု ငါးရိုးမျက် လက်တို

à ကိုရင်ဩ

ဒုတိယကမ္ဘာစစ်၏ အနိဋ္ဌာရုံများကို ကျွန်ုပ်တို့လူသားများ ခါးခါးသီးသီး တွေ့ကြုံခံစားကြရလေပြီးနောက် ၁၉၄၅ ခုနှစ်တွင် ကမ္ဘာ့မိသားစုအဖွဲ့အစည်းကြီးဖြစ်သော ကုလသမဂ္ဂအဖွဲ့ကြီးကို မီးရှူးသန့်စင်ခဲ့ကြစဉ်က ကမ္ဘာ့နိုင်ငံများအကြား ရန်မီးငြိမ်းစေလျက် ငြိမ်းအေးသော လောကသစ်ကြီးကို ငွားငွားစွင့်စွင့် တည်ဆောက်ကြမည်ဟု အသီးသီး အသကအသက ကတိကဝတ် ပြုခဲ့ကြလေသည်။

ကာလအပိုင်းအခြားအရ မျိုးဆက်တစ်ဆက်မျှသာ ကြာမြင့်သည့် အချိန်အတွင်း ပျက်သုဉ်းမှုပမာဏ ကြီးမားလှသော ကမ္ဘာစစ်ကြီး နှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ရခြင်းသည် အင်အားကြီး နိုင်ငံများအကြား တည်ရှိခဲ့သည့် ရန်သတ္တရုပြုမှုများပင်ဖြစ်ပြီး ပေါ်ပေါက်လတ္တံ့သော ကမ္ဘာ့စစ်မီးလျှံများကို ထိန်းချုပ်နိုင်စေရန် ကြိုးပမ်းကြခြင်းဖြင့် ငြိမ်းချမ်းရေးအတွက် ဘာဝနာပွားနိုင်ကြမည်ဟု ကျွန်ုပ်တို့ မျှော်ကိုးခဲ့ကြလေသည်။

ငြိမ်းချမ်းရေးကို ရောင်ပြန်ဟပ်နေသည့် ကုလသမဂ္ဂအဖွဲ့ကြီးသည် ရွက်စုံဖွင့် တက်ကုန်လွှင့်လာခဲ့သည်မှာ ယနေ့အခါကာလ၌ နှစ် ၇၀ ပြည့်မြောက်ခဲ့ပြီး အထွေထွေညီလာခံအစည်းအဝေးကြီးကို စက်တင်ဘာ ၂၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့လေသည်။

နှစ်စဉ် စက်တင်ဘာလ ရောက်ပြီဆိုလျှင် ကမ္ဘာ့ခေါင်းဆောင်ကြီးများ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ စုဝေးရောက်ရှိကြကာ ကမ္ဘာကြီးရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့်ပတ်သက်၍ သဲကြီးမဲကြီး ဆွေးနွေးငြင်းခုံကြလေ့ရှိ၏။

ကမ္ဘာ့ရှေ့ထီးဆောင်း မင်းတို့၏ ညီလာခံမှာ သောသာညံညံရှိလှပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ကလူကျီစယ်နေသည့် ပဟေဠိပုစ္ဆာများနှင့် ပတ်သက်၍ အဖြေထုတ်သူထုတ်ကြ၊ ဆင်ခွေ့ရန်ရှောင် လုပ်သူလုပ်ကြ၊ ဘတစ်ပြန်ကျားတစ်ပြန် တစ်ပွဲတစ်လမ်း အကဲစမ်းသူ စမ်းကြနှင့် စည်ကားသိုက်မြိုက်လှသည်ကို ကျွန်ုပ်တွေ့မြင်ရလေသည်။

ကုလသမဂ္ဂဌာနချုပ်၌ ယခုရက်သတ္တပတ်အတွင်း သံတမန်ရေးဆိုင်ရာ အချေအတင်ငြင်းခုံပွဲမှာ အရှိန်မြင့်တက်လာခဲ့ပြီး ရွှေ့ပြောင်းအခြေစိုက် နေထိုင်မှုပြဿနာနှင့် ပတ်သက်၍ ဥရောပနိုင်ငံများ၏ ကိုင်တွယ်ဆောင်ရွက်ပုံကို မီးမောင်းထိုး ဆွေးနွေးခဲ့ကြသည်ဟု မှတ်သားရလေသည်။

ခိုလှုံခွင့်တောင်းခံသူများအတွက် လူသားချင်းစာနာထောက်ထားမှုအရ ပိုမို၍ ဘေးကင်းလုံခြုံသော အခြေအနေများ ဖန်တီးပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အထွေထွေညီလာခံ၏ ဘေးပန်းဆွေးနွေးပွဲအဖြစ် ကျင်းပသော ကုလသမဂ္ဂ အထူးအစည်းအဝေးတစ်ရပ်တွင် အချက်ရှစ်ချက်ပါ အစီအစဉ်တစ်ရပ်ကို ချပြခဲ့လေသည်။

ဥရောပနိုင်ငံများသည် ဝင်လာမစဲ တသဲသဲရှိနေသော ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအရေးနှင့် ပတ်သက်၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရပြီးလျှင် ခယောင်းတော လှည်းမောင်းရသလို အခက်အခဲပေါင်းများစွာကို ဖြတ်သန်းနေကြရချိန်ဖြစ်သည်။ ဒုက္ခသည်အရေးကား နောင်အခါ ပြဿနာရှုပ်ထွေးတတ်သဖြင့် "ခြေနှစ်ချောင်းလည်း မကယ်ရာ၊ သူ့လှေမျောလည်း မဆယ်ရာ" မူဝါဒကို အလေးတင်းလျက်ရှိကြလေသည်။

ဆီးရီးယားပြည်တွင်းစစ်ဒဏ်ကို အလူးအလဲ ခံစားကြရသူများမှာ ခဲမှန်ဖူးသည့် စာသူငယ် ရှုယ်ရုံနှင့် လန့်ဖျပ်နေကြပြီး ရေခြားမြေခြား၌ ခိုလှုံခွင့်ရရှိရေးအတွက် ရတက်မအေး ဖြစ်နေကြရလေသည်။

ဥရောပ ဒုက္ခသည်အရေးကို ကမ္ဘာက မည်သို့ တုံ့ပြန်နိုင်မည်နည်းဟူသော ပုစ္ဆာကို အပြန်ပြန်အလှန်လှန် တွေးဆအဖြေရှာကြရန် ရည်ရွယ်လျက် ဘန်ကီမွန်းက အထူးအစည်းအဝေး ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဥရောပတစ်ခွင်တစ်ပြင် ဒုက္ခသည်အရေးဇယားရှုပ်နေချိန်တွင် ဆေးခါးကြီးတိုက်ကုသနိုင်ရန် သူပြင်ဆင်နေပုံရလေသည်။

ဥရောပနိုင်ငံအချို့က ယင်းတို့၏ နယ်စပ်တံခါးများကို ပိတ်သူပိတ်ကြ၊ ဒုက္ခသည်များ ရှေ့မတိုးနိုင်စေရန် မီးသတ်ပိုက်များဖြင့် ထိုးသူထိုးကြ လုပ်ခဲ့ကြပြီး နယ်ခြားဒေသများ၌ အသံဗလံများ ကျွက်ကျွက်ညံခဲ့ပုံကို ကျွန်ုပ်ပြေးမြင်မိ၏။ ငါးပြေမ ဆားပက်ခံရသလို ငူတူတူဖြစ်နေကြသော ရွှေ့ပြောင်းလာသူတို့မှာ မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်း ငြိလေပြီတကား။

ဒုက္ခသည်အရေးကား ဥရောပအစိုးရအဖွဲ့များအတွက် စိတ်ထဲတွင် စလုံးစခုဖြစ်စရာ၊ စိတ်ညစ်ညူးစရာ ပြဿနာတစ်ရပ်ဖြစ်ပြီး မူဝါဒအရ ညွတ်ပက်ညွတ်ပက် ဖြစ်ကြရလေသည်။

ရွှေ့ပြောင်းလာသူတို့အပေါ် လူသားဂုဏ်သိက္ခာအရ ပြုမူဆက်ဆံကြဖို့ ကုလသမဂ္ဂ အထွေထွေညီလာခံ ဖွင့်ပွဲတွင်လည်း ဘန်ကီမွန်းက တိုက်တွန်းခဲ့သည်။ သို့ဖြစ်စေကာမူ ဥရောပနိုင်ငံများက 'ငါးပိဖုတ်မျက်နှာသာပေး ရွှေရေးပန်းကန်တက်' လာမည့် ဒုက္ခသည်များကို ပစားမပေးလိုကြဘဲ ငါးဖယ်လို တေနိုင်မှ တော်ကာကျလိမ့်မည်ဟု ယူဆကြလိမ့်မည်တမုံ့။

နယ်စပ်၌ တံတိုင်းစည်းရိုးများ ခတ်ကြမည့်အစား ပြဿနာ၏ ဇာစ်မြစ်ကို မြင်အောင်ရှုလော့ဟူ၍ ဘန်ကီမွန်းက ကောက်ပင်ရိတ်လှိုင်း စကားဆိုခဲ့လေသည်။

ယခုနှစ်အတွင်း အကြီးဆုံးသော နိုင်ငံတကာ ပြဿနာမှာ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိက မြောက်ပိုင်းမှ ထွက်ပြေးလာကြသော ဒုက္ခသည်များ ဥရောပသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာသည့် ပြဿနာဖြစ်သည်ဟု ကျွန်ုပ်စေ့ငုမိ၏။

နက်ရှိုင်းသည့် ဆင်းရဲတွင်း၌ တမေ့တမြော နေထိုင်ကြရခြင်း၊ ရက်စက်မှုအပေါင်း သရဖူဆောင်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို တစ်လုံးတစ်ဝတည်း ခံစားကြရခြင်းစသည်တို့ကြောင့် လွတ်မြောက်ရာ လမ်းကို ရှာဖွေကြခြင်းဖြစ်ပြီး ဇာတိရပ်မြေကို ဖယ်ခွာလာကြသူများအရေး ကမ္ဘာ့အရေးဖြစ်သည်ဟုဆိုကာ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ရုတ်ရုတ်သဲသဲ ဆွေးနွေးငြင်းခုံပွဲများ ပြုလုပ်ခဲ့ကြလေသည်။

ဒုက္ခသည်များအရေးနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများ၏ မူဝါဒရပ်တည်ချက်မှာ ဝတ်ကျေဝတ်ကုံ သဘောမျိုးကိုဆောင်ပြီး ငွေကြေးလှူဒါန်းရန်သာ ကတိပြုကြပြီးလျှင် မိမိ၏ တင်းကျပ်လှသည့် လူဝင်မှုကြီးကြပ်ရေး မူဝါဒအား ဖြေလျှော့မပေးဘဲ တင်းခံနေမှုများကို ကျွန်ုပ်တွေ့မြင်ရလေသည်။

ယခုနှစ်၏ ကုလသမဂ္ဂ အချေအတင်ဆွေးနွေးပွဲများ၏ ကန့်လန့်ကာအဖွင့်တွင် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ကရင်မလင် (ရုရှား)ခေါင်းဆောင် ဗလာဒီမာပူတင်တို့ မူဝါဒရေးရာအရ အားစမ်းကြပုံမှာ စပါးကြီးမြွေကို လင်းမြွေပတ်သည့်ပုံပမာ တစ်ကမ္ဘာလုံးအတွက် စိတ်လှုပ်ရှားစရာ ကောင်းလှပေရာ နိုင်ငံတကာသတင်းဌာနများက စို့စို့ပို့ပို့ ရေးသားဖော်ပြကြလေသည်။

အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်) စစ်သွေးကြွအုပ်စုကို ချေမှုန်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ ဆီးရီးယား သမ္မတ ဘာရှားအယ်လ်အာဆတ်၏ အနာဂတ်ရေးနှင့် ပတ်သက်၍လည်းကောင်း အမေရိကန်နှင့် ရုရှားတို့ တူးတူးခါးခါး ဝေဖန်တိက ပြုကြလေသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေး ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို အမေရိကန် ဦးဆောင်၍ စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ရာတွင် သမ္မတအိုဘားမားက ဆီးရီးယားသမ္မတအာဆတ် ရာထူးမှ ဆင်းပေးရန် အတိအလင်းပင် တောင်းဆိုခဲ့လေသည်။

ဆီးရီးယား၏ ရှေ့ပေါ်မြတင် မဟာမိတ်ကြီးပူတင်ကမူ အိုင်အက်စ်ဆန့်ကျင်ရေး ညွန့်ပေါင်းအဖွဲ့ကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းကြရန် သူ၏ကုလသမဂ္ဂ မိန့်ခွန်းတွင် တွန်းတွန်းထိုးထိုး နှိုးဆော်ခဲ့လေသည်။

ဆီးရီးယားစစ်ပွဲ ပြီးဆုံးရန် နိုင်ငံတကာက ကြိုးပမ်းမှုများမှာ ကာရန်မညီ ကဗျာမပီဘဲ ရှိနေရပြီး ဖုတ်ပူမီးတိုက် လုပ်ရမည့်ကိန်း ဆိုက်နေ၏။

ဆီးရီးယား ပဋိပက္ခပြီးဆုံးရေးတွင် အိုဘားမားနှင့် ပူတင်တို့ စူးစူးရှရှ သဘောကွဲလွဲနေကြပြီး အိုင်အက်စ်ကို ချေမှုန်းရန် ဆီးရီးယားတပ်မတော်ပါဝင်မည့် ပိုမိုကျယ်ပြန့်သော ညွန့်ပေါင်းအဖွဲ့ဖွဲ့စည်းရန် ကရင်မလင်ခေါင်းဆောင်က တွက်ကိန်းချခဲ့လေသည်။

လူပေါင်း သိန်းနှင့်ချီကာ သေဆုံးခဲ့ရပြီးဖြစ်သော ပြည်တွင်းစစ်၊ လေးနှစ်ကျော်ကြာမြင့်လာခဲ့ပြီဖြစ်သော ပြည်တွင်းစစ်ကြောင့် ကမ္ဘာ့နိုင်ငံကြီးများအကြား သံတမန်ရေးအရ ပဏ္ဏာကမ္ဗလာ မြကျောက်ဖျာတင်းမာလာကြောင်းကို ကျွန်ုပ် ဆတ်တငံ့ငံ့တွေးတောမိလေသည်။

အရပ်သားများအား စည်ပိုင်းဗုံးများ ကြဲချခြင်းဖြင့် သတ်ဖြတ်မှု မပြုလုပ်ရန် အမေရိကန်က လှုံ့ဆော်ပြောကြားခဲ့ပြီး အိုင်အက်စ် စစ်သွေးကြွများအား ချေမှုန်းနိုင်ရန် စစ်ရေးနည်းလမ်းတစ်ခုတည်းကိုသာ အားကိုး၍ မရနိုင်ဟုဆိုသည်။

အိုင်အက်စ် တိုက်ဖျက်ရေး အမေရိကန်၏ ညွန့်ပေါင်းအင်အားစုတွင် နိုင်ဂျီးရီးယား၊ မလေးရှားနှင့် တူနီးရှားတို့ ပူးပေါင်းပါဝင်ရန် စည်းရုံးနိုင်ခဲ့ပြီဖြစ်ရာ ယင်းညွန့်ပေါင်း အဖွဲ့တွင် နိုင်ငံပေါင်း ၆၀ ကျော် ပါဝင်လာပြီဖြစ်သည်။

ယခုနှစ်၏ ကုလသမဂ္ဂ အထွေထွေညီလာခံ စင်မြင့်ထက်တွင် ယူကရိန်းနှင့် ဆီးရီးယား ပဋိပက္ခတို့အပေါ် အကြောင်းပြု၍ ပေါ်ပေါက်လာရသော သံတမန်ရေးတင်းမာမှုများ၊ အရှေ့အလယ်ပိုင်းဒေသ၌ အိုင်အက်စ်အဖွဲ့၏ ခေါင်းထောင်လာမှုအပေါ် အကြောင်းပြု၍ ဖြစ်ပေါ်လာရသော နိုင်ငံရေးအကျပ်အတည်းများ၊ ပြည်ထဲရေးနှင့် ဝမ်းရေးတို့အရ ရေကြည်ရာ မြက်နုရာ ဖွေရှာကြသူ ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများအပေါ် အကြောင်းပြု၍ ဖြစ်တည်လာရသော အရှုပ်အထွေးများနှင့် ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်ကြီးများ ရှုသိုးသိုးမျက်နှာထားဖြင့် ဆွေးနွေးငြင်းခုံနေကြသည်ကို ကျွန်ုပ်တွေ့မြင်ရလေသည်။

ကုလသမဂ္ဂ မျက်နှာစာတွင် တိုးရာမှ ကျယ်လာသည့် ပြဿနာတစ်ရပ်အဖြစ် ကမ္ဘာ့ရာသီဥတု ဗလောင်းဗလဲ ပြောင်းလဲလာမှုနှင့် ပတ်သက်၍လည်း ဆွေးနွေးငြင်းခုံကြသည်ကို ကျွန်ုပ်သတိမူမိလေသည်။

ကုလသမဂ္ဂ ထူထောင်မှု နှစ် ၇၀ ပြည့် အထိမ်းအမှတ်ပွဲသဘင်များကို ဝှဲချီးဆင်ယင်လျက် ကမ္ဘာ့နိုင်ငံများအချင်းချင်း တစ်နိုင်ငံချင်းအလိုက် မျက်နှာချင်းဆိုင် ဆွေးနွေးပွဲများ ကျင်းပရန်လည်း အခွင့်သာခဲ့ကြလေသည်။

ကုလသမဂ္ဂ ပရိဝုဏ်၌ ရက်သတ္တတစ်ပတ်ကြာမျှ ကမ္ဘာ့ခေါင်းဆောင်များ ဆုံစည်းကြခိုက်တွင် ကမ္ဘာကြီးရင်ဆိုင်နေရသော ပြဿနာများနှင့် ပတ်သက်၍ စုပေါင်းဆွေးနွေးအဖြေရှာကြခြင်းမှာ 'သမဂ္ဂါနံ တပေါသုခေါ' (ညီညွတ်ခြင်းသည် ချမ်းသာရာ အကြောင်းဖြစ်၏) ဟူသော ကျင့်စဉ်နှင့် ကိုက်ညီလှသည်။

သို့ရာတွင် မပြီးသေးသော ပန်းချီကားချပ်ပမာ ကမ္ဘာ့ပြဿနာများမှာ ဆေးစက်ကျရာ အရုပ်ထင်နေပေဦးမည်။ လည်ချောင်း၌ စူးဝင်နေသော ငါးရိုးကို လက်ဖြင့်နှိုက်ထုတ်ကော်ယူရန် ကြိုးပမ်းသော်လည်း လက်တိုသဖြင့် မထုတ်ယူနိုင်ဘိသကဲ့သို့ပင် ဖြစ်မြောက်နိုင်သည့် နည်းလမ်းကိုသိ၍ ဆောင်ရွက်လိုပါလျက် မဖြည့်ဆည်းနိုင်သည့် ချို့တဲ့မှုကြောင့် မဆောင်ရွက်နိုင်ဖြစ်တတ်ပေရာ "မတော်လျှင် အကော်ခက်နိုင်မှု ငါးရိုးမျက် လက်တို" ဟု ကျွန်ုပ်ကျူးရင့်မိလေသတည်း။ ။





# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

အားလုံးက ကိုစောလွင်၏စကားကို သဘောတူကြောင်း ခေါင်းညိတ်ပြကြ၏။

ကိုလေးမောင်က ကိုအုန်းခိုင်ကို လှမ်းကြည့်မေး၏။

“ဒီည ဗဟိုကျောင်းဆောင်က ရဲဘော်တွေ ဆုံဖြစ်မလား”

“ဆုံဖြစ်မယ်၊ ဆယ်နာရီမှာ ချိန်းထားတယ်”

“ဒါဖြင့် ကျွန်တော်တို့ ပြည်နဲ့တကောင်း ကျောင်းဆောင်က သဘောထားကိုဟိုက ရဲဘော်တွေ သိအောင် သွားတင်ပြကြမယ်၊ ညှိနှိုင်းကြပြီး လူကြီးတွေကို ထပ်တင်ပြမယ်၊ ကဲ. . လူရွေးကြဗျာ”

အားလုံးက တညီတညွတ်တည်း ကိုကြင်လှိုင်၊ ကိုအုန်းခိုင်၊ ကိုစောလွင်နှင့် ကိုမြင့်သောင်းတို့ကို ရွေးလိုက်ကြ၏။

နောက်တစ်နေ့(ဇန်နဝါရီလ ၂၉ ရက်) နံနက်စောစော၌ ကိုစောလွင်၊ ကိုလေးမောင်၊ ကိုလှဖေ၊ ကိုမြင့်သောင်းနှင့် သက်ခိုင်တို့သည် ပြုံးရွှင်သောမျက်နှာထားများနှင့် ပြည်နှင့် တကောင်းကျောင်းဆောင်ရှိ အခန်းတိုင်းသို့ လှည့်လည်ကာ တက္ကသိုလ်အပျော်တမ်းတပ်သို့ ဝင်ရန် ပုံစံများကို ဝေငှကြသည်။

“တက္ကသိုလ်အပျော်တမ်းတပ် ဖွဲ့ခွင့်ရပြီး”

ဤသတင်းသည် အိပ်ရာမနိုးစ ကျောင်းသားတိုင်း၏ ပါးစပ်များမှဝင့်ကြွားစွာ ထွက်လာ၏။ သူတို့၏ အသံများသည် အိပ်နေသူများကို နိုးစေ၏။

ကျောင်းသားတိုင်းလိုလိုပင် ပုံစံဖြည့်ပြီး လက်မှတ်ထိုးကြ၏။

ယုမောင်တစ်ယောက်ကမူ ပုံစံကို သေသေချာချာ ကြည့်၏။ ဝမ်းသာအားရပုံစံဖြင့် ထို့နောက် ခေါင်းခါပြီး အိပ်ရာပေါ် လှဲကာ ခေါင်းမြီးခြုံလိုက်၏။

အေးဝင်းက ဘာမျှ မပြောဘဲ လက်မှတ်ထိုးသော်လည်း မောင်ရှိန်ကမူ စျေးဆစ်နေသေး၏။

“စစ်ထဲတော့ ဝင်ချင်ပါရဲ့၊ တစ်ခုတော့ ငါ ကြောက်တယ်”

“ဘာလဲ. . သေရမှာလား”

“မဟုတ်ဘူး၊ တယောမထိုးရမှာ”

“နင့်ဘိုးအေ. . . နင့်တယောကို သေရွာအထိ ယူခဲ့နိုင်တယ်”

“ရွာအထိတင်ပဲလား. . မြို့အထိ မယူနိုင်ဘူးလား”

“ခွေးကောင်. . . သေမယ့်ကိစ္စကိုများ ရွာနဲ့ မြို့ရွေးနေသေးတယ်”

“ရွေးရတယ် သူငယ်ချင်းရေ. . . ရွာမှာဆိုတော့ ဘုန်းကြီးကျောင်းက ခုတင်နဲ့ ဂျောင်းရမှာ၊ မြို့မှာဆိုတော့ မော်တော်ကားစီးပြီး ဖိမ်နဲ့ကြွရမှာ”

“တရုတ်ပုပ်. . ပါးစပ်းပုပ်နဲ့ စောစောစီးစီး၊ ကဲ. . . လက်မှတ်ထိုးမှာသာ ထိုးစမ်းပါ”

“မင်းဖောင်တိန် ပေးလေ”

“မင်းဖောင်တိန် ဘယ်ရောက်သွားလို့လဲ”

“ငါ့ဖောင်တိန်က မျက်နှာပြောင်တဲ့ ငါနဲ့ အတူနေလို့ မရဘူးတဲ့၊ အေးအေးဆေးဆေး သွားတရားအားထုတ်နေတာ ငါးရက် ရှိသွားပြီ”

မောင်ရှိန်က ရယ်စရာပြောပြီး သက်ခိုင်၏ ဖောင်တိန်နှင့်လက်မှတ်ထိုး၏။ သရက်သားမောင်ရှိန်မှာ မြို့နှင့် အဆက်ပြတ်၍ ငွေမရှိသည်မှာ ကြာပြီ၊ သူ့ဖောင်တိန်သာမက သူ့တယောပါ တရားသွားအားထုတ်နေခြင်းသည် သူ့အနုပညာ သူချစ်လွန်း၍သာ ဖြစ်၏။

တင်မောင်စိုးက တစ်မျိုးမူ၏။

“စစ်ထဲတော့ ဝင်ချင်ပါရဲ့၊ ဒါပေမဲ့ မင်းတို့ အာမခံချက်တစ်ခုပေးရမယ်”

“ဘယ်လိုလဲ”

“ဖွ. . . မပြောကောင်း ပြောကောင်း၊ ငါ့ကို ကျည်ဆန်မှန်ရင် ပွဲချင်းပြီး မလကိကုတ်အောင် မှန်ရမယ်၊ ဒါက သာဒ်ချိုက်(စ်)၊ အဲဒါမှမဟုတ် ဆေးရုံတက်ရပြီး လူတကာလာသတင်းမေးခံရကောင်းရုံ ပွတ်ရှုပ်မှန်ရမယ်၊ အရေးကြီးသော အင်္ဂါအစိတ်အပိုင်းကို ယောင်လို့မှမထိရ၊ ဒါက ဆက်ကင်းချိုက်(စ်)၊ အဲဒါမှမဟုတ်ရင် ကျည်ဆန်ငါ့အသားကို ရင်ဖိုပမာတောင် လာမနားရဘူး၊ ဒါကတော့ ဖက်စ်ကလတ်စ်ချိုက်(စ်)ဘယ့်နှယ်လဲ”

“ဒီလောက်တောင် သတ္တိရှိရင်လည်း စစ်ထဲ မဝင်ပါနဲ့တော့ သူငယ်ချင်းရာ”

“ဒါကတော့ ကိုယ်လိုချင်တာ တောင်းရတာ၊ ရတာမရတာတော့ မသိဘူး၊ အေးဟော့. . . ထိုးပြီဟော့ လက်မှတ် . . လာလေရော့ ဂျိ. . တက္ကသိုလ်မောင်စိုး”

ထို့နေက တစ်နေ့လုံး အလုပ်များကြသည်။

သက်ခိုင်သည် တာဝန်ကျရာ လုပ်ငန်းများပြီးသောအခါ ကိုယ်ပိုင်ပစ္စည်းများ ထားရေးအတွက် စဉ်းစားရ၏။


သက်ခိုင်က ပြည်မှ ဖြစ်သည်။ မောင်ရှိန်က သရက်မှဖြစ်သည်။

အေးဝင်းက မန္တလေးမှ ဖြစ်၏။ တင်မောင်စိုးတစ်ယောက်သာ ရန်ကုန်မြို့တွင်း၌ အိမ်ရှိလျက် ကျောင်းဆောင်၌လာနေသူ ဖြစ်သည်။

သူငယ်ချင်းတစ်သိုက်သည် အိပ်ရာလိပ်၊ ပုဆိုးအင်္ကျီတစ်ထည်၊ နှစ်ထည်သာ ချန်ထားပြီး စာအုပ်များ၊ အဝတ်သေတ္တာများ စသည်တို့ကို တင်မောင်စိုး၏ ဘားလမ်း(ယခု မဟာဗန္ဓုလပန်းခြံလမ်း)ရှိ နေအိမ်သို့ ပို့ကြ၏။ ပို့ကြပြီးမှ သေတ္တာများကို ဖွင့်ကြည့်မိကာ ရယ်ကြ၏။

သေတ္တာများအားလုံးတွင်း၌ အဖိုးတန် အဝတ်အစားဟူ၍ တစ်ခုမျှမရှိကြ။ မောင်ရှိန် ပြောသကဲ့သို့ အေးချမ်းစွာ တရားအားထုတ်နှင့် ကုန်ကြပြီ၊ ကုန်ကြပြီ. . .။

ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက် ၂ ချက်တီးအချိန်မှစ၍ အင်းစိန်ဘက်မှ သေနတ်သံ၊ မော်တာသံ ပေါက်ကွဲသံများ ကြားရသည်။ အင်းစိန်ပတ်ဝန်းကျင်ရှိ ရွာများမှ ကေအင်ဒီအိုများကို လက်နက်ပြန်အပ်ခိုင်းရာမှ စ၍ တိုက်ပွဲများ ဖြစ်ကုန်သည်ဟု သိရ၏။




ကိုစောလွင် လာခေါ်သဖြင့် သက်ခိုင်သည် မျက်နှာပင် မသစ်အားဘဲ လိုက်ခဲ့သည်။

သတင်းကား သတင်းကောင်းတည်း။

သက်ဆိုင်ရာမှ ကျောင်းသားများကို စစ်သင်တန်းပေးရန် နံနက် ၈ နာရီ၌ လာခေါ်တော့မည်။

သက်ခိုင်တို့သည် အခန်းစေ့ လိုက်နှိုးဆော်ကြ၏။

ကျောင်းဆောင်မှ နောက်ဆုံး ကျွေးသောထမင်းကို စောစောစားကြပြီး ဝန်ကျဉ်းသော အထုပ်အပိုးကိုယ်စီနှင့် ကျောင်းသားတို့ စောင့်ကြ၏။

ပြည်နှင့် တကောင်းကျောင်းဆောင်တို့၏ အောက်ထပ်ကော်ရစ်ဒါကြမ်းပြင်များ၌ ထိုင်ရင်း အိပ်ရင်း အသင့်ရှိနေကြသည်။ စုစုပေါင်း တစ်ရာခန့်ရှိသည်။ ဗဟိုကျောင်းဆောင်သား သုံးရာခန့်ကလည်း သမဂ္ဂအဆောက်အဦ၌ အဆင်သင့် စောင့်နေကြသည်။

နေ့လယ် ၁၂ နာရီသာ ထိုးသွား၏။ သင်တန်းပေးရန် လာခေါ်မည်ဆိုသည့် တပ်မတော်မှ ကားများ တစ်စီးမျှ ပေါ်မလာ။

အခြေအနေ မည်သို့ ရုတ်ခြည်းပြောင်းလဲသွားသည်ကို မည်သူမျှမသိကြ။ ခေါင်းဆောင်သော လူသိုက်အတွင်းတွင်သာ စွပ်စွဲချက်များ ပေါ်လာ၏။

မြို့ပေါ်မှ အာဏာရပါတီဝင် ကျောင်းသားခေါင်းဆောင်အောင်မောင်းတစ်ဦး၏ ခြေထိုးမှုကြောင့် အစီအစဉ်အားလုံးပျက်သွားပြီဟူသတည်း။

ကျောင်းသားအားလုံး စိတ်ဓာတ် ပျက်ကုန်ကြသည်။ ကျောင်းကြီးမှာလည်း ပိတ်လိုက်ပြီ။ ကျောင်းဆောင်များ၌လည်း ထမင်းမကျွေးတော့။

နယ်သို့ ပြန်နိုင်သေးသော ကျောင်းသားများက နယ်သို့ပြန်ရန် အပူတပြင်း စိုင်းပြင်းကြသည်။ နယ်သို့ မပြန်နိုင်သူများက နီးစပ်ရာမြို့တွင်းရှိ အိမ်များသို့ ရွှေ့ပြောင်းကုန်ကြသည်။

ယခင်အခါများက တပေါင်း သို့မဟုတ် မတ်လတိုင်မှ ရွက်ဝါကြွေသည်ဟု ယေဘုယျမှတ်သားမိသည်။ ယခု သတိပြုကြည့်ရှုမိခါမှ ဆောင်းမကုန်မီ ရွက်တို့ဝါစပြုသည်ကို မြင်မိကြ၏။ တစ်ရွက်စ နှစ်ရွက်စလည်း ကြွေကြလေပြီ။ အပင်များအားလုံးပေါင်းသော် မြေပြင်၌ ရွက်ဝါများ လုံလုံလောက်လောက်ရှိနေသည်။ လေဝှေ့သော်

ဘယ်ကိုမျှ သွားစရာ မရှိသူအချို့က ကျောင်းဆောင်များ၌ပင် မျက်စိသူငယ်နှင့် ကျန်ရစ်သည်။ အချို့ကမူ တက္ကသိုလ်အပျော်တမ်းတပ်အတွက် မဖြစ်မနေ ဆက်ကြိုးစားနေကြသည်။

ထိုညနေက ဘာမျှလုပ်စရာမရှိသော အေးဝင်းနှင့် သက်ခိုင်တို့သည် တက္ကသိုလ်တစ်ခွင်လုံးနှံ့အောင် လမ်းလျှောက်ကြသည်။

ပြည်နှင့် တကောင်းကျောင်းဆောင်တွင်းရှိ စိန်ပန်းပြာပင်တို့သည် ပင်လုံးကျွတ်ပွင့်ပြနေ၏။ ပွင့်ဖတ်ပြာပြာတို့သည် ကြွေလည်း ကြွေနေကြသေး၏။

အဆောင်ချင်းကူးသောလမ်းပေါ်တွင် ကြွေပွင့်လွှာပြာပြာများ နင်းရက်စဖွယ်မရှိအောင် ဖုံးလွှမ်းနေ၏။

ယခင်အခါများက တပေါင်း သို့မဟုတ် မတ်လတိုင်မှ ရွက်ဝါကြွေသည်ဟု ယေဘုယျမှတ်သားမိသည်။ ယခု သတိပြုကြည့်ရှုမိခါမှ ဆောင်းမကုန်မီ ရွက်တို့ဝါစပြုသည်ကို မြင်မိကြ၏။ တစ်ရွက်စ နှစ်ရွက်စလည်း ကြွေကြလေပြီ။ အပင်များအားလုံးပေါင်းသော် မြေပြင်၌ ရွက်ဝါများလုံလုံလောက်လောက်ရှိနေသည်။ လေဝှေ့သော် မြေပြင်မှ ရွက်ဝါတို့ သဲသဲရုတ်ရုတ်ထလွင့်ပျံကြ၏။

စည်ကားလှသော တက္ကသိုလ်နယ်မြေတစ်ခွင်သည် ဆိတ်သုဉ်းသည်ဟုဆိုရမလောက် သွေ့ခြောက်နေ၏။

ယခင်က ညနေတိုင်လျှင် တက္ကသိုလ်နယ်မြေ၌ အစိုပြည်ဆုံးဖြစ်သည့် အင်းယားကျောင်းဆောင်၌ပင် အသက်မရှိ။ လူလည်းမဲ့ကာ ကားလည်းရှင်းနေ၏။ အဆောင်ရှေ့မှ ပန်းမန်များကသာ လေ၌လှုပ်ရှားနေ၏။ သည့်အပြင် အခြားလှုပ်ရှားမှုဟူ၍မရှိ။ မရှိ။

အေးဝင်းနှင့် သက်ခိုင်သည် ဘုတ်ကလပ်ကျွန်းဆွယ်၌ ထိုင်ငေးကြသည်။ စကားတစ်လုံးစ၊ နှစ်လုံးစသာ ဆိုမိကြ၏။ ငေးရ၊ တွေးရသည်မှာ အရသာရှိသကဲ့သို့ ဖြစ်နေ၏။

အင်းယားရေပြင်ပေါ်သို့ ရွက်ဝါဦးများ ခုန်ချနေကြ၏။

မြောက်ဘက် တောတန်းတို့ထိပ်၌ နှင်းငွေ့ဝေနေသည်။ နှင်းငွေ့များကိုလွန်ကာ မီးခိုးလုံးများ အူတက်လာနေ၏။

အမြောက်သံလော. . . မော်တာသံလော. . . မသိသောပေါက်ကွဲသံများသည် ဟိန်း၍ထွက်ပေါ်လာနေ၏။ ရေပြင်နှင့် မြေပြင်က ဤအသံများကို ပဲ့တင်ပြန်ထပ်နေ၏။

နေဝင်မှ သူငယ်ချင်းနှစ်ယောက် ထပြန်လာကြသည်။ ဝမ်းထဲကဆာမှ ငွေတွက်ကြည့်ကြသည်။ နှစ်ဦးပေါင်းမှ အကြွေခြောက်မူးတိတိ ချမ်းသာကြ၏။

လှည်းတန်းထိပ်ရှိ ထမင်းနှင့်အကြော်တွဲရောင်းသော မိန်းမပျိုနှစ်ဦး ရောင်းသည့်ဆိုင်သို့ ရောက်ခဲ့ကြ၏။

ထမင်းတစ်ပွဲကား တစ်မတ်ဖြစ်၏။ တစ်ယောက် တစ်ပွဲဆိုလျှင် ငါးမူးကျမည်။

အေးဝင်းက တည်ကြည်ခံ့ညားစွာ မှာသည်။

“ထမင်းနှစ်ပွဲ ပေးပါဗျို့”

အကြီးမ မိန်းမပျိုက အနီးသို့ကပ်လာပြီး အေးချမ်းသော အပြုံးလေးနှင့် မေး၏။

“ဟုတ်ကဲ့ရှင်. . . ဘာဟင်း စားပါမလဲ”

အေးဝင်းက သက်ဆိုင်ကို လှမ်းကြည့်သည်။ သက်ခိုင်က အတန်ကြာမှ လေးပင်စွာဖြေသည်။

“ဟင်း. . . မစားတော့ပါဘူး၊ ဘူးသီးကြော်တစ်မူးဖိုးပေးပါ”

မိန်းမပျိုက သူတို့နှစ်ဦးကို ခေတ္တမျှနားမလည်ဟန်ကြည့်သည်။ထို့နောက် ဘာမျှမပြောတော့ဘဲထွက်သွား၏။

ထမင်းနှစ်ပွဲရောက်လာသည်။ ဘူးသီးကြော် နှစ်ချပ်လည်း ပါလာ၏။

အေးဝင်းနှင့် သက်ဆိုင်သည် အလကားရသော ဆား၊ လက်ဖက်ရည်ကြမ်းအိုးတို့ အကူအညီနှင့် ဘူးသီးကြော်နည်းနည်းစီ ကိုက်လိုက်၊ ထမင်းလုတ်ကြီးကြီး သွတ်လိုက်နှင့် ညစာကို မြိန်ရှက်စွာစားကြသည်။

ဆိုင်ရှင် မိန်းမပျိုနှစ်ဦးက သူတို့နှစ်ဦးအား ငေးကြည့်ရင်း တိုးတိုးပြောနေကြသည်။

ဘူးသီးကြော်မကုန်မီ ထမင်းကပြောင်သွားကြ၏။ သူငယ်ချင်းနှစ်ဦးသည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကြသည်။ ဗိုက်များကလည်း မဝကြသေး။

ဆိုင်ရှင် အကြီးမသည် ထမင်းနှစ်ပွဲ ထပ်လာချပေး၏။

အေးဝင်းက မျက်လုံးပြူး၍ လက်နှစ်ဖက်ကာပြသည်။

“တော်ပါပြီခင်ဗျ၊ ကျွန်တော်တို့. . . ဝ. . ဝ. . ဝ. . ပါပြီ”

အငယ်မက ဘူးသီးကြော်တစ်ပန်းကန် မောက်မောက်လာချပေးပြန်၏။

အေးဝင်းနှင့် သက်ခိုင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောင်နေကြသည်။

အငယ်မက ခစ်ခနဲ ရယ်သည်။အကြီးမကသာ သက်ခိုင်တို့ကို ကရုဏာမကင်းသော မျက်လုံးများနှင့်ကြည့်၍ ဆို၏။

“မရှက်ကြပါနဲ့ရှင်၊အားလည်း မနာကြပါနဲ့၊ ရှင်တို့တက္ကသိုလ်ကျောင်းသားတွေ ဘယ်လောက် ဒုက္ခရောက်နေ တယ်ဆိုတာ ကျွန်မတို့ သိပါတယ်။ ကျွန်မတို့ဆိုင်တွေ အားလုံးဟာလည်း ရှင်တို့ကိုမှီပြီး အသက်မွေးဝမ်းကျောင်းခဲ့ရတာပါ။ အခု ကျွန်မတို့က ကျေးဇူးပြန်ဆပ်တာပါ”

စာရေးဆရာနှင့် ကဗျာဆရာတို့သည် ဤစျေးသည်မလေး၏ စေတနာကို တုံ့ပြန်ရန် စကားရှာမတွေ့ကြ။ သူကလေး၏ စေတနာကို လက်ခံသည့် အနေနှင့်သာ ထမင်းငုံ့လွေးတော့၏။

ထမင်းစားပြီးကြသောအခါ အေးဝင်းနှင့် သက်ခိုင်က ရှိသမျှ အကြွေခြောက်မူးကို ထုတ်ပေးကြ၏။

စျေးသည်မလေးက ခေါင်းခါသည်။

“နောင်တစ်နေ့ကျမှပဲ ပေးကြပါရှင်၊အခု ကျွန်မ မယူရက်ဘူး”

အေးဝင်းသည် ခေါင်းကျိုးကျသွားသည်။

သက်ခိုင်သည် ခြောက်မူးသောအသပြာကို အိတ်တွင်းပြန်ထည့်လိုက်ပြီး ဖြေ၏။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

## တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မီးသတ်စခန်း၌ ဝန်ထမ်းအိမ်ရာတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး



**မြိတ် အောက်တိုဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ မြစ်ငယ်ရပ် ကရာနီမီးပွိုင့်အနီးရှိ မီးသတ်စခန်းတွင် တစ်ထပ်လုံးချင်း အရာရှိနေအိမ်တစ်လုံးနှင့် နှစ်ခန်းတွဲ ခြောက်ထပ် ဝန်ထမ်းနေအိမ်တစ်လုံးတည်ဆောက်မှုမှာ လက်ရှိတွင် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြိတ်မြို့နယ် မီးသတ်စခန်း၌ အလျား ၂၇ ပေ၊ အနံ ၄၄ ပေ၊ အမြင့် ၁၂ ပေ၊ အာရ်စီတစ်ထပ်လုံးချင်း သံကူကွန်ကရစ်အမျိုးအစား အရာရှိနေအိမ်တစ်လုံး၊ ခွင့်ပြုငွေ ၃၇ ဒသမ ၀၄၄ သန်းဖြင့် အလျား ၅၀ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၆၀ ပေရှိ နှစ်ခန်းတွဲခြောက်ထပ် ၁၂ ခန်းပါ အာရ်စီသံကူကွန်ကရစ်အမျိုးအစား ဝန်ထမ်းအိမ်ရာတစ်လုံး၊ ခွင့်ပြုငွေ ၃၀၀ ဒသမ ၀၀၀ သန်းဖြင့် ၂၀၁၅ ခုနှစ် မေ ၂၀ရက်မှ စတင်၍ ထူးထက်ရှိန်ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့သည်။

အဆိုပါတည်ဆောက်မှုကို အောက်တိုဘာလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အခုအချိန်မှာ မီးငြိမ်းသတ်ယာဉ်စက်နဲ့ ပစ္စည်းကိရိယာ အလုံအလောက်ရှိပါတယ်။ အရန်မီးသတ်စခန်းရှစ်ခုမှာလည်း မီးသတ်ယာဉ် ၁၃ စီးရှိပါတယ်။ မြိတ်ဒေသဟာ ပူအိုက်စွတ်စိုရာသီဥတုရှိလို့ နှစ်ပတ်လည်မီးဘေးအန္တရာယ်စိုးရိမ်ရတဲ့အတွက် မီးဘေးကာကွယ်ရေးစစ်ဆေးမှုကို စီမံချက်ဖြင့် နှစ်ပတ်လည် စစ်ဆေးပါတယ်။ မီးလောင်သတင်းအမြန်ရရှိအောင် မီးသတ်စခန်းဖုန်းနံပါတ်တို့ကို ကြေညာပေးထားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်တွေမှာလည်း စကားပြောစက်တွေ ရှိပါတယ်။ အမြန်ဆုံး မီးငြိမ်းသတ်နိုင်ရေးအတွက် ပထမအုပ်စုကို တစ်မိနစ်အတွင်းထွက်နိုင်အောင် စီစဉ်ထားရှိပြီး မီးလောင်မှုကြီးပါက ဒုတိယအုပ်စုထွက်ပြီး မီးငြိမ်းသတ်နိုင်ရန် စီစဉ်ထားရှိပါတယ်" ဟု ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက ပြောသည်။

ဆက်လက်၍ အထပ်မြင့်အဆောက်အအုံများတွင် မီးလောင်သည့်အခါ အရေးတကြီးလူ့အသက်ကယ်ဆယ်နိုင်ရေးအတွက် အရေးပေါ်လှေကားသီးခြားထားရှိပြီး အဆောက်အအုံအထပ်တိုင်းတွင် ရေပိုက်လိုင်းများသွယ်တန်းထားရှိရန်နှင့် အထပ်မြင့်များအတွက် မီးသတ်ယာဉ်နှင့်တွဲဖက်အသုံးပြုရန် လျှပ်စစ်ဌာနမှ ဟိုက်ဒရောလစ်ယာဉ်ဖြင့် တွဲဖက်အသုံးနိုင်ရန် ပူးပေါင်းလေ့ကျင့်ထားပြီးဖြစ်ကြောင်း၊ မီးသတ်ယာဉ်ပါလှေကားများထောင်ပြီး ငြိမ်းသတ်ရန် စီစဉ်ထားရှိလေ့ကျင့်ပေးလျက်ရှိကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းကပြောသည်။

**မြင့်ဦး(မြိတ်)**

## မိုးခေါင်နေ၍ နွားထိုးကြီးမြို့နယ်တွင် လွန်ဆွဲပွဲ ငါးရက်တိုင်တိုင် ကျင်းပမည်

**နွားထိုးကြီး အောက်တိုဘာ ၃**

မိုးခေါင်လျက်ရှိနေသော နွားထိုးကြီးနယ်တွင် မိုးရွာသွန်းစေရန်အတွက် မိုးခေါ် လွန်ဆွဲပွဲကို အောက်တိုဘာ ၇ ရက်မှစ၍ ငါးရက်တိုင် ကျင်းပသွားရန်စီစဉ်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ကပြောသည်။

အဆိုပါ လွန်ဆွဲပွဲကျင်းပရာတွင် ရှေးဦးစွာပင့် သံဃာများနှင့် မိုးကမ္ဘဝါဖတ်၍ ငါးရံ့မင်းပရိတ်ရွတ်ဖတ်ကြပြီး လွန်ဆွဲပွဲများ ငါးရက်တိုင် မြို့ဦးရှိ ရှင်ပင်သာဒွန်းဦးဘုရားဝန်း၌ စည်ကားစွာကျင်းပမည်ဟု ၎င်းကဆက်ပြောသည်။

မိုးခေါ် လွန်ဆွဲပွဲပြုလုပ်ရန်အတွက် ဆောင်ရွက်နေစဉ်အတွင်း မိုးအနည်းငယ်ရွာသွန်းလာသဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝမ်းသာကြပြီး အဆိုပါမိုးခေါ် လွန်ဆွဲပွဲကို ယုံကြည်မှုကြောင့် ကျင်းပသွားမည်ဖြစ်၍ ဒေသမိုးလိုမှုကိုဖြည့်ဆည်းပေးရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်၌ ဆည်၊ ကန်များ တစ်နိုင်တစ်ပိုင်ကန်များ ၈၆၀ ကျော်မှာ မိုးရေမရှိဘဲ ရေလိုနေ၍ မိုးမျှော်နေရပြီး မိုးခေါင်မှုကို သုံးနှစ်တိုင်တိုင် ခံစားနေရပြီး မိုးပါးနေခဲ့သည်။ **ဌေးမြင့်မောင်**

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ပန်ကောက်ကျေးရွာတွင် ကျေးရွာမြေငှားဂရန် ထုတ်ပေးပွဲကျင်းပ

**ဟိုပန် စက်တင်ဘာ ၃**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပန်ကောက်(ကချင်)ကျေးရွာတွင် ကျေးရွာနေပြည်သူများအား မြေငှားဂရန် ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ကျေးရွာစုဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခွန်စိန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးစံထွန်းတို့က ပန်ကောက်(ကချင်)ကျေးရွာမှ ပြည်သူ ၂၂ ဦးအား နှစ် ၃၀ သက်တမ်းရှိ မြေငှားဂရန်ကို တစ်ဦးချင်းထုတ်ပေးခဲ့သည်။

မြေငှားဂရန်ထုတ်ပေးသည့် အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် ဆင်းရွှေသွယ် (၃) လမ်း မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**တပ်ကုန်း အောက်တိုဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် ဆင်းရွှေသွယ် ၃ လမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ရာတွင် အလျား ၁၉၅၀ ပေ၊ အကျယ် ၁၂ ပေ၊ လမ်းပခုံးတစ်ဖက် ၃ ပေ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရေစီးရေလာကောင်းမွန်စေရေးအတွက် အလျား ၂၄ ပေ၊ အနံ ၅ ပေ box culvert တစ်စင်း၊ အရှည် ၁၈ ပေ၊ အချင်း ၁ ဒသမ ၅ ပေ pipe culvert သုံးစင်းနှင့် မြေသားမြောင်း ၃၉၀၀ ပေတို့ကိုလည်း တစ်ပါးတည်းဆောင်ရွက်လုပ်ငန်းများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးလွင်မောင်မောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ဆရာစံရပ်ကွက် ဆင်းရွှေသွယ် (၃) လမ်းသည် ယခင်မြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါသွားလာရာတွင် ညီညာမှုမရှိခြင်း၊ လမ်းချော်ခြင်းများကြုံတွေ့နေရကာ ယခုမြေသားလမ်းမှာ ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးမှုကြောင့် ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော်အပါး ၁၅၀ ကျော်နှင့် အဆင့်မြှင့်ပေးသည့် ကတ္တရာလမ်းဘေးနေပြည်သူများ သွားလာရေး ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း လမ်းဘေးအနီးအိမ်မှ ဒေါ်တင်တင်ရီက ပြောပြသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများပူးပေါင်းပြီး ရေစီးရေလာမကောင်းသောနေရာများအား ရေနုတ်မြောင်းတူးခြင်းနှင့် လမ်းဂျင်းမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းရှောင်နှင့် အထောက်အကူပြုကော်မတီများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ဦးဆောင်ပြီး ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မျိုးဝင်းညို(ကျွန်းလှ)

## ခရမ်းမြို့တွင် မီးလောင်ခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့တွင် စက်တင်ဘာ ၂၉ ရက်ညက မီးလောင်ခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၃၀ ရက် ညနေ ၅ နာရီခွဲက ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် ခရမ်းမြို့ အမှတ် (၅)ရပ်ကွက်ရှိ ကျောင်းသစ်ကျောင်းတိုက်ကြီး၏ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခန်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်၊ တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ကေသီခိုင်၊ ခရမ်းမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန် ၁၇ အိတ်၊ ပစ္စည်းမျိုးစုံပါ ကစ်ပုံး ၁၇ ပုံးအား ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြန်လည်နေရာချထားရေး ရန်ကုန်တိုင်းဦးစီးဌာနမှူးရုံးမှ လှူဒါန်းသည့်ပစ္စည်းကိုးမျိုးပါ စက္ကူပုံး ၁၇ ပုံး၊ Care Myanmar Family Kits မှ လှူဒါန်းသည့် ပစ္စည်းစုံပါအိတ် ၁၇ အိတ်၊ တောင်ပိုင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှလှူဒါန်းသည့် ငွေသားကျပ်ရှစ်သိန်း၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှလှူဒါန်းငွေ တစ်သိန်း၊ ပညာအားမာန်သူငယ်ချင်းများအဖွဲ့မှ လှူဒါန်းသည့်တန်ဖိုးငွေကျပ် ၃၂၆၀၀ တန်ဖိုးရှိ (စောင်၊ ချဉ်ထောင်၊ ခေါင်းအုံး) ပါအိတ် ၁၇ အိတ်တို့ကို အသီးသီးပေးအပ်လှူဒါန်းရာ မီးဘေးသင့်သူများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးမှလက်ခံ၍ မီးဘေးသင့်ပြည်သူများလက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြသည်။

လှူဒါန်းမှုတွင် ငွေသားကိုးသိန်းကျပ်၊ ပစ္စည်းတန်ဖိုးကျပ် ၂၆၆၂၇၂ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅၆၂၇၂၂ အား ပေးအပ်ခဲ့သည်။ **ကိုမင်း(ခရမ်း)**

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပ

**မြောင်းမြ အောက်တိုဘာ ၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်၌ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအမှာစကားပြောကြားပြီး မြောင်းမြမြို့နယ် ရပ်ကွက်(၁၆) ရပ်ကွက်အတွင်းရှိ ကန်တော့ခံသက်ကြီးရွယ်အို အဘိုး၊ အဘွား ၁၆ ဦး တို့အား လိုအပ်သောအသုံးအဆောင်၊ ပစ္စည်း၊ ဆေးဝါးနှင့် ကန်တော့ခံငွေသားများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသင်းအဖွဲ့များက ပေးအပ်လှူဒါန်းခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ ကျေးရွာမီးလင်းရေး ဆိုလာမီးပေးအပ်

**သိန်းနီ အောက်တိုဘာ ၃**
လားရှိုးခရိုင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးကြပ်၍ ကျေးရွာနေပြည်သူများ မီးလင်းရေးအတွက် ဆိုလာမီးပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက မိုင်းယမ်းအုပ်စုနားမုတ်ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမီးလင်းရေး အဆင်ပြေချောမွေ့စေရန်ရည်ရွယ်ပြီး မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွဏ်းက အိမ်ခြေ ၅၀ အတွက် ဆိုလာမီးအစုံ ၅၀ ကို ကျေးရွာနေဒေသပြည်သူများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ဆိုလာမီးများကို အလွယ်တကူမပျက်စီးအောင် ထိန်းသိမ်းပေးသွားကြရန်နှင့် အကျိုးရှိရှိစွာသုံးပြုသွားကြရန် မှာကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေး မြို့နယ်ဦးစီးမှူး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာရှိ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဘဦး(ပြန်/ဆက်)**

အတွေးအမြင်

# လဲချားမြို့ ဟော်ခမ်းကျောင်းတိုက်သို့ တစ်ခေါက်

**à မိုးလွင်ဦး(လွိုင်လင်)**



ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့သည် အာဆီယံလမ်းမကြီး AH 111 ပေါ်တွင် တည်ရှိပြီး စပါး၊ ကြက်သွန်ဖြူများကို အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဒေသဖြစ်သည်။ တစ်ချိန်တုန်းက လဲချားစော်ဘွား နေထိုင်အုပ်စိုးခဲ့သည့် ဒေသဖြစ်သည်။

ကျွန်တော်သည် ဟော်ခန်းကျောင်းတိုက်သို့ မရောက်ဖူးသဖြင့် လေ့လာကြည့်ရှုခဲ့ရာ သမိုင်းပြခန်းတစ်ခုကိုတွေ့ရှိပြီး အမှတ်မထင်ဝင်ရောက်လေ့လာခဲ့ရာ ပြခန်းအတွင်း၌ လဲချားစော်ဘွား၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ စော်ဘွားကြီး၏ အသုံးအဆောင်ပစ္စည်းများကို လေ့လာတွေ့ရှိခဲ့သည်။ ယင်းနောက် ဟော်ခန်းကျောင်းတိုက်၏ အောက်ထပ်သို့ ဆင်းပြီး လေ့လာပြန်ရာ ဟော်စဝ်နွံစာကြည့်တိုက်ဟု ရှမ်း-မြန်မာ-အင်္ဂလိပ် သုံးဘာသာဖြင့် ဆိုင်းဘုတ်ချိတ်ဆွဲထားသည်။

စာကြည့်တိုက်အတွင်းတွင် ကိုရင်လေးများ စာပေဖတ်ရှုလေ့လာနေသည်ကိုတွေ့ရှိရသည်။ စကားချပ်အနေဖြင့် ဖတ်ခဲ့ဖူးသည့်စာအုပ်တစ်အုပ်မှ ကောက်နုတ်ချက်အနည်းငယ်ကို တင်ပြရသော် လူ့ဘဝတွင် ဖြတ်သန်းကြရသောပုံစံ မျိုးစုံရှိကြသည်။

ဖြတ်သန်းပုံမတူညီကြသော်လည်း အရွယ်သုံးပါးလုံးတွင် အားစိုက်ထုတ်မှု၊ ထားရှိတဲ့စိတ်၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက်၊ ဘဝနေထိုင်နည်းပုံစံများအလိုက် လူတွေရဲ့ အခြေအနေ၊ အဆင့်အတန်း၊ ဂုဏ်သိက္ခာများ ကွဲပြားသွားကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လူတိုင်းသည် စာဖတ်ကြရန်လိုအပ်ပါသည်။ စာဖတ်မှ အထက်ပါစကားချပ်များအတိုင်း သတ်မှတ်ပုံစံ ရရှိမည်ဖြစ်သည်။ လူပုဂ္ဂိုလ်တွင်မက ဘုရား၏သားတော် သံဃာတော်များ ရှင်သာမဏေများသည်လည်း ရည်မှန်းချက်၊ ရည်ရွယ်ချက်အတွက် စာဖတ်နေကြသည်ဖြစ်သည်။


အဆိုပါဟော်ခန်းစာကြည့်တိုက်တွင် သုတ၊ ရသ စာအုပ်မျိုးစုံနှင့် အဘိဓာန်များ ဆရာတော်ကြီးများ ရေးသားထားသည့် ကျမ်းစာများ၊ ဘာသာပြန်ကျမ်းစာအုပ်များဖြင့် အစီအရီ စနစ်တကျ သပ်သပ်ရပ်ရပ်ရှိပြီး တိုက်ပိုင်အမှတ်များ ကပ်ထားသည်ကို တွေ့ရှိရပါသည်။

ရဟန်းသံဃာများ၊ ကိုရင်များ မိမိတို့ဖတ်လို ငှားလိုသည့် စာအုပ်များကို အမျိုးသမီးစာရေးမနှစ်ဦးက စနစ်တကျငှားရမ်းပေးနေသည်ကို တွေ့ရှိရပြီး နေ့စဉ် သံဃာအပါးသုံးဆယ်ခန့် ငှားရမ်းကြောင်းနှင့် သံဃာများအတွက် ကျောင်းထိုင်ဆရာတော်ကြီးက သီးခြားသတ်မှတ်ပေးထားကြောင်းလည်း လေ့လာသိခဲ့ရသည်။

ဟော်ခန်းကျောင်းတိုက်သည် ယခင်က လဲချားစော်ဘွားကြီး၏ ဟော်နန်းဖြစ်ပြီး အစဉ်အဆက်ထိန်းသိမ်းလာခဲ့ရာ ယနေ့အချိန်တွင် ဘုန်းတော်ကြီးကျောင်းအဖြစ် ဆက်လက်တည်ရှိကာ သန့်ရှင်းသပ်ရပ် တည်တည်တံ့တံ့ တည်ရှိနေပေသေးသည်။

ရရှိသည့်အချိန်အတောအတွင်း ရသမျှလေ့လာမှတ်သားသမျှကို ပြန်လည်တင်ပြရခြင်းဖြစ်သည်။ အဓိကတင်ပြချင်သည်မှာ လူတိုင်းလူတိုင်း စာပေလေ့လာဖတ်ကြရန်နှင့် ဖတ်သမျှမှတ်ကြရန်၊ မှတ်ပြီးရင် မိမိအတွက်ရော တိုင်းပြည်အတွက်ရော အကျိုးရှိရှိ ပြန်လည်အသုံးချရန်ဖြစ်သည်။ သို့မှသာ ခေတ်စနစ်နှင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## မိုင်းဖြတ်တပ်မတော်ဆေးရုံ၌ ဝေဒနာရှင်များ ဆေးဝါးကုသပေး



**မိုင်းဖြတ် အောက်တိုဘာ ၃**
ဒေသခံတိုင်းရင်းသားပြည်သူများ ကျန်းမာရွှင်လန်းမှုရှိစေရန် မိတ္ထီလာမြို့ (ထီလာဦးမျက်စိကုသမှုအသင်း)မှ ဒုတိယဗိုလ်မှူးကြီးခင်ဇော်ထွန်း ဦးစီးသည့်အဖွဲ့သည် အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင် ၁၀၀ ၌ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိနှင့် အခြားရောဂါဝေဒနာရှင်များအား ကြိုပို့စနစ်ဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အခမဲ့ဆေးဝါးကုသရာသို့ အမှတ်(၁၈)စစ်ဆင်ရေးကွပ်ကဲမှုစစ်ဌာနချုပ် စစ်ဆင်ရေးရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမျိုးတင့်အောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဆေးဝါးကုသပေးရာတွင် မျက်စိဝေဒနာရှင်အမျိုးသား ၁၂၈ ဦး၊အမျိုးသမီး ၃၃၀ စုစုပေါင်း ၄၅၈ ဦးတို့ကို အခမဲ့ ဆေးဝါးကုသပေးခဲ့ပြီး မျက်မှန်လိုအပ်သူများကို စမ်းသပ်ပြုလုပ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် အခြားရောဂါဝေဒနာရှင်များကိုလည်း ဆက်လက်အခမဲ့ ဆေးဝါးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထွန်းအေး(ပြန်/ဆက်)**

## ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်

**ကလေးဝ အောက်တိုဘာ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမတွင် စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို ကလေးဝမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၏ တင်ပြချက်များအပေါ် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေရရှိရေးလုပ်ငန်းကိုးခုအတွက် ကျပ်သိန်း ၂၂၀၊ ကျေးလက် လမ်း၊ တံတား ၂၁ ခုအတွက် ကျပ်သိန်း ၅၂၆၊ ပြည်သူလူထုအမှန်တကယ်လိုအပ်သော အခြားလုပ်ငန်း ၁၀ ခုအတွက် ကျပ်သိန်း ၂၅၄ စုစုပေါင်း ကျပ်သိန်း ၁၀၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သီဟ(ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၁၅) ဆင်း

**ချောက် အောက်တိုဘာ ၃**
ချောက်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၁၅) ဆင်းပွဲအခမ်းအနားကို မြို့နယ်ထွေအုပ်ရုံးအစည်းအဝေးခန်းမတွင် စက်တင်ဘာ ၃၀ ရက် ညနေ ၅ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီးနောက် မီးသတ်စက်ကလေးပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးကိုမှလည်း စစ်ရေးပြပြိုင်ပွဲဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ပြီး သင်တန်းသားများအား ဦးစီးအရာရှိ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲထွေးအောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဝင်းအိမွန်(ပြန်ဆက်)**

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ရှိ သက်ရွယ်စုံညီလူ့ဘောင်ဆီသို့ မုံရွာဘိုးဘွားရိပ်သာတွင် စက်တင်ဘာ ၃၀ ရက်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြို သက်ကြီးအဘိုးအဘွားများအား မုံရွာမြို့ ပြည်သူ့ဆေးရုံဆရာဝန်ကြီး ဦးညွှန့်သန်းနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့မှ အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ အထူးကုဆရာဝန်ကြီးများအဖွဲ့မှ မုံရွာမြို့ ဘိုးဘွားရိပ်သာရှိ အဘိုး ၂၈ ဦးနှင့် အဘွား ၇၀ ဦးတို့အား သွားခံတွင်း၊ နားနှာခေါင်းလည်ချောင်း၊ အရိုးအကြော၊ အရေပြား၊ အကြောအဆစ်၊ အထွေထွေရောဂါများနှင့် မျက်စိခွဲစိတ် ကုသခြင်းများဆောင်ရွက်ပေးပြီး ပရဟိတအသင်းများမှလည်း သက်ကြီးအဘိုးအဘွားများအား ကူညီစောင့်ရှောက်မှုများ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ - သန်းဌေးအောင်(ကနီ)



## ကန့်ဘလူမြို့နယ်(မစက)က အခြေခံပညာကျောင်းများသို့ အလှူငွေပေးအပ်

**ကန့်ဘလူ အောက်တိုဘာ ၃**
ကန့်ဘလူမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီ (မစက)က အခြေခံပညာကျောင်းများသို့ အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီက မြို့နယ် (မစက) ရုံး၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ် (မစက) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် (မစက) ဥက္ကဋ္ဌ ဦးသောင်းငွေက အခြေခံပညာကျောင်းများသို့ စာသင်ခုံဖိုး ငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲတွင် စာသင်ခုံတစ်လုံးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ဂါထာကျေးရွာအုပ်စု စလွယ်အ. မ. က၊ ဆားတွင်းကြီးအ. မ. က(ခွဲ)နှင့် ပေကုန်းတောင်ကျေးရွာအုပ်စု ချောင်းခြားအ. မ. ကကျောင်းများအတွက် စာသင်ခုံငါးလုံးစီ (ကျပ် ၁၅၀၀၀၀ စီ) နှင့် တည်ပင်ကျေးရွာအုပ်စုဖလားရ အ. မ. က(ခွဲ) ကျောင်းအား စာသင်ခုံနှစ်လုံး (ကျပ် ၆၀၀၀၀) တို့ကို လှူဒါန်းခဲ့ကြောင်းနှင့် အခမ်းအနားသို့ မြို့စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် (မစက) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# FDAမှ စက်ရုံအတွင်းနှင့်ဈေးကွက်အတွင်းရှိ ရေသန့်နမူနာများကို ဝယ်ယူစစ်ဆေးမည်

**မကွေး အောက်တိုဘာ ၃**

ရေသန့်ဝယ်ယူသုံးစွဲသူများ၏ စားသုံးသူအခွင့်အရေးကို အကာအကွယ်ပေးနိုင်ရန်အတွက် စက်ရုံများတွင် ဝင်ရောက် စစ်ဆေးခြင်းသာမကဘဲ ဈေးကွက်ထဲရှိ ရေသန့်နမူနာများကို ဝယ်ယူပြီး စစ်ဆေးသွားမည်ဖြစ်ကာ စစ်ဆေးချက်မအောင်မြင်ပါက လုပ်ငန်းလိုင်စင် ပြန်သိမ်းသွားမည်ဖြစ်ကြောင်း၊ ထိခိုက်မှုအခြေအနေအရ အစားအသောက်ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း FDA ရုံးတာဝန်ခံ ဦးစီးအရာရှိ ဒေါက်တာပြည့်ထူးက မကွေးဒေသရေသန့် လုပ်ငန်းရှင်များအား တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တွေ့ဆုံအသိပေးပြောကြားခဲ့ကြောင်း သိရသည်။

"တစ်နိုင်ငံလုံးမှာ ရေသန့် လုပ်ငန်း၈၀၀ ကျော်ရှိပြီးတော့ မကွေးတိုင်းဒေသကြီးမှာလုပ်ငန်း ၅၀ ခန့်ရှိပါတယ်။ သုံးစွဲသူအခွင့်အရေးအရ ရေသန့်လို့ပြောပြီး ထုတ်လုပ်ရောင်းချရင် အမှန်တကယ်သန့်ဖို့ လိုအပ်ပါတယ်။ စက်ပစ္စည်း၊ အဆောက်အအုံနဲ့လုပ်သား အဲဒီသုံးမျိုးကြောင့် ရေမသန့်တာ ဖြစ်နိုင်ပါတယ်။

အထူးသဖြင့် စစ်ဆေးမှု အတွေ့အကြုံအရ လုပ်သားကြောင့် ရေမသန့်တာပိုအဖြစ်များပြီး လုပ်ငန်းရှင်တွေဘက်ကလည်း စစ်ဆေးတဲ့ရက်မှာပဲ သတ်မှတ်ထားတဲ့ ပစ္စည်းတွေကို အသုံးပြုတာကိုတွေ့ရပါတယ်။ အဲဒါကြောင့် ဈေးကွက်ထဲက ရေသန့်နမူနာတွေကို ဝယ်ယူစစ်ဆေးပြီး မှတ်

## မအောင်မြင်ပါက လုပ်ငန်းလိုင်စင် ပြန်သိမ်းသွား. .

တမ်းတင်အရေးယူမှုတွေ လုပ်ဆောင်သွားပါမယ်"ဟု ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

GMP နဲ့အညီ ထုတ်လုပ်ထားသော ကုန်ပစ္စည်းတစ်ခုတွင် အစားအသောက် အမျိုးအစားအလိုက် အတည်ပြုလက်ခံထားသည့် အမျိုးအစားမှန်ကန်မှု၊ စစ်မှန်မှု၊ သန့်ရှင်းမှုနှင့် ဘေးဥပဒ်ကင်းရှင်းမှု စသည့် သတ်မှတ် အရည်အသွေးများနှင့် ပြည့်စုံရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

စားသုံးသူများအနေဖြင့် ရေသန့်ထဲတွင်ပါဝင်နေသည့် အဏုဇီဝပိုးမွှားများ၊ ဓာတုသတ္တုဓာတ်ကြွင်းများအား အလွယ်တကူ မသိရှိနိုင်ကြောင်း၊ ရေသန့်ဖြစ် ရန် လုပ်ငန်းအဆင့်များစွာရှိသည့်အနက် အဆင့်တစ်ဆင့်၌ ချို့ယွင်းမှုရှိပါက ပါဝင်သွားမည့် ပိုး(သို့) ဓာတ်ကြွင်းသတ္တုများသည် စားသုံးသူများကို အန္တရာယ်ပေးနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း ရေသန့်လုပ်ငန်း ၄၆ ခု ခန့် မှတ်ပုံတင်ထားရှိပြီး မှတ်ပုံတင်မကျသေးဘဲ ထုတ်လုပ်ဖြန့်ဖြူးနေသော လျှောက်ထားဆဲလုပ်ငန်း ၁၀ခုခန့်ရှိကြောင်း FDA မှတ်တမ်းများအရ သိရသည်။

"မကွေး ရေသန့်လုပ်ငန်းကို သုံးကြိမ်စစ်ဆေးခဲ့ပါတယ်။ ဒီမှာ သုံးကြိမ်လုံးမအောင်တဲ့ လုပ်ငန်းတစ်ခုပဲ တွေ့ရပါတယ်။ သူ့ကိုနောက်တစ်ကြိမ် အခွင့်အရေးပေးထားပြီး ဆက်ပြီးမအောင်ဘူးဆိုရင်တော့ ထောက်ခံချက် ထုတ်ပေးဖို့ မဖြစ်နိုင်တော့ပါဘူး။ စားသုံးသူ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ဖို့ စစ်ဆေးအရေးယူမှုတွေ တင်းတင်းကျပ်ကျပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အစားအသောက်ဌာနခွဲ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်ချိုလင်းက အတည်ပြုပြောကြားခဲ့သည်။ **ဇေယျာတု(မကွေး)**



## မိုင်းဆတ်မြို့နယ် ဝိန်းလိတ်ကျေးရွာ၌ ကျေးလက်မီးလင်းရေး ဆိုလာပြားများပေးအပ်

**မိုင်းဆတ် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝိန်းလိတ်ကျေးရွာ၌ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ဆိုလာမီးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုရေးနည်းပညာ သရုပ်ပြရှင်းလင်းပွဲနှင့် ဆိုလာပြားများ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်လွင်တို့က ဝိန်းလိတ်ကျေးရွာနှင့် စုတ်ကြမ်းကျေးရွာရှိ အိမ်ခြေအားလုံးသို့ ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ ၅၈ စုံကို ပေးအပ်ခဲ့သည်။

ထို့နောက် ဇမ္ဗူရာဇ်ပုလဲစွမ်းအင်ကုမ္ပဏီမှ တာဝန်ခံ ဦးကျော်ဇေလင်းက ဆိုလာမီးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုရေးနည်းပညာများကို သရုပ်ပြရှင်းလင်းပြသခဲ့သည်။

အဆိုပါ ဆိုလာမီးများ အိမ်တိုင်ရာရောက်နည်းစနစ်တကျ တပ်ဆင်ပေးခြင်းလုပ်ငန်းကို ဇမ္ဗူရာဇ်ပုလဲစွမ်းအင်ကုမ္ပဏီက အောက်တိုဘာ ၁၀ ရက်အပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျေးရွာလုံးကျွတ် မီးလင်းတော့မည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းဆတ်မြို့နယ်ရှိ ကျေးရွာခုနစ်ရွာသို့ ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်း ၃၀၁ စုံကို တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသရှိ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးသည် အဓိကကျသဖြင့် နိုင်ငံတော်မှ စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

**သန်းဇော်**(Iprd)



## နတ်မောက်တွင် မိုးစပါး ၁၁၁၈၄ ဧကစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်

**နတ်မောက် အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ၂၀၁၅- ၂၀၁၆ ခုနှစ်မိုးစပါးစိုက်ပျိုးနိုင်ရန် ရေသောက်နည်းလမ်းအလိုက် မြို့နယ်ချုပ်စုစုပေါင်း ၁၁၁၇၈ ဧကစိစစ်လျာထားဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်အထိ ကွင်းပိတ်စိုက်ပျိုးနိုင်မှုအရ မိုးစပါး ၁၁၁၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အောက်တိုဘာ ၂ ရက်အထိ မိုးရွာသွန်းမှုသည် ယခင်နှစ်ပတ်လုံး မိုးရွာသွန်းမှုထက် မိုးရေချိန် ၂ လက်မကျော် ပိုမိုရွာသွန်းခဲ့ပြီး ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း မေ ၁၇ ရက်မှ မိုးဦးစတင်ရွာသွန်းခဲ့ပြီး မိုးဦးသီးနှံများ ပိုမိုစိုက်ပျိုးနိုင်ခဲ့သဖြင့် မိုးစပါးစိုက်ခင်းများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး နှောင့်နှေးမှုများရှိခဲ့သော်လည်း မြို့နယ်ချုပ်မိုးစပါး ကွင်းပိတ်စိုက်ပျိုးနိုင်မှုအရ စိစစ်လျာထားဧကအပေါ် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မိုးကောင်းသောက် စိုက်ဧရိယာ ကျယ်ပြန့်သည့် နတ်မောက်မြို့နယ်တွင် ဒေသရေမြေသဘာဝအရ သက်တမ်းတို အထွက်ကောင်းပြီးရေလိုအပ်မှု လျော့နည်းနိုင်သည့် သီးနှံမျိုးကွဲများ ပိုမိုဖြန့်ဖြူး စိုက်ပျိုးနိုင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထူးအထွက်ကောင်း သီးနှံမျိုးကွဲများဖြစ်သည့် စပါး (သက်လတ်မျိုး ပုလဲသွယ်၊ ရတနာတိုး၊ ဆင်းသုခ၊ မနောသုခ)၊ မြေပဲ (ဆင်းပဒေသာ-၁၁)၊ နှမ်း (စမုံနက်၊ မကွေးနက် ၂/၁၄)၊ နေကြာ (စပ်မျိုး၊ ဆင်းရွှေကြာ-၂)၊ ပဲတီစိမ်း(ရေဆင်း-၁၁)၊ ရေဆင်း-၁၄) စသည့်သီးနှံအလိုက် ဒေသနှင့် သင့်တော်ဖြစ်ထွန်းသည့်အထွက်ကောင်းမျိုးများအား အဓိကထား ဖြန့်ဖြူးပေးလျက်ရှိသည်။

ဒေသအတွင်း မျိုးသန့်မျိုးစေ့များ ဆက်လက်ပွားများ ဖြန့်ဖြူးနိုင်ရေးအတွက် ဒေသနေ အကျိုးဆောင်တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းကပြောသည်။ **ဥမ္မာခင်(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်တွင် လွှတ်တော်ရန်ပုံငွေနှင့် ရွာသူရွာသားများလှူဒါန်းမှုဖြင့် ရေလှောင်ကန် တည်ဆောက်လျက်ရှိ

**ကျွန်းလှ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သံဘိုကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ် ၁၅ သိန်းနှင့် ရွာသူရွာသားများ လှူဒါန်းမှုဖြင့် ရေလှောင်ကန် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေလှောင်ကန်မှာ ရေစင် အမြင့် ၇ ပေ၊ ရေလှောင်ကန်အမြင့် ၅ ပေ၊ အကျယ် ၁၁ ပေရှိပြီး ရေသိုလှောင်နိုင်မှုပမာဏ ဂါလန် ၃၅၀ ရှိ၍ ရွာသူရွာသားများ ဦးဆောင်တည်ဆောက်ကာ ငွေကျပ်သိန်း ၄၀ ကျော် ကုန်ကျမည်ဖြစ်သည်။

"ကျွန်တော်တို့ ကျေးရွာလေးမှာ လက်နှိပ်ဘုံဘိုင် ၁၅ တွင်း လောက်ရှိပေးမယ် တချို့ရေတွင်းတွေက ရေငန်သာထွက်ရှိပါတယ်။ အရင်က ရွာအပြင် ရေတွင်းမှ ပိုက်လိုင်းဖြင့် ယာယီရေကန်အတွင်းထည့်ပြီး သုံးစွဲကြရပါတယ်။

အခုလို ရေသိုလှောင်ကန် တည်ဆောက်ပြီးတော့မြေသားရေကန်ကရေကိုလည်း သွယ်ယူရရှိတော့မှာဖြစ်တဲ့အတွက် ရွာသူရွာသားတွေအတွက် သောက်သုံးရေအလွယ်တကူ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်ဟု ကျေးရွာနေ ဦးလှတိုးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာအခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**တောင်တွင်းကြီး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ တိုင်းပညာရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်ပညာရေးမှူးတို့က အမှာစကားပြောကြားခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းတို့က ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ပြောကြားကာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်လှမြင့်က ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။ **၅၈၀**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ယာယီပိတ်ထားသော စာသင်ကျောင်း ကိုးကျောင်းအနက် အ-မ-က အုန်းပင်စုနှင့် အ-မ-က ဂန့်ဂေါ်ကျောင်းနှစ်ကျောင်းသည် အောက်တိုဘာ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ ကျန်ကျောင်း ခုနစ်ကျောင်းသည် ဖွင့်လှစ်နိုင်ခြင်း မရှိသေးပေ။ အ-မ-က အုန်းပင်စုကျောင်းသည် ပတ်ဝန်းကျင်တွင် ရေများရှိနေသေးသဖြင့် ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်စိုးရိမ်ရပြီး ယခုပိတ်ရက်များအား ဖြည့်စွက်အစားထိုး သင်ကြားပေးမည်ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ဝင်းကြိုင်(ပြန်/ဆက်)

## အာကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**ညောင်လေးပင် အောက်တိုဘာ ၃**

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလားအမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါ အခမ်းအနားသို့တိုင်း/ခရိုင်မှတာဝန်ရှိသူများ မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် ပြိုင်ပွဲဝင်အသင်း ၂၇ သင်းမှ ကစားသမားများ တက်ရောက်ကြပြီး အောက်တိုဘာ ၁ ရက်မှ ၂၁ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။ **ညောင်လေးပင်(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်စိုက်ပျိုးရေးတောင်သူများအား သွင်းအားစုများ ကူညီပံ့ပိုး ထောက်ပံ့ပေးအပ်

**နတ်မောက် အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီအတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ၊ စံပြကွက်၊ စမ်းသပ်ကွက်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အကျိုးဆောင်တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သွင်းအားစုများ ကူညီပံ့ပိုး ဖြည့်ဆည်းခြင်းအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့်အတူ တိုင်းဒေသကြီးအဆင့် မြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံကာကွယ်ရေး တာဝန်ခံသုံးဦး၊ ခရိုင်ဦးစီးမှူးနှင့် ခရိုင်မြေအသုံးချရေး၊ သီးနှံကာကွယ်၊ မျိုးစေ့တာဝန်ခံသုံးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်ငါးဦးနှင့် ဒေသခံတောင်သူ ၃၆ ဦးတို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဌာနဦးစီးမှူးက ဒေသ၏ ရေမြေသဘာဝအရ ဆောင်ရွက်သင့်သည့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးမှ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ၏ ဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးလုပ်ငန်းစဉ်များနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးမှ အကျိုးဆောင်တောင်သူဦးကြီးများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်စု နယ်မြေအလိုက် တောင်သူများမှ စိုက်ပျိုးရေးလုပ်ငန်းများ၊ သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး နည်းပညာများ ဆွေးနွေးမေးမြန်းကြပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၏ အစီအစဉ်ဖြင့် စိုက်ပျိုးရေးတောင်သူ ၃၃ ဦးအား စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ကွန်ပေါင်းမြေသြဇာ ၃၃ အိတ်၊ ဂျစ်ပဆန်မြေသြဇာ ၃၃ အိတ်၊ အားဖြည့်ဇီဝစူပါ ၁၆၅ ဘူး၊ နေပီယာမြက်မျိုးကိုင်း ၄၅၀ နှင့် နေကြာမျိုးသန့်မျိုးစေ့ ၁၅ ကေစာတို့အား အခမဲ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **လှဝင်း(ပြန်/ဆက်)**

## ပြောင်းခင်းသို့ ဝင်ရောက်စားသောက် ဖျက်ဆီးခဲ့သည့် မျောက်များအား လိုက်လံဖမ်းဆီးခြောက်လှန့်မှုပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၃**

ပြောင်းခင်းများသို့ ဝင်ရောက်စားသောက်ဖျက်ဆီးခဲ့သည့် မျောက်များအား လိုက်လံဖမ်းဆီးခြောက်လှန့်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဇေယျာသီရိမြို့နယ်ရှိ ကျောက်ဖျာကျေးရွာမှ ပြောင်းခင်းရှင်များက ကြေးမုံသတင်းစာသို့ ပြောပြခဲ့သည်။



မျောက်များဝင်ရောက်စားသောက်ခဲ့၍ ပျက်စီးခဲ့သည့်ပြောင်းဖူးများအား စုပုံထားသည်ကိုတွေ့ရစဉ်။

နေပြည်တော်ကောင်စီနယ် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စုတွင် ပြီးခဲ့သည့်လကုန်ပိုင်းက ရွာသားများစိုက်ပျိုးထားသည့် ပြောင်းခင်းများအား မျောက်များအကောင်အရေအတွက်ရာကျော်မျှ ဝင်ရောက်စားသောက် ဖျက်ဆီးခဲ့မှုများရှိခဲ့သည်။

ယင်းသို့ ဝင်ရောက်စားသောက် ဖျက်ဆီးမှုများကြောင့် ရွာသူ၊ ရွာသားများ စိုက်ပျိုးထားသည့် ခူးဆွတ်ခါနီး ပြောင်းခင်းများမှာ ပျက်စီးမှုရှိခဲ့ခြင်းကြောင့် အဆိုပါပြောင်းခင်းရှင်များမှာ များစွာဆုံးရှုံးထိခိုက်မှုများရှိခဲ့ကြောင်း ၎င်းတို့ကပြောသည်။

ယင်းသို့ ထိခိုက်မှုများကြောင့် မခူးဆွတ်ရသေးသည့် ပြောင်းခင်းများစွာရှိနေသေး၍ နောင် ထပ်မံ လာရောက်စားသောက်မှုများ မပြုလုပ်နိုင်ရန် ယင်းမျောက်များအား လိုက်လံဖမ်းဆီးခြောက်လှန့်မှုများ ပြုလုပ်နေကြကြောင်း ကျေးရွာသား ဦးမောင်မြင့်ကပြောသည်။

"ကျွန်တော့်အခင်းမှာ မျောက်တစ်ကောင်မိထားပါတယ်။ ခြောက်သာခြောက်နေရတာပါ။ ကြောက်လည်းကြောက်ပါတယ်။ သူတို့က အုပ်များတော့ ပြန်ရန်လုပ်ချင်တယ်လေ။ အခုမိထားတာက မျောက်အငယ်လေးပါ။ ကြိုးကွင်းစွပ်မိနေတာပါ။အခုတော့ ဒီအတိုင်းကြိုးနဲ့ ချည်ထားပါတယ်" ဟု ကျောက်ဖျာရွာသား ပြောင်းခင်းရှင်တစ်ဦးက ပြောသည်။

သို့သော် အဆိုပါကျေးရွာများသို့ စိုက်ပျိုးထားသော စိုက်ခင်းများအတွင်း မျောက်များ၊ တောဝက်များ စသည့်တောတိရစ္ဆာန်များ လာရောက်စားသောက်မှုများရှိနေသော်လည်း ယခုအခေါက်ကဲ့သို့ ရာကျော်မျှ လာရောက်စားသောက်မှုများမရှိသေးကြောင်း၊ ယခုလို အုပ်လိုက်လာရောက်ခြင်းဖြင့် နောက်အခေါက်များတွင် အုပ်လိုက်လာနိုင်သောကြောင့် ယခုကဲ့သို့ လိုက်လံခြောက်လှန့်မှုများ ပြုလုပ်ရကြောင်း ယင်းရွာသားများကပြောသည်။ **ရှင်မင်းနွယ်**

## ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်ဝိုင်းကောင်ကျေးရွာ၌ မြေငှားဂရန်များပေးအပ်

**အင်ဂျန်းယန် စက်တင်ဘာ ၃**

ကျေးရွာနေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေနေရာပိုင်ဆိုင်ရေး ရည်ရွယ်လျက် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ် အင်ဝိုင်းကောင်ကျေးရွာရှိ ပြည်သူများအား မြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမင်းပိုနှင့်အဖွဲ့ဝင်များက ကျေးရွာမြေငှားဂရန်ရရှိသည့် ကျေးရွာနေပြည်သူ ၅၄ ဦးတို့ထံ မြေငှားဂရန်စာချုပ်များကို ပေးအပ်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးမင်းညွန့်(ငြိမ်း)-ဒေါ်လှမြင့်ကြည်[ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး]တို့၏ သားကြီး ဗိုလ်မှူးကျော်ဇော်ဇော်**B.A(Hist)(D.S.A)P.G.D.A.A, M.P.A(Thesis)**နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)-ဒေါ်အေးအေးသန်းတို့၏ တစ်ဦးတည်းသောသမီး

မယုသန္တာမြင့် **Bachelor of Fashion Design (Raffles College of Design and Commerce, Australia) Raffles Design Institute in Singapore**

တို့သည် ၂၆-၉-၂၀၁၅ရက် (စနေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးကျော်ဇော်ဇော်-မယုသန္တာမြင့်

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အထက(၂)၊ ဒသမတန်း(C)မှ ကျောင်းဝင်အမှတ်(၀၈၄/၀၉)ဖြစ်သူ မနှင်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဦး [၇/ဒဉန(နိုင်)၀၂၅၁၄၇] ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးမိုးမင်းအောင်၏သား အထက(၂) လမ်းမတော်၊ ဒုတိယတန်းမှ မောင်ရဲထက်နိုင်အား မောင်နိုင်လင်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်နိုင်လင်းကျော်

### ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၉-၂၀၁၅ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၊ရွှေပြည်သာမြို့နယ်၊GP ဦးအောင်မင်း၏ဂရန်သစ်တွင်မြေကွက်တည်နေရာအမှတ် ၂၃၊စံပယ်လမ်း၊(၂)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်ဟုအမှန်ဖတ်ရှုပါရန်။

### MYANMAR FINANCE INTERNATIONAL LIMITED.

မြန်မာဖိုင်းနန့်အင်တာနေရှင်နယ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင် ပြောင်းလဲခန့်အပ်ကြောင်းအများပြည်သူ သိရှိစေရန် ကြော်ငြာချက်

မြန်မာဖိုင်းနန့်အင်တာနေရှင်နယ်လီမိတက်သည် အောက်ဖော်ပြပါပုဂ္ဂိုလ်အား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အသစ်အဖြစ် ပြောင်းလဲခန့်အပ် တာဝန်ပေးလိုက်ကြောင်း မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် နေ့စွဲပါ စာအမှတ် ငကစ/ကက-၆(၇၄/၂၀၁၅)အရ အများပြည်သူသိရှိစေရန်နှင့် မြန်မာဖိုင်းနန့်အင်တာနေရှင်နယ်လီမိတက်မှ ငွေကြေးဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့် အဖွဲ့ဝင်များ သိရှိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခန့်အပ်/ပြောင်းလဲ

(၁) Mr.Po Yort (Managing Director, appointed)

(၂) U Htet Nyi (Chairman, changed from Managing Director)

ဒါရိုက်တာအဖွဲ့

### လက်ထပ်ပြီးစီးခြင်း

United State of America, Ohio ပြည်နယ် Columbus မြို့နေ
(ဦးကျော်ခင်-ဒေါ်နုတ်)တို့၏သား
မောင်ဇော်မင်းနိုင်
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
(ဦးဝင်းမြင့်)-ဒေါ်သန်းရီ တို့၏သမီး
မဆွေဆွေသိန်း
တို့သည် မိဘများ၏သဘောတူညီချက်အရ ၁၄-၅-၂၀၁၅ရက်တွင် ဂုဏ်သရေရှိ တရားသူကြီးရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဇော်မင်းနိုင်-မဆွေဆွေသိန်း

### လက်ထပ်မင်္ဂလာဆုတောင်းလွှာ

ကိုဇော်မင်းနိုင်(USA)နှင့် ချစ်မကြီးတို့၏ ၁၄-၅-၂၀၁၅ရက်တွင် ပြုလုပ်သည့် လက်ထပ်မင်္ဂလာရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်မကြီးအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ ကြင်နာမြတ်နိုးခြင်းတို့ဖြင့် ထာဝရစောင့်ရှောက်သွားနိုင်ပါစေလို့ ချစ်ညီမလေးများက ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

လွင်လွင်အောင် (Sale & Marketing Manager, Able Perfect Group, Singapore)
သင်ဇာစိုး (Management Representative, JL Group of Companies)
ကေခိုင်ဦး (Director, Zealous Star Co.,Ltd.)
ဖြူသီမျိုးလွင် (Auditor,Telenor Myanmar)
ကေသာစိုး (New York, USA)
နီနီမြင့် (President, Mother House Co.,Ltd)
ဝင်းထွဋ်တာရာ (Creative Director, Zakth Clothing Co.,Ltd)
ခင်ငြိမ်းငြိမ်းကျော် (Assistant Director Ministry of Construction)

# ကောလင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးစရိတ် ကျပ်သိန်း၆၅၆၈၀ ကို ကျေးရွာအုပ်စု ၄၆ အုပ်စုအား ထုတ်ပေးပြီးစီးသွားပြီဖြစ်

**ကောလင်း အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ စက်တင်ဘာ ၃၀ ရက်တွင် ကျေးရွာအုပ်စု ၄၆ အုပ်စုရှိ တောင်သူ ၁၀၇၃၂ ဦးအား လယ်မြေ ၆၅၆၈၀ ဧကအတွက် ငွေကျပ်သိန်း ၆၅၆၈၀ သိန်းကို ကောလင်းမြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကို တစ်မြို့နယ်လုံး ထုတ်ချေးပေးနိုင်ခဲ့သည်။

ကောလင်းမြို့နယ်၌ မိုးသီးနှံ စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းကို ဇွန် ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၆ ရက် နောက်ပိုင်း မြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများကြောင့် လုပ်ငန်းဆောင်ရွက်မှုကို ရပ်နားထားခဲ့ရသည်။

၎င်းနောက် ဩဂုတ် ၃ ရက်မှ စတင်ကာ မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ထုတ်ပေးခဲ့ရာ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းကို တစ်နှစ်စာအတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခြင်းဖြစ်သည်။

ကောလင်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၇၀၀၀၀ ကျော် ထုတ်ပေးရန် လျာထားခဲ့သော်လည်း တောင်သူများမှ အကြောင်းအမျိုးမျိုးကြောင့် ထုတ်ယူနိုင်ခြင်း မရှိသည့်အတွက် ငွေကျပ်သိန်း ၆၅၆၈၀ သိန်းကိုသာ ထုတ်ပေးနိုင်ခဲ့ကြောင်း ကောလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာဒေါ်ချိုချိုဝင်းက ပြောကြားခဲ့သည်။

**ကိုကိုမောင်(ကောလင်း)**

# ရှေးဟောင်းသဲကျောက်ဆစ်ရုပ်ပွားတော်တွေ့ရှိ

**သထုံ အောက်တိုဘာ ၃**

သထုံမြို့နယ် ကျုံပါကျေးရွာ တောင်ပိုင်းကွင်းစပ်အနီး ရော်ဘာခြံအတွင်း၌ ဘူမိဖဿမုဒြာဟန်ဖြင့် သစ်ဝါးချုံနွယ်များပိတ်ဖုံးကာ မျက်နှာတော်တစ်ခြမ်း ကွာကျနေသည့် ရှေးဟောင်း သဲကျောက်ဆစ် ဗုဒ္ဓဆင်းတုတော်တစ်ဆူကို သထုံမြို့ဟောင်း ကွင်းဆင်းသုတေသနအဖွဲ့မှ အောက်တိုဘာ ၁ ရက်က တွေ့ရှိခဲ့ပြီး အဆိုပါဆင်းတုတော်မှာ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က ထုလုပ်ထားခြင်းဖြစ်ကြောင်း သမိုင်းသုတေသနပညာရှင် ဦးစံဝင်း၏ ပြောကြားချက်အရ သိရသည်။



"ဒီ သဲကျောက်ဆစ်ရုပ်ပွားတော်ဟာ အိန္ဒိယအရှေ့တောင်ပိုင်း အခုဘင်္ဂလားနယ်ထဲမှာ ထွန်းကားခဲ့တဲ့ (Pala-Sena Period) လက်ရာမျိုးလို့ ယူဆရပါတယ်။ အေဒီ ၇ ရာစုက ၁၁ ရာစုအတွင်း သထုံမြို့ဟောင်းခေတ်မှာထုဆစ်ခဲ့တာဖြစ်လို့ နှစ်ပေါင်းတစ်ထောင်ကျော်ပြီလို့ ခန့်မှန်းရပါတယ်။ သထုံခေတ်နှောင်းပိုင်းနဲ့ ပုဂံခေတ်အစပိုင်းတွေလောက်မှာ ဒီလိုလက်ရာမျိုးတွေကို တွေ့ရတယ်" ဟု သုတေသနပညာရှင် ဦးစံဝင်းက ပြောကြားခဲ့သည်။

၎င်းက ဆက်လက်ပြီး "ဆင်းတုက သဲကျောက်ဆစ် ဖောင်းကြွ (Haif Relief) ဖြစ်လို့ လက်ရာကမကြမ်းဘူး နောက်ခံ တံကဲပါတယ်။ ဘူမိဖဿဟန်နဲ့ ပကတိ လူအရွယ်နီးနီးပဲ။ ရာသီဥတုဒဏ်တွေကြောင့် မျက်နှာတော်က တစ်ခြမ်းကွာကျနေတယ်။ ကျွန်တော် လွန်ခဲ့တဲ့ ၂၅ နှစ်ကျော်က ဒီဆင်းတုတော်ကိုလာပြီး လေ့လာဖူးပါတယ်။

အဲ့ဒီအချိန်ကတည်းကဆင်းတုရဲ့ မျက်နှာတော်ကွာကျနေတာပါ။ ဆင်းတုအောက်မှာ ဂဝံအုတ်ခုံနဲ့ ပလ္လင် သုံးထပ်ရှိတယ်။ ဒီသဲကျောက်ဆစ်ရုပ်ပွားတော်ဟာ သထုံရဲ့ ယဉ်ကျေးမှုတန်ဖိုးကို ဖော်ထုတ်ပြသမယ့် အထောက်အထားတစ်ခုပဲ" ဟု ပြောသည်။

"ကျွန်တော်တို့ မမွေးခင်ကတည်းက ဒီဆင်းတုတော်ဟာ အဲ့ဒီနေရာမှာ ရှိနေတာလို့ လူကြီးတွေက ပြောတယ်။ ဘယ်လောက်ကြာပြီဆိုတာ မခန့်မှန်းတတ်ဘူး။ ဒီနေရာက ဘုရင်တွေ နန်းစိုက်ခဲ့ပြီးတော့ သမီးတော်နေခဲ့တာလို့ ပြောတယ်။ သမီးတော်တည်ခဲ့တယ်လို့ပြောတဲ့ ဂဝံအုတ်စီ ဘုရားငုတ်တို တစ်ဆူလည်းရှိတယ်"ဟု အဆိုပါဆင်းတုတော်အနီး နေထိုင်သည့် ဒေသခံတစ်ဦးဖြစ်သူ အသက် (၇၆)နှစ်ရှိ ဦးကျော်ရွှေက ပြောသည်။

အဆိုပါ ရှေးဟောင်းရုပ်ပွားတော်ကို ကျုံပါကျေးရွာတောင်ပိုင်းမှ ဦးဘပွေးပိုင် ရော်ဘာခြံအတွင်း ချုံနွယ်များအကြားတွေ့ရှိရပြီး နောက်ခံတံကဲကျောက်ပြားအမြင့် ၁၀၈ စင်တီမီတာ (၄၂ လက်မ)၊ အောက်ခြေအကျယ် ၆၁ စင်တီမီတာ (၂၄ လက်မ)၊ ကြာပလ္လင်နှစ်ထပ်နှင့် ရွှတန်းအမြင့် ၁၅ စင်တီမီတာ၊ ဒူးနှစ်ဖက်အကျယ် ၅၁ စင်တီမီတာ၊ ပခုံးနှစ်ဖက်အကျယ် ၃၃ စင်တီမီတာ၊ စမ္ဗခဏ်တော်မှ ဥဏှိသျှအထိ ၆၈ စင်တီမီတာနှင့် ရုပ်ပွားတော် ထုဆစ်ထားသော ကျောက်မှာ အောက်ခြေတွင် ၁၀ စင်တီမီတာနှင့် ထိပ်ပိုင်းတွင် ၃ စင်တီမီတာထုရှိသည်။

ရုပ်ပွားတော်အောက်ခြေတွင် လေးထောင့်ပုံ ဂဝံအုတ်ရိုးစီ ပလ္လင်သုံးထပ် ခံထားကြောင်း တွေ့ရှိခဲ့ရသည်။

**သက်ဦး(သထုံ)**

# ရေဦးမြို့နယ်နေပူကုန်းကျေးရွာ၌စက်ရေတွင်း၊ မြေသားကန်များတူးဖော်ပေးလျက်ရှိ

**ရေဦး အောက်တိုဘာ ၃**

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်းများ၊ မြေသားကန်များ တူးဖော်ပေးခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ရေဦးမြို့နယ် နေပူကုန်းကျေးရွာ၌ တွင်းတိမ်တစ်တွင်း၊ ရွာပုလဲ၊ စည်သာမြေ၊ တောင်ကုန်း၊ ချောင်းရိုး၊ ကြည်ကုန်းကျေးရွာတို့၌ တွင်းတိမ်ငါးတွင်း၊ မြေအကျယ် ငါးဧကရှိ သောက်သုံးရေအတွက် သီးသန့်မြေသားကန်နှစ်ကန်ကိုလည်း ချောင်းရိုးနှင့် ဇေယျဝတီကျေးရွာတို့တွင် တူးဖော်ပေးလျက်ရှိရာ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် တင်ဒါခေါ်ယူ လုပ်ကိုင်ခွင့်ပြုခဲ့ရာ Bright Green Angles ကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**

# ဆင်ပေါင်ဝဲတွင်မြေငှားဂရန်ထုတ်ပေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၃**

ဆင်ပေါင်ဝဲမြို့နယ်တွင် ကျေးရွာများ မြေငှားဂရန်ထုတ်ပေးပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှ ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြင့်က ကျေးရွာများ မြေငှားဂရန် ထုတ်ပေးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျေးရွာ မြေငှားဂရန် ထုတ်ပေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းမှာ စည်ပင်လှကျေးရွာ အိမ်ခြေ ၁၄၁ အိမ် အနက် အိမ်ခြေ ၁၃၂ အိမ်အတွက် ထုတ်ပေးခြင်းဖြစ်ပြီး ကျန်အိမ်ခြေကိုးအိမ်မှာ လယ်ယာမြေ ဥပဒေပုဒ်မ ၃၀ အရ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

အာဇာနည်
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

SEVEN 7
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

နှစ်ချုပ်ငှားမည်
ဦးကျော့လမ်း/၄၂-ရပ်ကွက်၊ မဒဂုံ
၁၂၅-လမ်း-၃လွှာ-မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၀၉-၃၂၃၃၀၄၅၀၊ ၃၈၀၉၃၅

ဘွဲ့ရ Cashier (2)
ဦးအလိုရှိသည်
စားသောက်ဆိုင်အတွေ့အကြုံရှိပြီး
Computer ကျွမ်းကျင်ရမည်။
Ph:09-421126141,
01-646567

ရောင်းမည်
စမ်းချောင်းမြောက်
စမ်းရေတွင်းလမ်း၊ လုံးချင်း
ဖုန်း- ၀၉၅၁ ၈၇၀၈၈၊
၇၉၅၈ ၁၇၅၆၉

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

ဆုပြည့် 0931815390
ကျိုက်ထီးရိုး(ငြိမ်း) 35000/-
ချောင်းသာ(ငြိမ်း) 40000/-
ငွေဆောင်(ငြိမ်း) 50000/-
6+1 FREE
0931815395,09792432296




Topsyne® HERBAL CREAM
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
သုံးစွဲသူများ အတွက် အထူးကံစမ်းမဲ
( 15.5.2015 - 15.3.2016 )
1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု
မျက်နှာအသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးထားနိုင်စွမ်း ရှိသောကြောင့် ရေရှည်သုံးစွဲပေးပါက အရေးအကြောင်းဖြစ်ခြင်း ၊ ချွေးပေါက်ကျယ်ခြင်းကို ကာကွယ်ပေးနိုင်၍ ရှိရင်းစွဲအရွယ်ထက် နုပျိုစေနိုင်ပါသည်။ နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးနိုင်၍ တင်းတိတ်၊ မှဲ့ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ လိမ်းထားစဉ် မိတ်ကပ်လိမ်းထားမှန်း မသိသာဘဲ သဘာဝအလှအတိုင်း ဝင်းပနေစေပြီး အဆီပြန်ခြင်း ကင်းစေပါသည်။
Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081, 49 316408

ပျောက်ဆုံး
ကျွန်တော်ဦးဇော်ဝင်းရွှေ(M.D.N-057226)ကိုင်ဆောင်သူ၏ ပတ်စ်ပို့(M.A-677522) ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
Ph:09-31188678

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## "အိမ်ရာစီမံကိန်းတည်ဆောက်ရေးတင်ဒါခေါ်ယူခြင်း"

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရန်ကင်းအိမ်ရာစခန်းမှ တိုက်ဟောင်း(၆)လုံး ဖျက်သိမ်းထားသော စီမံကိန်းမြေ(၃. ၂၆၃)ဧကတွင် Mixed Use Development အိမ်ရာစီမံကိန်းဆောင်ရွက်ရန်အတွက် Master Plan နှင့်ဗိသုကာ ဒီဇိုင်းပုံစံများ ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ပါ၍ အိမ်ရာစီမံကိန်းကို အကျိုးတူစနစ်ဖြင့် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ရန် စိတ်ပါဝင်စားသော တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ဒါအဆိုပြုလွှာများတင်သွင်း၍ ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| (က) တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက် | - ၉-၁၀-၂၀၁၅(သောကြာနေ့) |
| (ခ) တင်ဒါအဆိုပြုလွှာတင်သွင်းခြင်း ကိုလက်ခံမည့်နေ့ရက် | - ၉-၁၁-၂၀၁၅(တနင်္လာနေ့) (၁၆း၀၀နာရီနောက်ဆုံးထား၍) |
| (ဂ) တင်ဒါအဆိုပြုလွှာတင်သွင်းရန် နေရာ | - ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ နေပြည်တော်။ |

တင်ဒါခေါ်ယူရေးဆပ်ကော်မတီ ဖုန်းနံပါတ်-၀၆၇-၄၀၇၅၂၇

ကြော်ငြာ


# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

**ENGLISH Language** | **AutoCAD - 3ds Max** | **VIDEO EDITING** | **Computer Basic** | **LCCI I-II**

**MOBILE PHONE SOFTWARE HARDWARE** | **DESKTOP PUBLISHING** | **Service Technician** | **GRAPHIC DESIGN**

HOT LINE - 383893, 253293, 0949250778 10%

# ကြည်နူးရွှင်သာ သီတင်းကျွတ်ချိန်ခါ

ချယ်ရီဦးတွင် (20,000) ကျပ် နှင့်အထက် နာရီ(၁)လုံး ဝယ်ယူခြင်းဖြင့်

နောက်ထပ် နာရီ(၁)လုံးကို (15% Discount) ရယူလိုက်ပါ။

အောက်တိုဘာလ (၁) ရက်နေ့မှ နိုဝင်ဘာလ (၃၀) ရက်နေ့ထိသာ

CHERRY OO Website : http://www.cherryoo.com/ Facebook : https://www.facebook.com/cherryoowatchgallery,

# KMD Education Services

Since 1986

၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သော ကျောင်းသား/သူများအတွက် KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု

- နယ်မှလာတက်မည့်သူများအတွက်နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အဆောင်များ စီစဉ်ပေးထားပါသည်။
- သင်တန်းကြေးကိုအရစ်ကျငွေပေးချေစနစ်ဖြင့် ပေးသွင်းတက်ရောက်နိုင်ပါသည်။

**First Year Diploma In Computing (NCC, UK)**

အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ပြီးသူများအတွက် (UK) နိုင်ငံ၏ ကွန်ပျူတာဒီပလိုမာဘွဲ့သင်တန်းကို မိမိတို့ရရှိသော ဂုဏ်ထူးအရေအတွက်အလိုက် ပညာတော်သင်ဆုအနည်းဆုံး ၂၀% မှ ၁၀၀% အထိပေးအပ်နေပါသည်။

Opening Date: 16 Oct 2015 (M-F) 11:00 am to 2:30 pm
29 Oct 2015 (M-F) 8:30 am to 1:00 pm

**Higher National Diploma (SQA, UK)**

အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ပေးအပ်သောအဆင့်မြင့် ဒီပလိုမာ HND သင်တန်းများအတွက် သင်တန်းကြေးကင်းလွတ်ခွင့် ပညာတော်သင်ဆု ၅၀% အထိပေးအပ်နေပါသည်။

Opening Date: 12 Oct 2015 (M-F) 11am to 2:30pm

Hot Line: 700895, 220555

01-381035, 391286, 391287, 502233, 534170, 527436, 541328, 546600, 660887, 384268, 524400.

နိုင်ငံရေး စီးပွားရေး နှင့်လူမှုရေး ရာမဂ္ဂဇင်း

ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ကိုပျက်စေသောစာများ။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနဲ့ သမဂ္ဂကိုယ်စားလှယ်၊ အာရှဘာရိုမီတာစစ်တမ်းက ပြောသော မြန်မာ့နိုင်ငံရေးဘဝ၊ လူမှုဘဝမြှင့်တင်ရေးနှင့် မြန်မာ့ခရီးသွားလုပ်ငန်း။ သွားလေရာ မိုးလိုက်ရွာခံနေရသော နိုင်ငံရွှေ့ပြောင်းဒုက္ခသည်များ။ လွှတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော်ကြီးဦးချစ်လှိုင်၏ ကိုယ်တွေ့ဗိုလ်ချုပ်အောင်ဆန်း။ NLD ၏ စီးပွားရေးမဟာဗျူဟာအစီအစဉ်။

ကျပ်ငွေဖလှယ်နှုန်းအပြောင်းအလဲနှင့် မြန်မာ့စီးပွားရေး

၀၉-၇၃၀၃၇၇၂၄၊ ၀၉-၅၀၇၉၆၇၈ အောက်တိုဘာလ အမှတ် ၁၈ ထွက်ပြီ

# ရွှေဆင့်ငါး

Volume 4 Issue 37

- နိုင်ငံတစ်ဝန်းတွင် တန်ဖိုးနည်းအိမ်ရာ ၂၇၇၄၆ ယူနစ်ဖော်ထုတ်ခဲ့
- ကြိုးဝိုင်းမြို့နယ်တွင် ... (၅၀၀)ဖြင့်ရောင်းရန် ...
- ရန်ကုန်မြို့သစ် တင်ဒါခေါ်ယူမှုအချိန်ယူပြီးဆောင်ရွက်မည်
- ကျူးကျော်များအတွက် တန်ဖိုးနည်းအိမ်ရာတည်ဆောက်မည်
- မြို့တော်စက်မှုဇုန်ကို ၂၀၁၇ တွင် ဖွင့်လှစ်မည်
- ကားပါကင်ဆောက်ခံချက် မူဝါဒဖြန့်ထုတ်သုံးသပ်နေ
- တစ်ခုမ်အဆောက်များ ... မြေကွက်များဝယ်ထားခြင်း သတိယူ၍
- ပလက်ဖောင်းဆိုင်များမှ ...
- အိမ်တစ်လုံးအတွက် ကြမ်းခင်းများ

အိမ်ခြံမြေ ရောင်း/ဝယ်/ငှားအချက်လက်

တနင်္ဂနွေနေ့တိုင်းထွက်ရှိနေပါပြီ






လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

# ခရှသင်းသမင်ဖြူ

ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။

နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။

အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း(အထက်) ရန်ကုန်မြို့။ ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ အမှတ်(၈၃၅)၊ (၃)လွှာ၊ ဒုတိယထပ်(ခြေရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကိုပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်သစ်သစ်စိုး[၁၄/ရကန(နိုင်)၀၁၂၆၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်တွင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိရဲခိုင် **LL.B, D.B.L,D.M.L,D.I.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၂၂)
အမှတ်(၅၉)၊ ဗဟိုဈေးလမ်း၊ ဈေးပိုင်းရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၅၀၀၂၄၅၈၃

## သမိုင်းဘူတာရုံလမ်းနှင့် ဗဟိုလမ်းထောင့်(ယခင်ဦးဘဟန်လမ်းထောင့်) အမှတ်-၈၀ ၌ နေထိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(ဆ/၅၄)၌ နေထိုင်သော ဒေါ်ဥမ္မာမြင့်[၁၂/မရက(နိုင်)၀၀၇၅၆၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ဤသတိပေး ကြေညာချက်အား ထုတ်ပြန်ကြေညာခြင်း ဖြစ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၂၃/ခ၊ ဧရိယာ(၀. ၃၃၀)ဧကရှိ မြေမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာမြင့်၏ မိဘများ ပိုင်ဆိုင်ခဲ့သော မြေဖြစ်ပါသည်။ ဒေါ်ဥမ္မာမြင့်၏ မိဘများမှ ထိုမြေပေါ်၌ ဆွေမျိုးတော်စပ်သူ ဦးအောင်-ဒေါ်ညွန့် ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်စေခဲ့ပါသည်။ အဆိုပါမြေအား မိဘများကွယ်လွန်သွားသောအခါ သမီးဖြစ်သူ ဒေါ်ဥမ္မာမြင့်မှ အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ ဒေါ်ဥမ္မာမြင့်ပိုင်ဆိုင်သော မြေပေါ်၌ ယခုအခါ ခွင့်ပြုချက်ဖြင့်ထားခဲ့သူ ဦးအောင်-ဒေါ်ညွန့်ကို အကြောင်းပြု၍ရောက်ရှိလာသူ လက်ရှိနေထိုင်သူများမှ ဒေါ်ဥမ္မာမြင့်ထံတွင် ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ အဆောက်အအုံတိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း သိရှိရပေသည်။ ဒေါ်ဥမ္မာမြင့် မြေပေါ်၌ နေထိုင်သူများအနေဖြင့် ဒေါ်ဥမ္မာမြင့်၏ ခွင့်ပြုချက်မရှိဘဲ ထိုသို့ လုပ်ဆောင်ခွင့်မရှိကြောင်း ကျွန်ုပ်မှ သတိပေးအပ်ပါသည်။ ဆက်လက်ဆောင်ရွက်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သမိုင်းဘူတာရုံလမ်းနှင့် ဗဟိုလမ်းထောင့်(ယခင်ဦးဘဟန်လမ်းထောင့်) အမှတ်-၈၀ ၌ နေထိုင်သူများအား သတိပေးကြေညာအပ်ပါသည်။ ၎င်းအပြင် ဒေါ်ဥမ္မာမြင့်၏ ခွင့်ပြုချက်မရှိဘဲ အဆိုပါ အဆောက်အအုံရှိ အခန်းများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လျှုဒါန်းခြင်းစသည့် တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုရန်ကိုလည်း ကျွန်ုပ်မှ သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးညွန့်(**LL.B,D.B.L**) တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၄၂)
အမှတ်-၁၀/၁၂၊ ပထမထပ်၊ အခန်း(အေ-၅)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၇၇၁၅၉၊ ၀၉-၄၉၃၃၂၉၃၀

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက်၏ ကံကုန်း၊ ဒုန်းတော၊ ဝါးတန်း၊ တည်ပင်ကန်၊ ရေကြည်ပင်၊ ရွှေပန်းခိုင်၊ ဂုဏ်တော၊ သဲတောကြီးနှင့်ရွာသာ ကျေးရွာများတွင် ရေလိုင်းများ၊ ရေတွင်း၊ ရေသန့်စက်၊ စာကြည့်တိုက်၊ ဆေးပေးခန်း၊ တံတားတည်ဆောက်ခြင်း၊ စာသင်ကျောင်းများ ပြုပြင်ခြင်း/တည်ဆောက်ခြင်း၊ လမ်းပြုပြင်ခြင်းလုပ်ငန်းများအတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်သွင်းနိုင်ပါသည်။

၂။ တင်ဒါရောင်းချမည့်ရက်-၅-၁၀-၂၀၁၅ ရက်မှစတင်ပြီး ငွေစာရင်းဌာနတွင် ဝယ်ယူနိုင်ပါသည်။
(တင်ဒါတင်သွင်းမည့်စာရွက်တန်ဖိုး - ၁၀၀၀၀ိ/-ကျပ်)

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၁၈-၁၀-၂၀၁၅ ရက် ညနေ ၄ နာရီအထိနောက်ဆုံး
(တင်ဒါတင်သွင်းမည့်အချက်အလက်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်သွင်းရမည်။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက်၊ ဆားလင်းကြီးမြို့နယ်

၅။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက Supply ဌာန၊ မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက်
ဆားလင်းကြီးမြို့နယ်၊ phone-၀၉-၇၉၅၂၈၀၃၀၄
Email:supply @ yangtse.com.mm သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက်

# ဦးဇော်မင်းအောင်

**B.A (Korean), Y.U.F.L**
**(I.E.K.C.S) Song Kong Hoe University, S-Korea**

## ကိုရီးယားဘာသာစကားသင်တန်းကျောင်း

Centre (1) အမှတ်(၂၆၃) ဒုတိယထပ်၊ ကျိုက္ကဆံလမ်းနှင့် ၁၅၃ လမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
သင်တန်းစမည့်နေ့ – 10. 10. 2015 (စနေနေ့)
သင်တန်းချိန် – 12 : 00 to 2 : 00 (PM)
သင်တန်းချိန် – 6 : 00 to 7 : 30 (PM)

Centre (2) သုခလမ်း၊ စင်ကာပူလမ်း(ကျောကပ်)၊ အရှေ့ပိုင်းတက္ကသိုလ်ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်။
သင်တန်းစမည့်နေ့ – 10. 10. 2015 (စနေနေ့)
သင်တန်းချိန် – 9 : 00 to 11 : 00 (AM)

**Ph. 09 450 048 814, 09 799 373 700, 09 425 292 545, 09 864 56 10**

75 YEARS FROM HARM TO HOME

INTERNATIONAL RESCUE COMMITTEE

## INTERNATIONAL RESCUE COMMITTEE - MYANMAR

### VACANCY ANNOUNCEMENT

အိုင်အာစီသည် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အခြေအနေအရပ်ရပ်ကြောင့် နေရပ်ကိုစွန့်ခွာ၍ ဘဝရှင်သန် နိုင်ရေးအတွက် ရုန်းကန်နေရသူ လူသားသန်းပေါင်းများစွာတို့၏ လုံခြုံရေး ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့၏ ဘဝမျှော်လင့်ချက်များ ပြန်လည်ရှင်သန်ရေးအတွက် ကူညီလုပ်ဆောင်နေသော အဖွဲ့အစည်းဖြစ်ပါသည်။ အိုင်အာစီသည် မြန်မာနိုင်ငံတွင်းသို့ ၂၀၀၈ ခုနှစ် စတင်ဝင်ရောက်လာချိန်မှစ၍ အကူအညီလိုအပ်နေသော လူသားများ၏ အသက်မွေး ဝမ်းကျောင်း၊ သောက်သုံးရေသန့်ရှင်းမှု၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်မြှင့်တင်ရေးအတွက် ရည်ရွယ်၍ အရည်အသွေးပြည့်မီသော စီမံကိန်းများကို တစ်ခိုက်မတ်မတ် လုပ်ဆောင်လာခဲ့ပါသည်။

[illegible]

1. **Mobile Clinic Medical Doctor (10 Posts, M/F)**
   - M.B., B.S , သက်တမ်းရှိဆေးကုသခွင့်လိုင်စင်(ဆမ)ရှိသူ
   - အင်္ဂလိပ်စာ အရေး၊ အပြော အသင့်အတင့်ရေးနိုင်ပြောနိုင်ရမည်။
2. **Mobile Clinic Nurse (15 Posts, M/F)**
   - Bachelor of Nursing (B.NSc) or Diploma of Nursing , သက်တမ်းရှိသူနာပြုလက်မှတ်ရှိသူ
   - အင်္ဂလိပ်စာ အရေး၊ အပြော အသင့်အတင့်ရေးနိုင်ပြောနိုင်ရမည်။

စိတ်ဝင်စားသူများသည် HR Department သို့ email မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ မိမိ၏ ကိုယ်ရေးရာဇဝင် (CV) ကို တစ်ပတ်အတွင်း ပေးပို့၍ အသေးစိတ်ကို စုံစမ်းနိုင်ပါသည်။

**မှတ်ချက် ။ ။ ရွေးချယ်ခံရသူများကိုသာ ပြန်လည်ဆက်သွယ်မည်ဖြစ်ပါသည်။**

**International Rescue Committee (IRC)**
No. 69/54 (B-4), Oak Tha Pha Yar Street, Kyaikkasan Quarter, Bahan Township, Yangon, Myanmar.
Tel : (95-1) 860 4730, 860 4731 | Email : waimar.naing@rescue.org | www.rescue.org







## Best Sales !!! ''Office''

In downtown near custom house and banks.
1350 Sqft, ADSL, Phones 4 lines, Two Director Rooms
One Meeting Room
Good to operate for 15~20 Office members Only USD 199,000
**Ph:09-5502869 & 09-975023354**

## ဝန်ထမ်းအမြန်အလိုရှိသည်

**Sales & Marketing Manager (M - 1 Post)**

- ဘွဲ့ရ
- ဆက်ဆံရေးကောင်းမွန်ပြေပြစ်ရမည်။
- အရောင်းနှင့်ဈေးကွက်ဖွံ့ဖြိုးမှုဆိုင်ရာတိုးတက်မှုအတွက် ဦးဆောင်စီမံနိုင်သူဖြစ်ရမည်။
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- စက္ကူနှင့်ပတ်သက်သော (Paper, Printing & Product)ကို ကောင်းစွာရှင်းပြ နိုင်သူဖြစ်ရမည်။
- စီးပွားရေးနှင့် စီမံခန့်ခွဲမှုမာစတာဘွဲ့ နှင့် အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်သူဦးစားပေးမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ (၆)လအတွင်း ရိုက်ထားသောပတ်စ်ပို့ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း ဆိုင်ရာလက်မှတ်များ၊ မှတ်ပုံတင်၊ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်ထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်း ထောက်ခံစာများ၏ မိတ္တူများနှင့်အတူရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်၍ဖြစ်စေ အောက်ဖော်ပြပါ မေးလ်သို့ဖြစ်စေ အချက်အလက်များ စုံလင်စွာပေးပို့ လျှောက်ထားနိုင် ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၉/၃၇)ဦးထွန်းညိုလမ်း၊ လှိုင်သာယာစက်မှုဇုန် အပိုင်း(၆)၊ လှိုင်သာယာမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - ၀၉၄၂၀၁၀၅၈၈၆
email - hr@decolandgroup.com

Win & San
Since 1983
Diamonds & Fine Jewelry

## *Win & San Diamonds and Fine Jewelry*

## ဦးဝင်းနိုင်-သုဓမ္မသီဂီဒေါ်စန်းစန်း

Win & San Diamonds and Fine Jewelry မှ စိန်ရတနာချစ်သူ Customer များအား HRD, GIA တစ်ပွင့်စိန်များ၊ ဖြူသန့်စိန်များနှင့် မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ယိုးဒယားနှင့်ဟောင်ကောင်ပန်းထိမ်ဆရာများ၏ လက်ရာအသစ်အဆန်းများဖြင့်ဖန်တီးထားသည့် လက်ဝတ်ရတနာ (2016 Model Design) ဆန်းများကို ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးသည်ဖြစ်ပါသောကြောင့် လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၉-၁၀-၂၀၁၅ရက်တွင် Win & San Diamonds and Fine Jewelry (Show Room-II)အား Junction Centre (Maw Tin)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း စိန်ရတနာ ချစ်သူမိတ်ဟောင်းမိတ်သစ်အပေါင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။

Show room (I) -No.36/C, Aung Min Khaung Pagoda Street, Windermeer, Yangon, Myanmar.
Ph:+951-502977, 504679, 525257, +959-5006685, +959-5062773

Show room (II) -No.256/258, Room(114), Ground Floor, Junction Centre (Maw Tin), Corner of Lan Thit Lan & A Naw Ya Htar Road, Lanmadaw Township, Yangon.
Ph:+951-218152~58(Ext.114)

CAPITAL hypermarket

Furniture & Bedding Fair

29th Sept ~ 11th Oct, 2015 Yangon & Nay Pyi Taw





ပရိဘောဂနှင့်အိမ်ခန်းအသုံးအဆောင်ပစ္စည်းများ

သီတင်းကျွတ်အကြို

အထူးဈေးရောင်းပွဲတော်

FREE Delivery ကျပ် ၂၀၀,၀၀၀ ဖိုးနှင့်အထက် ဝယ်ယူပါက Delivery Free
(သတ်မှတ်ဧရိယာအတွင်းသာ)

1st Sept ~ 15th Oct, 2015 GIANT SALE 2015

ကျပ် ၂သောင်း ဖိုးဝယ်ယူသူတိုင်း Hong Kong [illegible] သို့ ၃ ညအိပ် ၄ ရက်ခရီး သွားရောက် လည်ပတ်နိုင်မည့် ကံထူးရှင် အပါအဝင် ငွေကျပ် သိန်း (၃၀၀) တန်ဖိုးရှိ ကံစမ်းမဲအစီအစဉ်များတွင် ကူပွန်(၁) စောင်ရရှိနိုင်မည့်အခွင့်အရေး

PUN HLAING SILOAM HOSPITALS

## အရိုးအကြောနှင့်ကျီးပေါင်းရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း

အောက်တိုဘာလ | ၈ | ရက်နေ့မှ | ၁၀ | ရက်နေ့အထိ

အရိုးအကြောနှင့် ကျီးပေါင်းရောဂါဆိုင်ရာ စစ်ဆေးကုသမှုများအတွက် နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ....

မလေးရှားနိုင်ငံမှ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော အထူးကုဆရာဝန်ကြီးမှ

- လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးဆစ်ရိုးနာ၊ အကြောညပ် စသောကျောရိုးဆစ်ရောဂါများ (Minimally Invasive Spine Surgery)
- မှန်ပြောင်းဖြင့်အဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးကုသခြင်းများ (Total Hip and Knee Replacement) နှင့်
- အခြားအရိုးအကြောဆိုင်ရာကုသခြင်းများကို လာရောက်ဆွေးနွေးတိုင်ပင်ကုသပေးမည်ဖြစ်ပါသည်။



LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၄၊ (၀၉) ၄၂၀၀၄၂၆၇၉၉၊ (၀၉) ၂၅၄၉၅၀၀၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing.phsh@spa-mm.com

Hot Line No-0930500100

# ပုပ္ပားတောင်တော်သာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ခရမ်းစိုးမြင့်



ပုပ္ပားတောင်မြတ်တောင်ကလပ်ကို တွေ့ရစဉ်။

ပုပ္ပားတောင်သည် တောင်ခြေရင်းမှ တောင်မကြီးထိပ်အထိ ပေ ၄၅၈၁ ပေ မြင့်၍ သက်တမ်းသည် ၂၄၅၈ နှစ်ရှိပြီဟု သိရသည်။ ရာဇဝင်အဆိုနှင့် ပထဝီအဆိုအရ သာသနာသက္ကရာဇ် ၁၀၁ ခုနှစ်တွင် ပုပ္ပားတောင်ကြီး မြေမှ ထွက်ပေါ်လာသည်ဆို၏။ တည်ရှိသည့်နေရာမှာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်အကွာ၌ ဖြစ်သည်။

ကျွန်တော်သည် စက်တင်ဘာ ၂၄ ရက်က ပုပ္ပားသို့သွားရန် ရန်ကုန်-မန္တလေးအမြန်လမ်း မိတ္ထီလာတိုးဂိတ်အနီးမှခွဲ၍ ကျောက်ပန်းတောင်းမှ သွားခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာ ၂၅ ရက် ပုပ္ပားမြေကိုခြေချမိသည်နှင့် စံကားဝါပန်းရနံ့တို့က လှိုင်လှိုင်ရလာ၏။ အေးလည်းအေးလာ၏။ ပုပ္ပားသည် အေးချမ်းမှုကို ပေးနိုင်စွမ်းရှိသောဒေသဖြစ်၍ အထက်အညာဒေသ၏ အိုအေစစ်လည်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် ပုပ္ပားမြို့အဝင်ပန်းတန်းမှ စံကားဝါပန်းများကိုဝယ်၍ကားပေါ်သို့ဖြန့်စီလိုက်သဖြင့် တစ်ကားလုံး စံကားဝါပန်းရနံ့တို့ လှိုင်လျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

## ယနေ့ မာတိကာ


ပန်လုံအိမ် အာနိသင်ဓာတ်ငွေ့ လျှော့ချရေး အိန္ဒိယအစိုးရ ထုတ်ပြန်ကြေညာ — စာမျက်နှာ ➤ ၄

ဆရာ သို့မဟုတ် အဖေသို့ — စာမျက်နှာ ➤ ၁၁

မန်ယူကိုအနိုင်ယူကာ ပရီမီယာလိဂ်ဖလားကို စိန်ခေါ် နိုင်စွမ်းရှိကြောင်း ပြသနိုင်ရန် အာဆင်နယ်မျှော်မှန်း — စာမျက်နှာ ➤ ၁၃


# မြန်မာနိုင်ငံရှိ ရေပေးဝေရေး စီမံကိန်းများအတွက် ဂျပန်အစိုးရက ကန်ဒေါ်လာ ၁၄ ဘီလီယံ ထောက်ပံ့မည်

**ရန်ကုန်　　အောက်တိုဘာ　　၃**

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးသုံးခုရှိ ရေပေးဝေရေး စီမံကိန်းများအတွက် ဂျပန်အစိုးရက အမေရိကန် ဒေါ်လာ ၁၄ ဘီလီယံ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အောက်တိုဘာ ၃ ရက်တွင် ပြောကြားသည်ဟု ဆင်ဟွာသတင်း၌ ရေးသားဖော်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

# ထိုင်းနိုင်ငံ ဘုရင့်သမီးတော် ထားဝယ်မြို့သို့ရောက်ရှိလေ့လာ



သတင်းစာမျက်နှာ - ၅

မဟာချက်ကရီသီရိဒ္ဓိမင်းသမီး ထားဝယ်အထူးစီးပွားရေးဇုန် ပုံစံငယ်နှင့် မှတ်တမ်းဓာတ်ပုံများ ကြည့်ရှုစဉ်။ (ပြန်/ဆက်)

# မြန်မာနှင့် ဟောင်ကောင်တို့ ယနေ့ကစားမည်

**ရန်ကုန်　အောက်တိုဘာ　၃**

အာရှယူ-၁၉ ခြေစစ်ပွဲအုပ်စုပွဲစဉ်များကို ယနေ့ အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းမှာ ဟောင်ကောင်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တီမောနှင့်ပွဲတွင် အမှတ်ဆုံးရှုံးခဲ့သည့် မြန်မာအသင်းအတွက် အရေးပါသည့် ပွဲလည်းဖြစ်သည်။

မြန်မာအသင်းမှာ အုပ်စုဒုတိယပွဲတွင် တီမောအသင်းကို သရေကျခဲ့သောကြောင့် လက်ကျန်ပွဲစဉ်များတွင် အမှားလုပ်၍ ရတော့မည်မဟုတ်ပေ။ မြန်မာအသင်းနှင့်ကစားရမည့် ဟောင်ကောင်အသင်းမှာ နှစ်ပွဲကစားတစ်မှတ်သာရရှိသေးသော်လည်း မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်အတွက် မဖြစ်မနေအနိုင်ရရန် လိုအပ်လျက်ရှိပြီး ဂိုးများများသွင်းယူနိုင်မှသာ အခြေအနေကောင်းဖွယ်ရှိနေသည်။

အောက်တိုဘာ ၂ ရက် ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ တီမော အသင်းက သုံးပွဲကစား ငါးမှတ်၊ မြန်မာအသင်းက နှစ်ပွဲကစားလေးမှတ်၊ ဟောင်ကောင်အသင်းက နှစ်ပွဲကစားတစ်မှတ်တို့ရရှိပြီး ဘရူနိုင်းအသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ဘရူနိုင်းအသင်းမှလွဲ၍ ကျန်အသင်းများမှာ မျှော်လင့်ချက်ရှိနေဆဲဖြစ်ပြီး အနည်းအများသာ ကွာခြားမှုရှိသည်။ မြန်မာအသင်းအနေဖြင့် ဗီယက်နမ်-တီမောပွဲရလဒ်မှာ အရေးပါနေပြီး

စာမျက်နှာ၁၀ ကော်လံ ၁ သို့ ✪






themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ Mirror

၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို

အောက်တိုဘာ ၄၊ ၂၀၁၅
စာမျက်နှာ-၁

# ပူတာအိုခရိုင်၌ မဲရုံသုံးပစ္စည်းများ မြို့နယ်များသို့အရောက်ဖြန့်ဝေ

**ပူတာအို အောက်တိုဘာ ၃**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုနိုင်ရန် ပူတာအိုခရိုင်အတွင်းရှိ မဲရုံပေါင်း ၁၃၆ ရုံအတွက် လိုအပ်သည့် မဲရုံသုံးပစ္စည်း ခုနစ်မျိုးကို တပ်မတော်(လေ)Y-8 လေယာဉ်ဖြင့် ပူတာအိုလေဆိပ်သို့ အောက်တိုဘာ ၁ ရက်တွင် ရောက်ရှိလာရာ အဆိုပါ မဲရုံသုံးပစ္စည်းများကို ပူတာအိုမြို့မှတစ်ဆင့် နောင်မွန်၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်မြို့နယ်များသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ပို့ဆောင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



# သရက်ချောင်းမြို့နယ်၌ မဲရုံသုံးပစ္စည်းများ စတင်သယ်ယူပို့ဆောင်လျက်ရှိ



**သရက်ချောင်း အောက်တိုဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ လက်ရှိမဲရုံသုံးပစ္စည်းများအနက် ပစ္စည်းငါးမျိုးအား ပထမအဆင့်သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။ ပထမအဆင့် သယ်ယူပို့ဆောင်လျက်ရှိသော မဲရုံသုံးပစ္စည်းများမှာ မဲပုံး၊ လျှို့ဝှက်ဆန္ဒပြုခန်း၊ ပလတ်စတစ်ခြင်းတောင်း၊ မဲရုံဝန်ထမ်းအင်္ကျီနှင့် ဆာလာအိတ်များဖြစ်ကြောင်း သိရသည်။

**ညဏ်ဝင်း(သရက်ချောင်း)**

# ၂၀၁၅ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ မြောင်းမြခရိုင်တွင် ကျင်းပ

**မြောင်းမြ အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီက မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်စိန်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူးက လုံခြုံရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး မြောင်းမြခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ကော်မရှင်ကိစ္စများနှင့် ပတ်သက်၍ မရှင်းလင်းသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲသို့ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်

**(ခရိုင်ပြန်/ဆက်)**

# မအူပင်မြို့တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေး

**မအူပင် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အခက်အခဲမရှိအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာများ အသိပညာပေးဆွေးနွေးပွဲကို ခရိုင်ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဖေ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က လုံခြုံရေးဆိုင်ရာများ ကြိုတင်ပြင်ဆင်ထားရမည့်လုပ်ငန်းစဉ်များ ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပင်းတယ အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အဆင်ပြေချောမွေ့ အောင်မြင်စွာ ပြီးစီးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များနှင့် ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေစိုးက အဖွင့်အမှာစကားပြောကြားပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးဇင်မောင်မောင်က ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ လုံခြုံရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့်အချက်အလက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးသန်းဇော်ဦးက ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်နှင့် ပတ်သက်၍လည်းကောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဥပဒေအရာရှိ ဒေါ်အေးအေးဇင်က ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ သိမှတ်ဖွယ်ရာများ၊ လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာသော စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များက အပြန်အလှန်ညှိနှိုင်းပြီး နားလည်မှုရယူခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မိုးမိုးထွေး(ပင်းတယ)**

# အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဒက္ခိဏခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒက္ခိဏခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းချွန်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စရပ်များစီမံဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ရွှေကူကြို)**

# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးဆွေးနွေး

**ကလေးဝ အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိရှိ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်သူဇော်က ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲလွန်ကာလများအတွင်း စီမံအုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာလုပ်ငန်းများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **သီဟ(iprd)**

**ရွေးကောက်ပွဲကျင်းပရန် ၃၅ ရက်သာ လိုတော့သည်။**

# လူ့ဘောင်သစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ဟောပြောတင်ပြ

**လူ့ဘောင်သစ်ပါတီဉက္ကဋ္ဌ ဦးဇေယျက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ လူ့ဘောင်သစ်ပါတီဉက္ကဋ္ဌ ဦးဇေယျဖြစ်ပါတယ်။

**သမိုင်းအကျဉ်း**

ပထမဦးစွာ လူ့ဘောင်သစ်ပါတီသမိုင်းအကျဉ်းကို ရှင်းပြလိုပါတယ်။ လူ့ဘောင်သစ်ပါတီသည် ၁၉၈၈ ခုနှစ် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးနောက်ပိုင်းမှာ မပြီးဆုံးသေးသော ဒီမိုကရေစီအရေးအတွက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ခေါင်းဆောင်များသည် ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လမ်းကြောင်းသုံးသွယ်ကို ချမှတ်ခဲ့ပါတယ်။

**လမ်းကြောင်းသုံးသွယ်အရ -**

(၁) အမျိုးသားနိုင်ငံရေးကို ကျယ်ပြန့်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် ဗကသများအဖွဲ့ချုပ်မှ ခေါင်းဆောင်များက (၈၈)ကျောင်းသားခေါင်းဆောင်များ၊ သပိတ်ခေါင်းဆောင်များ၊ ဒေသန္တရခေါင်းဆောင်များကို စုစည်းပြီး ၁၉၈၈ ခု အောက်တိုဘာလ ၁၄ ရက်နေ့မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ပထမအကြိမ်ပါတီညီလာခံကို ၁၉၈၉ ခုနှစ် ဧပြီ ၂၁ ရက်နေ့မှာ ရန်ကုန်တိုင်း ဝါးရုံပင်စခန်းမှာ ကျင်းပခဲ့ပါတယ်။ ၁၉၈၈ (ရှစ်လေးလုံး) ဒီမိုကရေစီအရေးတော်ပုံကြီးမှာ ကျောင်းသားထုကိုယ်စားပြုပါတီအနေနှင့် ရပ်တည်ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၈၈/၈၉/၉၀ တွင် နိုင်ငံရေးအရ ဒုတိယအကြီးမားဆုံးပါတီ အနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၁၉၉၁ ဒီဇင်ဘာ ၆ ရက်နေ့မှာ လူ့ဘောင်သစ်ပါတီ တရားဝင်တည်ရှိမှုကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်မှ ပယ်ဖျက်ခဲ့ပါတယ်။ ပါတီခေါင်းဆောင်များဟာ ပါတီလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်နိုင်ရန် ပါတီမူဝါဒများအရ ပြန်လည်ရပ်တည်ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ရာမှ ပါတီတရားဝင်ပြန်လည်ရပ်တည်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ၂၀၁၄ ခုနှစ် မတ်လ ၄ ရက်နေ့တွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အမည်ဖြင့် လျှောက်ထားခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်မှ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်နေ့၌ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအမည်အား ပြောင်းလဲပေးရန် အကြောင်းကြားစာပေးပို့လာသဖြင့် လက်ရှိနိုင်ငံရေးလိုအပ်ချက်များအရ တရားဝင်ပါတီတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန် လူ့ဘောင်သစ်- New Society Party (NSP)အနေဖြင့် ရပ်တည်ခဲ့ပါတယ်။ ကျွန်တော်တို့ လူ့ဘောင်သစ်ပါတီမှာ ၁၉၈၈ ခုနှစ် မူလလူ့ဘောင်သစ်အလံတော်ကို အခက်အခဲအကျပ်အတည်းများကြားမှ ၂၀၁၅ ခုနှစ် ဇွန်လ (၃)ရက်နေ့တွင် တရားဝင်ပြန်လည်ဆွဲကိုင် လွှင့်ထူနိုင်ခဲ့ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ လူ့ဘောင်သစ်ပါတီဟာ-

ပြည်တွင်းငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာတွေဟာ မလွဲမသွေ ဆက်စပ်ဆောင်ရွက်ရမည့် အခြေခံအချက်များဖြစ်ပါတယ်။

အတိုက်အခိုက်ပုံစံ ပီပြင်စွာ တရားဝင်ထွန်းကားရန် လွှတ်တော်တွင်း/လွှတ်တော်ပ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

ဒီမိုကရေစီအရေး လူ့အခွင့်အရေး(တရားဥပဒေစိုးမိုးရေး)

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် ရပ်တည်ဆောင်ရွက်သွားမည်။

လူ့ဘောင်သစ်ပါတီသည် ပြည်သူတစ်ရပ်လုံး ခါးစည်းခံစားနေရသော ဆင်းရဲတွင်းနက်မှု၊ ချွတ်ချုံကျမှု ပပျောက်ရေး၊ လူမှုဒုက္ခများမှ အမြန်ဆုံးလွတ်မြောက်နိုင်ရန် ပြည်သူလူထု၏ နစ်နာချက်များ လိုအပ်ချက်များအတွက် ရပ်တည်ဆောင်ရွက်သွားပါမယ်။

**ရည်ရွယ်ချက်**

ဒီမိုကရေစီအနှစ်သာရနဲ့ ပြည့်စုံပြီးပြည်သူလူထုကို အကျိုးပြုနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရေး၊

ရည်ရွယ်ချက်တူနိုင်ငံရေးပါတီများကိုစုစည်းပြီး အမျိုးသားရေးအမြင်အရ ဒီမိုကရေစီတပ်ပေါင်းစုကြီး ပေါ်ထွန်းလာရေး၊

တိုင်းရင်းသားများ၊ လူနည်းစုများရဲ့ လွတ်လပ်မှုနှင့် တန်းတူညီမျှမှုကို အခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး။

**ပညာရေး**

၁။ လွတ်လပ်ပြီး အဆင့်မြင့်သည့် ဒီမိုကရေစီပညာရေးစနစ်သစ် တည်ဆောက်သွားမယ်။

၂။ နိုင်ငံသားတိုင်းအခြေခံပညာအထက်တန်းအဆင့်ထိ အခမဲ့ မသင်မနေရ ပညာရေးစနစ်ကို ရေးဆွဲပြဋ္ဌာန်းကျင့်သုံးသွားမယ်။

၃။ တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်းသင်ပညာရေးကျောင်းများတွင် မိမိတို့သင်ယူလိုသော ဘာသာရပ်များကို လွတ်လပ်စွာသင်ယူခွင့်ပြုသွားမယ်။

၄။ ဘာသာရပ်ဆိုင်ရာ ထူးချွန်ကျောင်းသား ကျောင်းသူများကို စိစစ်ပြီး အစိုးရပညာသင်စရိတ် ထောက်ပံ့ရေးအစီအစဉ်များ ပြဋ္ဌာန်းသွားမယ်။

၅။ ကျောင်းသားသမဂ္ဂများ တရားဝင်ဖွဲ့စည်းခွင့်ပြုမယ်။

**ကျန်းမာရေး**

၁။ အစိုးရပိုင်ဆေးရုံဆေးခန်းများမှာ နိုင်ငံသားတိုင်း အခမဲ့ ဆေးကုသခွင့်ရအောင် ဆောင်ရွက်သွားမယ်။

၂။ တစ်နိုင်ငံလုံးရှိ အစိုးရပိုင် ဆေးရုံဆေးခန်းများနှင့် ပုဂ္ဂလိကပိုင်ဆေးရုံဆေးခန်းများအားလုံးကို ရောဂါရှာဖွေကုသမှုကဏ္ဍ၊ စီမံခန့်ခွဲအုပ်ချုပ်မှုကဏ္ဍများတွင် နိုင်ငံတကာ အဆင့်မီတိုးတက်လာအောင် တစ်ဆင့်ချင်းစီမံဆောင်ရွက်သွားမယ်။

၃။ ဆေးပညာကျွမ်းကျင်သူများ၊ ပညာရှင်များနှင့်ဝန်ထမ်းများအား နိုင်ငံတကာအဆင့်မီ ဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှုနည်းများ လေ့လာသင်ယူခွင့်ရအောင် အစိုးရစရိတ်ဖြင့် အကုန်အကျခံနိုင်အောင် တစ်ဆင့်ချင်း စီမံဆောင်ရွက်သွားမယ်။

၄။ နိုင်ငံတော်ကျန်းမာရေးအသုံးစရိတ်များကို မြှင့်တင်သုံးစွဲသွားမယ်။

**စီးပွားရေးနှင့် ဘဏ်စနစ်**

၁။ လွတ်လပ်သောဈေးကွက်ကို အခြေပြုသောစီးပွားရေးစနစ်ကို ပြဋ္ဌာန်းသွားမယ်။

၂။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများပိုင်စီးပွားရေးလုပ်ငန်းများ အခန်းကဏ္ဍတိုးတက်မြင့်မားလာစေရန်နှင့် အကာအကွယ်များပေးရန် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းသွားမယ်။

၃။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအားလုံးအတွက် ပွင့်လင်းမြင်သာ၍ အာမခံချက်ရှိသော ရင်းနှီးမြှုပ်နှံမှုဥပဒေများ ပြဋ္ဌာန်းသွားမယ်။

၄။ ခေတ်မီစီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေရှိစေရန် ဘဏ်စနစ်များကောင်းမွန်တိုးတက်လာအောင် နိုင်ငံတကာနဲ့အညီ ဥပဒေများပြဋ္ဌာန်းသွားမယ်။

၅။ နိုင်ငံတော်ဗဟိုဘဏ်(သို့) ပြည်ထောင်စုဘဏ်၏ မူဝါဒများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းသွားမယ်။

၆။ နိုင်ငံတော်အကျိုးစီးပွားနဲ့ လိုက်လျောညီထွေမှုရှိမည့်မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းပေးမယ်။

၇။ နိုင်ငံသားတိုင်းနစ်နာမှုမရှိစေရန် ခေတ်နှင့်လျော်ညီသော အခွန်စနစ်တစ်ရပ် ပြဋ္ဌာန်းပြီး နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်စေရမယ်။

၈။ စီးပွားရေးဆိုင်ရာစီမံကိန်းများအားလုံးကို ပွင့်လင်းမြင်သာမှုရှိရေး၊ လူထုအကျိုးစီးပွား မထိခိုက်စေရေး၊ သမိုင်းအမွေအနှစ်ဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် အထူးကြပ်မတ်ခွင့်ပြုသွားမယ်။

**စက်မှုလက်မှုကဏ္ဍ**

၁။ နိုင်ငံတော်ပိုင်စက်မှုလက်မှုလုပ်ငန်းအချို့ကို နိုင်ငံသားတိုင်းရင်းသားများသို့ သင့်တော်သောအစီအမံများဖြင့် လွှဲပြောင်းပေးမယ်။

၂။ နိုင်ငံသားတိုင်းရင်းသားများပိုင် စက်မှုလက်မှုလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာအောင် နည်းပညာရပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးပြီး ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးမယ်။

၃။ နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး စက်မှုလက်မှုကဏ္ဍများ တိုးတက်ခေတ်မီစေရေးအတွက် လုံခြုံစိတ်ချရမှု၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးမယ်။

**လယ်ယာကဏ္ဍ**

၁။ လယ်လုပ်သူလယ်ပိုင်ခွင့်စနစ်ကျင့်သုံးမယ်။

၂။ လယ်ယာမြေများကိုမည်သည့်အဖွဲ့အစည်းများကမဆို ဘယ်လိုအကြောင်းပြချက်နှင့်မဆို သိမ်းယူခြင်းကို ဥပဒေဖြင့် ကာကွယ်ပေးမယ်။

၃။ နိုင်ငံတော်နှင့်အများပြည်သူအကျိုးအတွက် လယ်ယာမြေအကျိုး တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုဖြစ်ခဲ့ပါက တူညီသော လယ်ယာမြေအကျိုးခံစားခွင့်လျော်ကြေး နစ်နာကြေးရရှိစေရမယ်။

၄။ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍစုံမြှင့်တင်ပေးမယ်။

၅။ လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ထုတ်လုပ်ကြိတ်ခွဲခွင့်၊ ဈေးနှုန်းသတ်မှတ် သယ်ဆောင်ရောင်းဝယ်ခွင့်ရှိစေရမယ်။

၆။ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီခွင့်ပြုပေးမယ်။

**အလုပ်သမားကဏ္ဍ**

၁။ အလုပ်သမားများသည်နိုင်ငံတကာစံနှုန်းများ သဘောတူညီချက်များနှင့်အညီ လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရှိပြီး အလုပ်သမားများ၏ အခြေခံအခွင့်အရေးများ တောင်းဆိုခွင့်ရှိစေရမယ်။

၂။ ခေတ်နှင့်အညီ အနိမ့်ဆုံးလုပ်ခလစာများ သတ်မှတ်ပေးမယ်။

၃။ အလုပ်သမားများနှင့် မိသားစုများ ဘဝအဆင်ပြေစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များရရှိရေးစသော လူမှုဖူလုံရေးအက်ဥပဒေများ ပြဋ္ဌာန်းပေးမယ်။

၄။ အလုပ်ရှင် အလုပ်သမားတို့ ပဋိပက္ခမဖြစ်စေရေးအတွက် အငြင်းပွားမှုပြဿနာများ ဖြစ်ပေါ်လာပါက တစ်ဖက်စောင်းနင်းမဖြစ်စေရန် ဥပဒေနှင့်အညီ တရားမျှတစွာ ဖြစ်စေရမယ်။

**နိုင်ငံခြားရေး**

၁။ နိုင်ငံတကာဆက်ဆံရေးတွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒ ကျင့်သုံးမယ်။

၂။ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာမယ်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနှင့် အိမ်နီးချင်း၊ အာရှနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အမေရိက၊ ဥရောပ၊ အာဖရိက၊ ဩစတြေးလျစသော ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံသွားမယ်။

၄။ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားမယ်။

၅။ နိုင်ငံတော်အကျိုးအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမယ်။

၆။ ကုလသမဂ္ဂပဋိညာဉ်များကို လေးစားလိုက်နာမယ်။

**နိုင်ငံတော်ကာကွယ်ရေး**

၁။ တပ်မတော်ဟာ ပြည်သူကြားမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားပြည်သူအားလုံး၏ အသက်အိုးအိမ်စည်းစိမ်၊ အကျိုးစီးပွားအားလုံးကို ကာကွယ်ပေးရမယ်။

၂။ တပ်မတော်ဟာ အစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုအောက်မှာရှိပြီး အစိုးရသစ္စာခံဖြစ်ရပါမယ်။

၃။ တပ်မတော်ဟာ ပါတီနိုင်ငံရေး ကင်းရှင်းပြီး မည်သည့်နိုင်ငံရေးပါတီကိုမျှ ဩဇာခံခြင်း၊ ပါဝင်ပတ်သက်ခြင်း အလျဉ်းမရှိစေရပါ။

၄။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နဲ့ ရဲတပ်ဖွဲ့ရဲချုပ်တို့ကို သမ္မတနဲ့အစိုးရအဖွဲ့မှ တိုက်ရိုက်ခန့်ထားရမယ်။

၅။ အသက် ၁၈ နှစ်ပြည့်ပြီး သတ်မှတ်ချက်များနှင့် ပြည့်စုံ၍ ကျန်းမာရေးကောင်းသူတိုင်း အများဆုံး နှစ်နှစ် စစ်မှုမထမ်းမနေရဥပဒေပြဋ္ဌာန်းမယ်။

၆။ ခေတ်မီ စစ်သင်တန်းကျောင်း တက္ကသိုလ်များ တည်ထောင်ပေးပြီး တပ်မတော်နှင့် ရဲအပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များကို လေ့ကျင့်သင်ကြားပေးမယ်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး**

၁။ သစ်တောများ၊တောင်များနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတများနှင့် ဂေဟစနစ်များ တောရိုင်းတိရစ္ဆာန်များကို အမျိုးသားစီမံချက်တစ်ခုအနေနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမယ်။ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပြီးလိုက်နာကြရန် စည်းရုံးပညာပေးမှုများ ဆောင်ရွက်သွားမယ်။

၂။ သစ်တောများခုတ်ထွင်မှု၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများကို နိုင်ငံတော်အဆင့် စနစ်တကျစီမံခန့်ခွဲမယ်။

၁။ တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးမတည်ဆောက်နိုင်သမျှ ကာလပတ်လုံး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝမလုပ်နိုင်ဟု လူ့ဘောင်သစ်ပါတီက အလေးအနက်ယုံကြည်ပါတယ်။

၂။ ၆၅ နှစ်ကျော်ကြာဖြစ်ပွားနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ဖြစ်ပွားနေသော စစ်ပွဲများကို ချက်ချင်းရပ်တန့်နိုင်အောင် ဆောင်ရွက်မယ်။

၃။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တန်းတူညီနိုင်ငံရေးဆွေးနွေးပြီး ပဋိပက္ခများကို ချုပ်ငြိမ်းစေကာ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်မယ်။

**ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး**

၁။ လွှတ်တော်သည် ဥပဒေနှင့်အညီ ပြည်သူ့ဆန္ဒနှင့်အညီ တည်ထောင်ခြင်းဖြစ်ရကား လွှတ်တော်၌ အချုပ်အခြာအာဏာကို အောက်ပါမူများအရ ကျင့်သုံးမယ်။

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသော မဏ္ဍိုင်သုံးရပ်အား ကောင်းစေလျက် မဏ္ဍိုင်တစ်ခုအပေါ် စွက်ဖက်ခြင်းမရှိစေရ။

(ခ) ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့နှင့်အညီ သဟဇာတဖြစ်စေရမယ်။

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားဟာ ပြည်သူလူထုကို ဖိနှိပ်တဲ့ ပုံစံမဖြစ်စေဘဲ ပြည်သူလူထု၏ အကျိုးစီးပွားကို သယ်ပိုးဖြည့်ဆည်းကာကွယ်ပေးမယ့် စီမံခန့်ခွဲမှုပုံစံဖြစ်စေရမယ်။

(ဃ) တရားစီရင်ရေးမဏ္ဍိုင်ဟာ လူမျိုးမရွေးဘာသာမရွေး တရားဥပဒေရှေ့မှောက်မှာ အညီအမျှ ဖြစ်စေရမယ်။

(င) ဗဟိုတရားရုံးချုပ်ဟာ မိမိလက်အောက်ရှိတရားရုံးများကို လွတ်လပ်ပိုင်နိုင်စွာ ကွပ်ကဲပိုင်ခွင့် ရှိစေရမယ်။

(စ) တရားစစ်ဆေးခြင်းနဲ့ ဆုံးဖြတ်ခြင်းများကို ပြည်သူ့ရှေ့မှောက်မှာ ဆောင်ရွက်ရမယ်။ စွပ်စွဲခံရသူအား တရားဥပဒေနှင့်အညီ ခုခံပိုင်ခွင့်အပြည့်အဝပေးမည်။ တရားသူကြီးများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်ရှိစေရမယ်။ ပြင်ပစွက်ဖက်မှုများမရှိစေရ။

**အထွေထွေ**

ကလေးသူငယ်နှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးတို့ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီဥပဒေများပြဋ္ဌာန်းပေးမယ်။ နိုင်ငံတော်အဆင့် စီးပွားစီမံကိန်းများကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားမည်။ လိုအပ်ပါက လူထုသဘောထား ထောက်ခံချက်ဖြင့် ဆောင်ရွက်သွားမယ်။

ပေးဆပ်ရန်ရှိတဲ့ ပြည်ပကြွေးမြီများကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ထားမယ်။ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအထောက်အပံ့များကိုရရှိအောင် ဆောင်ရွက်သွားမည်။ နိုင်ငံတော်က တရားဝင်ထုတ်ဝေထားတဲ့ ငွေကြေးများကို နိုင်ငံတော်က တာဝန်ယူခြင်းဖြင့် ပြည်သူများ၏ ယုံကြည်စိတ်ချမှုကို အပြည့်အဝရှိစေရမယ်။

**နိဂုံးချုပ်**

ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်မှာ ငြိမ်းချမ်းရေး၊ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဟာ မလွဲမသွေ ဆက်စပ်ဆောင်ရွက်ရမည့် အခြေခံအချက်များဖြစ်ပါတယ်။

ဒီမိုကရေစီစံနှုန်းအရ အတိုက်အခံပုံစံပီပြင်စွာ တရားဝင်ထွန်းကားရန် လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ ကြိုးပမ်းဆောင်ရွက်သွားမယ်။ လက်ရှိနိုင်ငံရေးအခြေအနေများအရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍများ ချွတ်ခြုံကျနေပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး ခါးစည်းခံနေရတဲ့ လူမှုဒုက္ခများက အမြန်ဆုံးလွတ်မြောက်နိုင်ဖို့အတွက် ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုသားချင်းများ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် တိုင်းရင်းသားညီအစ်ကိုတော်များ၊ ဒီမိုကရက်တစ် အင်အားစုများ၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲဆောင်ရွက်သွားမယ်လို့ ကျွန်တော်တို့အနေနှင့် သန္နိဋ္ဌာန်ပြုပါတယ်။

၁၉၈၈ ကျောင်းသားလူထုကိုယ်စားပြုပါတီက ယနေ့ပြည်သူလူထု ကိုယ်စားပြုပါတီ အဖြစ်ရပ်တည်ဆောင်ရွက်နေပါတယ်။ ပြည်သူ့အကျိုးစီးပွားသယ်ပိုးနိုင်ဖို့ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လူ့ဘောင်သစ်ပါတီကိုယ်စားလှယ်လောင်း ၉ဦးအား ထောက်ခံဆန္ဒမဲပေးပါလို့ ကျွန်တော့်အနေနှင့် ပန်ကြားလိုပါတယ်။

**ပြည်သူ့ဘဝပြောင်းလဲဖို့ လူ့ဘောင်သစ်ကိုမဲပေးစို့**

# အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ဟောပြောတင်ပြ

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဇော်မျိုးထွဋ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**မင်္ဂလာပါခင်ဗျား-**

မြန်မာပြည်သူတိုင်းရင်းသားအားလုံးတို့ အချင်းချင်းအပြန်အလှန်နားလည်မှုများနဲ့အတူ စစ်မှန်သောနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဘဝများ၊ မြင့်မားတိုးတက်နိုင်ခြင်းများနဲ့ ပြီးပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဇော်မျိုးထွဋ်ဖြစ်ပါတယ်။ အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ စတင်ထူထောင်ခဲ့ပြီး နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ်ကတော့ (၈၆)ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ကျွန်တော်တို့ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လိုအပ်ချက်အရ ပေါ်ထွန်းလာခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသတွင်းမှာနေထိုင်ကြတဲ့ ညီအစ်ကိုတိုင်းရင်းသားများကြားမှာ အပြန်အလှန်နားလည်တတ်၊ လေးစားတတ်တဲ့စိတ်ဓာတ်တွေနဲ့ တစ်ဦးချင်း၊ တစ်စုချင်း စိတ်ဓာတ်အရည်အသွေး စွမ်းရည်တွေမြင့်တက်လာစေဖို့ဖြစ်ပါတယ်။ အဲဒီလို မြင့်တက်လာတဲ့စွမ်းရည်တွေ၊ အရည်အချင်းတွေနဲ့ မြန်မာတစ်နိုင်ငံလုံးက လိုလားဖော်ဆောင်ကြိုးစားနေတဲ့ နိုင်ငံတော်ဘက်စုံပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်မယ့် လုပ်ငန်းစဉ်တစ်ရပ်လုံးမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ အောင်မြင်အောင် ပေးဆပ်ဆောင်ရွက်သွားချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီရဲ့ ရည်ရွယ်ချက်များကတော့**

-ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ အင်းသားတိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ် တိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိရေး၊

-အင်းတိုင်းရင်းသားများနှင့် ညီနောင်တိုင်းရင်းသားများအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် လူမှုစီးပွားဘဝများ စောင့်ရှောက်ထိန်းသိမ်းရန်နှင့် တိုးတက်မြင့်မားလာစေရန် ဦးဆောင်ဆောင်ရွက်နိုင်ရေး၊

-အင်းလေးကန်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေး၊

-ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီစည်းလုံးညီညွတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြားပြည်ထောင်စု တိုင်းရင်းသားအားလုံးနှင့် ပူးပေါင်းပါဝင်လှုပ်ရှားသွားနိုင်ရေး။

ကျွန်တော်တို့ရဲ့ပါတီဟာ အင်းသားများ တစုတဝေးတည်းနေထိုင်တဲ့ အင်းလေးကန်တစ်ဝိုက်ကို အခြေတည်ပြီး အတူနေ ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ ကယန်း၊ ဗမာ စတာတွေ အားလုံးစုပေါင်းပါဝင်မှာ ဖြစ်တဲ့အတွက် အင်းတိုင်းရင်းသားအဖွဲ့ချုပ်လို့ အမည်မှည့်တာဖြစ်ပါတယ်။

အဲဒီလိုဖွဲ့စည်းထားတဲ့အတွက် ဒေသတစ်ခုလုံး၊ နယ်ပယ်အားလုံး၊ လူမျိုးအားလုံးရဲ့ အခက်အခဲလိုအပ်ချက် စတာတွေကို ပြည့်ပြည့်စုံစုံ အသေးစိတ်နားလည်သိရှိမှာဖြစ်ပြီးတော့ အားလုံးစုပေါင်းအဖြေရှာတဲ့နည်းလမ်းကို အသုံးပြု ဝေဖန်သုံးသပ်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ထိရောက်အောင်မြင်တဲ့ ဆောင်ရွက်ချက်တွေဖြစ်မယ်လို့ အလေးအနက်ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျက်မှောက်နှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဆောင်ရွက်ပေးနိုင်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားများ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ ခံစားရရှိသင့်သည့် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများကို နိုင်ငံတစ်ဝှမ်းလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲဖော်ဆောင်သွားဖို့ကို အလေးအနက်ရည်မှန်းထားရှိပါတယ်။

ဒေသတွင်းရှိ လူငယ်များဟာလည်း ခေတ်ပညာတတ်ဘွဲ့ရတွေပိုမိုများပြားလာသလို သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း ကြီးမားတဲ့စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ဒါတွေကို ဖြေရှင်းနိုင်ဖို့ အလေးထားဆောင်ရွက်သွားချင်တဲ့အပြင် လူငယ်တွေကို သမိုင်းအစဉ်အလာနဲ့ လက်ရှိဘဝဖြစ်စဉ်တွေကို အပြန်အလှန် သုံးသပ်တွေးခေါ်စဉ်းစားပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံ ဖြတ်ကျော်သွားနိုင်တဲ့ ဘဝပညာများကိုလည်း လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ချင်ပါတယ်။

အင်းတိုင်းရင်းသားများဟာ အင်းလေးကန်အတွင်းနဲ့ ဆက်စပ်နေရာများမှာ နေထိုင်ကြပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အင်းလေးကန်ကြီးဟာ ရေခန်းခြောက်လာခြင်းနဲ့အတူ ယိုယွင်းပျက်စီးမှုတွေဟာ ပိုမိုဆိုးရွားလာနေပါတယ်။ အဲဒီဆိုးရွားတဲ့အခြေအနေဟာ ဌာနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားရေးကို အထူးထိခိုက်နစ်နာစေပါတယ်။အင်းလေးကန်ထိန်းသိမ်းရေးဟာလည်း ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်တဲ့အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားမြှင့်တင်ရေးကို ဟန်ချက်ညီညီ ဖြစ်ထွန်းစေဖို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးအားဖြင့် ကျွန်တော်တို့ အင်းလေးဒေသ အင်းလေးကန်ရဲ့ထူးခြားတဲ့ မြေပြင်အခြေအနေအရ ကျေးရွာများ၊ နေအိမ်များ၊ ကျွန်းမျောစိုက်ခင်းများဟာ ရေပြင်ပေါ်မှာတည်ရှိနေပြီး တစ်စုံတစ်ရာသော အာမခံချက်များ မရှိခဲ့ပါဘူး။ အဲဒီအတွက် နိုင်ငံတော်မှ ဥပဒေနှင့်အညီ တရားဝင်အသိအမှတ်ပြုမှုနဲ့အတူ အာမခံချက်များ ရရှိနိုင်ရေးအတွက် ကျွန်တော်တို့ပါတီက ဦးဆောင်ညှိနှိုင်းကာ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ယူနက်စကိုက လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုပြီးဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံများရဲ့ အကျိုးစီးပွားဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အဓိကအကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ယုံကြည်သည့်အတွက် ဖြစ်ပါတယ်။

အဲဒီလို အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ဟန်ချက်ညီဖို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးများအပြင် လယ်ယာနှင့်အင်းလေးဒေသရဲ့ အထူးစိုက်ပျိုးသီးနှံဖြစ်တဲ့ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတွေ လျော်ညီသော နည်းလမ်း၊တွက်ခြေကိုက်သောစနစ်များကို ပြုပြင်ဖော်ဆောင်နိုင်ဖို့အတွက် ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဒေသခံများအနေဖြင့် တရားဥပဒေ စည်းမျဉ်းစည်းကမ်းများလိုက်နာခြင်း၊ မိမိတို့ အင်းလေးကန်ကြီးအတွက် မိမိတို့၏ စိတ်ဓာတ်၊ စည်းကမ်း၊ ခွန်အား အသိတရားတို့ကို မလွဲမသွေ အပြည့်အဝ ပေးဆပ်ဆောင်ရွက်သွားရမည်ဟု အလေးအနက်ယုံကြည်ပါသည်။

ထို့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့်ပျက်စီးယိုယွင်းမှုဒဏ်ကို အချိန်မီ ကုစားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် တာဝန်ရှိအဖွဲ့အစည်းအသီးသီး၊ ဌာနဆိုင်ရာအသီးသီး၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးတို့၏ ဝိုင်းဝန်းကူညီမှုရရှိစေရေးနှင့် ရရှိသည့်အကူအညီများကိုဒေသဆိုင်ရာ လူ့အဖွဲ့အစည်း၊ပညာရှင်အဖွဲ့အစည်းများက ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် မိမိတို့ပါတီဝင်များအားလုံး ဦးဆောင်ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထိုကဲ့သို့ဆောင်ရွက်မှုတွေမှာ အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဆောင်ရွက်နိုင်အောင် ထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်နိုင်ရေးအတွက် လိုအပ်သော ဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့အနေနဲ့ခံစားမည့်သူ လူအများက အရည်အသွေးပြည့်ပြည့်၊ စိတ်ဓာတ်မြင့်မြင့်မားမား၊ လူမျိုးဒေသ၊ ပြည်နယ်နှင့် နိုင်ငံတော်၏ အကျိုးကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်မယ့် အစီအစဉ်နှင့်လုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယုံကြည်စွာအားပေးချီးမြှောက်ကြလိမ့်မည်ဟု လေးစားစွာယုံကြည်မိပါကြောင်း တင်ပြရင်း အဆုံးသတ်ပါရစေခင်ဗျား။

**ကရဝိတ် ဆွဲဖော့ ဆွဲလှေလာဝေါက်နှောင်းလှေခေါင်းဝဲဆမား တက်ပြကောင်း**

**အောင် ဝိုင်းတွန်းပေးမှုလက်**

**(အင်းသားစကား)**

ကရဝိတ်ဆွဲရန်ဆွဲလှေလာပြီဖြစ်သောကြောင့် လှေဦးစီးမှ ကောင်းမွန်သောတက်ချက်ပြနိုင်ရန်အားလုံးဝိုင်းဝန်းအားဖြည့်ပေးရန်လိုအပ်နေပြီဖြစ်ပါသည်။

**ဆုံးဖြတ်ရအောင်**

ဒို့လူခဲတွေနေတဲ့ ဒို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ ဒို့ရဲ့ ညီအစ်ကိုများ ခိုင်ခိုင်မာမာ ဆုံးဖြတ်ကြစို့လား

အင်းလေးရဲ့အလှကို ထိန်းသိမ်းရင်းနဲ့ စောင့်ရှောက်ရမှာ ငါတို့ရဲ့ တာဝန်ပါ

ဒို့လူခဲတွေနေတဲ့ ဒို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ ဒို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာမဲပေးကြစို့လား

လှပတဲ့ပန်းတိုင် ဒို့လျှောက်ကြစို့နော် တိုးတက်ဖို့အတွက်ရည်မျှော် အားလုံးအကောင်အထည်ဖော်

ဒို့လူခဲတွေနေတဲ့ ဒို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ ဒို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာဆုံးဖြတ်ကြစို့လား

အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ ဝိုင်းဝန်းပြီးတော့ဖော်ဆောင်မည် အပြုံးပန်းလည်းလှုကြသည် နေ့သစ်တစ်ခုကိုရည်

ဒို့လူခဲတွေနေတဲ့ ဒို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ ဒို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာမဲပေးကြစို့လား

ဒို့လူခဲတွေနေတဲ့ ဒို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ ဒို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာဆုံးဖြတ်ကြစို့လား

အင်းလေးရဲ့အလှကို ထိန်းသိမ်းရင်းနဲ့ စောင့်ရှောက်ရမှာ ငါတို့ရဲ့ တာဝန်ပါ

ဒို့လူခဲတွေနေတဲ့ ဒို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ ဒို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာမဲပေးကြစို့လား

လှပတဲ့ပန်းတိုင် ဒို့လျှောက်ကြစို့နော် တိုးတက်ဖို့အတွက်ရည်မျှော် အားလုံးအကောင်အထည်ဖော်

ဒို့လူခဲတွေနေတဲ့ ဒို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ ဒို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာဆုံးဖြတ်ကြစို့လား

အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ ဝိုင်းဝန်းပြီးတော့ဖော်ဆောင်မည် အပြုံးပန်းလည်းလှုကြသည် နေ့သစ်တစ်ခုကိုရည်

ဒို့လူခဲတွေနေတဲ့ ဒို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ ဒို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာမဲပေးကြစို့လား

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**

**အနာဂတ်ရဲ့ဒီမိုကရေစီ. . . . ဆောင်ရွက်ဖို့အချိန်တန်ပြီ. . . . ဒို့ ကြိုးစားလို့ ဖော်ဆောင်မည်. . .**

**တိုးတက်ရမည် စည်းလုံးရမည် အမျိုးချစ်ကြတဲ့ အာဇာနည် ဆုံးဖြတ်ချက်အတည် အကောင်းဆုံးအတွက်ရည် အားလုံးလှမယ့်အနာဂတ်ဆီ**

**ညီညီညာရှေ့သို့ လှမ်းတက်မည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ တူညီစွာအစွမ်းကုန်အားပေးမည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**

**တိုးတက်ရမည် စည်းလုံးရမည် အမျိုးချစ်ကြတဲ့ အာဇာနည် ဆုံးဖြတ်ချက်အတည် အကောင်းဆုံးအတွက်ရည် အားလုံးလှမယ့်အနာဂတ်ဆီ**

**ညီညီညာရှေ့သို့ လှမ်းတက်မည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ တူညီစွာအစွမ်းကုန်အားပေးမည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**

**တိုးတက်ရမည် စည်းလုံးရမည် အမျိုးချစ်ကြတဲ့ အာဇာနည် ဆုံးဖြတ်ချက်အတည် အကောင်းဆုံး အတွက်ရည် အားလုံးလှမယ့်အနာဂတ်ဆီ**

**ညီညီညာရှေ့သို့ လှမ်းတက်မည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ တူညီစွာအစွမ်းကုန်အားပေးမည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**

**တိုးတက်ရမည် စည်းလုံးရမည် အမျိုးချစ်ကြတဲ့ အာဇာနည် ဆုံးဖြတ်ချက်အတည် အကောင်းဆုံးအတွက်ရည် အားလုံးလှမယ့်အနာဂတ်ဆီ အားလုံးလှမယ့်အနာဂတ်ဆီ အားလုံးလှမယ့်အနာဂတ်ဆီ**

# ၈၈ မျိုးဆက်ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**၈၈ မျိုးဆက်ဒီမိုကရေစီပါတီ သထုံခရိုင်ကော်မတီဥက္ကဋ္ဌ ဦးသောင်းရွှေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံပြီး မိမိတို့ရဲ့ လိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြပါစေလို့ ဆန္ဒမွန်တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်က ၈၈ မျိုးဆက်ဒီမိုကရေစီပါတီမှ သထုံခရိုင်ကော်မတီဥက္ကဋ္ဌ ဦးသောင်းရွှေဖြစ်ပါတယ်။ ဒီကနေ့ မြန်မာ့အသံရေဒီယိုနဲ့ ရုပ်မြင်သံကြား အစီအစဉ်မှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကို ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို အကျဉ်းချုံးပြီး တင်ပြအစီရင်ခံသွားမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများကလည်း ပါတီရဲ့မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်၊ သုံးသပ်၊ ဆုံးဖြတ်ပြီး လာမယ့် ၂၀၁၅ ခု အထွေထွေရွေးကောက်ပွဲကြီးမှာ ကျွန်တော်တို့ ၈၈ မျိုးဆက် ဒီမိုကရေစီပါတီရဲ့ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များကို ယုံကြည်စွာနဲ့ ထောက်ခံမဲပေးကြဖို့ တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-ကျွန်တော်တို့ပါတီဟာ သမိုင်းတောင်းဆိုချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

**လေးစားအပ်တဲ့မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ဆက်လက်ပြီးတင်ပြရမှာက ပါတီရဲ့အလံတော်ပါ။ ရဲရင့်ခြင်းကို အဓိပ္ပာယ်ဆောင်တဲ့ အနီရောင်ကို နောက်ခံထားပြီး အလယ်မှာကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ရဟန်းရှင်လူပြည်သူများကို ကိုယ်စားပြုတဲ့ ခွပ်ဒေါင်းအဝါရောင်ကို တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခု ကိုယ်စားပြုသော အဖြူရောင် ကြယ်တစ်ဆယ့်လေးလုံးကို ဝန်းရံထားခြင်းဖြစ်ပါတယ်။ ပါတီရဲ့ တံဆိပ်ဟာလည်း ပါတီအလံနှင့် ထပ်တူဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ဆက်လက်ပြီးတော့ ပါတီရဲ့မူဝါဒများကို တင်ပြပါမယ်

(၁) ပါတီဟာ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ကျေးဇူးသစ္စာကို အမြဲစောင့်သိရိုသေပြီး နိုင်ငံတော်အာဏာသည် အမြဲတမ်း နိုင်ငံသားများထံမှ ဆင်းသက်စေရပါမည်။

(၂) ပါတီသည် နိုင်ငံတော်အကျိုးစီးပွားကိုမြှင့်တင်ဖော်ဆောင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူမည်။

(၃) ပါတီသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

(၄) ပါတီသည် နိုင်ငံသူ၊ နိုင်ငံသားတို့အပေါ် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ အသိအမှတ်ပြုမှု၊ တန်းတူညီမျှမှု၊ သဘောထားကြီးမှု၊ သစ္စာရှိမှု အထွေထွေနားလည်သဟဇာတဖြစ်မှုတို့ကို ဦးတည်သည်။

(၅) (က) နိုင်ငံတော်အားလက်နက်စွဲကိုင်တော်လှန်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခြင်း၊
(ခ) နိုင်ငံတော်က မတရားသဖြင့် ကြော်ငြာခံထားရသော အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အားပေးကူညီခြင်း၊
(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ(သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်းတစ်ခုခု(သို့မဟုတ်) အခြားအဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးဦး၏ထံမှ ငွေကြေး၊ ပစ္စည်းနှင့် အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေရယူသုံးစွဲခြင်းနှင့်
(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်းတို့ကို လုံးဝရှောင်ကြဉ်မည်။

(၆) နိုင်ငံတော်ကို အဂတိလိုက်စားမှုကင်းစင်သည့် နိုင်ငံတော်အနေဖြင့် စနစ်တကျကြိုးပမ်းဆောင်ရွက်မည်ဆိုသော မူဝါဒများကို ချမှတ်ထားပါသည်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ပါတီရဲ့လုပ်ငန်းစဉ်များကိုလည်း အောက်ဖော်ပြပါအတိုင်း ချမှတ်ထားပါတယ်-

(၁) ပညာရေး

ပါတီသည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်ပြီး အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမည့်

(က) စာမတတ်သူ ကင်းစင်ရေး၊
(ခ) မသင်မနေရ အခမဲ့မူလတန်းအဆင့်မှ အလယ်တန်း၊ အထက်တန်း ပညာရေးစနစ်ကို ဖော်ဆောင်ရေး၊
(ဂ) အသက်မွေးဝမ်းကျောင်းပညာရေး၊
(ဃ) ဘုန်းတော်ကြီးသင်ပညာရေး၊
(င) ကျောင်းသားတိုင်း စိတ်ကြိုက်ဘာသာရွေးချယ်သင်ကြားနိုင်သော ပညာရေး၊
(စ) ပညာသင်ထောက်ပံ့ကြေးနှင့် သုတေသနရန်ပုံငွေစနစ်၊
(ဆ) လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ထိုက်သင့်သည့် ငွေပင် ငွေရင်းများ ထည့်ဝင်အားပေးမြှင့်တင်ဆောင်ရွက်မည်။

**(၂) ကျန်းမာရေး**

ပါတီသည် တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ပျော်ရွှင်ရေးကို ဦးတည်၍

(က) အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု
(ခ) ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု
(ဂ) ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေထူထောင်ခြင်း
(ဃ) ကျန်းမာရေးစောင့်ရှောက်မှု အာမခံထားရှိရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

**(၃) စီးပွားရေး**

(က) ပါတီသည် နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်နှင့် ရင်းနှီးမြှုပ်နှံမှုပိုင်ဟု စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို လွတ်လပ်စွာ အပြိုင်အဆိုင် လုပ်ကိုင်ခွင့်ရရှိစေရန် ဆောင်ရွက်မည်။
(ခ) ပါတီသည် အထူးစီးပွားရေးရုံးများထူထောင်ပြီး ပြည်ပအတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ဆွဲဆောင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်မည်။

**(၄) လူမှုရေး**

ပါတီသည်

(က) ရှိရင်းစွဲအမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ပြီးသော ရက္ခိတတရားများ ပိုမိုထွန်းကားပြန့်ပွားရေး
(ခ) အမျိုးဘာသာစာပေ၊ ဂီတအနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်မည်။

**(၆) တောင်သူလယ်သမားအရေး**

(က) ပါတီသည် တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်အကျိုးစီးပွားများကို မြှင့်တင်စောင့်ရှောက်ကာကွယ်ခြင်းတို့ကို ဆောင်ရွက်မည်။
(ခ) လယ်လုပ်သူ လယ်ပိုင်ခွင့်ရှိစေရမည်။
(ဂ) ပြည်ပဈေးကွက်ရရှိစေရန်နှင့် လိုအပ်သောအရင်းအနှီးများ စရိတ်စကများ နည်းပညာနှင့်ကုန်ကြမ်းများ ပံ့ပိုးရရှိစေရေးနှင့် ချေးငွေပံ့ပိုးမှုရရှိစေရေး။
(ဃ) ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သီးနှံအမျိုးအစားများကို စိုက်ပျိုးနိုင်ရေးအတွက် သတင်းအရင်းအမြစ်များ စုဆောင်းဆက်သွယ်ပေးခြင်း။
(င) တောင်သူလယ်သမားများ၏ အခွင့်အရေးများ မဆုံးရှုံးစေရန် တောင်သူလယ်သမားအဖွဲ့အစည်း တောင်သူလယ်သမားသမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်နှင့် တောင်သူလယ်သမားကို တောင်သူလယ်သမားစစ်စစ်များကိုယ်တိုင် ဦးဆောင်နိုင်ပြီး နိုင်ငံတကာ ခေတ်မီနည်းပညာများ စီမံခန့်ခွဲမှုများ ကိုယ်တိုင် လေ့လာစေရန် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများထူထောင်လုပ်ကိုင်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်။

**(၇) အလုပ်သမား**

(၁) ပါတီသည် အလုပ်သမားများ၏ လုပ်ပိုင်ခွင့်နှင့် အလုပ်သမားများ၏ နစ်နာမှုများကို ကာကွယ်စောင့်ရှောက်ပေးမည်။ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များအတိုင်း အလုပ်ချိန်နှင့် အချိန်ပိုလုပ်အားခလစာ စံနှုန်းများအတိုင်းရရှိရေး၊ လုပ်ငန်းခွင်သာယာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများနှင့် ပတ်သက်၍ ထိုက်သင့်မျှတသည့် နစ်နာကြေးနှင့် လျော်ကြေးခံစားခွင့်ရရှိရေး၊ အိုနာစာရန်ပုံငွေများ တည်ထောင်ထားရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်။

(၂) ပါတီသည် လုပ်အားစေခိုင်းခြင်းနှင့် ပတ်သက်ပြီး
(က) အရွယ်မရောက်သေးသည့် ကလေးငယ်များအား လုပ်ကိုင်ဆောင်ရွက်စေခြင်းမျိုး
(ခ) အခကြေးငွေမပေးဘဲ အလုပ်စေခိုင်းခြင်း
(ဂ) အခကြေးငွေနှင့်မထိုက်တန်သော အလုပ်ကို စေခိုင်းခံရခြင်း
(ဃ) တာဝန်နှင့် မသက်ဆိုင်သော အလုပ်ကိုခိုင်းစေခံရခြင်း
(င) လုပ်အားနှင့် ထိုက်တန်မှုမရှိသော အခကြေးငွေဖြင့် ခိုင်းစေခံရခြင်း
(စ) စိတ်ဆန္ဒမပါသော အလုပ်အကိုင်၊ အတင်းအကြပ်ခိုင်းစေခံရခြင်းများကို မဖြစ်ပေါ်စေရန် အလေးထား ဆောင်ရွက်မည်။



**(၃) ပါတီသည် အလုပ်သမားများ၏**

(က) လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး သက်သာချောင်ချိစေရန် လူမှုဖူလုံရေးစနစ် ထူထောင်ကျင့်သုံးရေးနှင့်
(ခ) လုပ်ငန်းနယ်ပယ်အလိုက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် အလုပ်လက်မဲ့ ပြဿနာများဖြေရှင်းနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်။

(၄) ပါတီသည် အလုပ်သမား၏ အခွင့်အရေးများ၊ ဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အလုပ်သမားအစည်းအရုံး (သို့မဟုတ်)သမဂ္ဂများဖွဲ့စည်းတည်ဆောက်နိုင်ရေးနှင့် အလုပ်သမားများကိုယ်တိုင် ထိုအလုပ်သမားအစည်းအရုံးသမဂ္ဂများကို ဦးဆောင်နိုင်ရေးနှင့် ပြည်ပနိုင်ငံများသို့သွားရောက်၍ လုပ်ငန်းနှင့်ဆိုင်သော ခေတ်မီနည်းပညာများကို လေ့လာနိုင်ပြီး အလုပ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်သည့် စက်မှု၊ လက်မှု လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများထူထောင်လုပ်ကိုင်နိုင်ရေးနှင့် အလုပ်သမားများ၏ အလုပ်ပိတ်ရက်များနှင့်အကျိုးခံစားခွင့်များသည် အစိုးရအလုပ်သမားများ၏ အကျိုးခံစားခွင့်အတိုင်း ဖြစ်စေရမည်။

**(၈) နိုင်ငံခြားရေး**

ပါတီသည် နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို လက်ခံကျင့်သုံးပြီး နိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားတပ်ဖွဲ့များကိုမှ တပ်ချခွင့်မပြုရေးတို့ကို ဆောင်ရွက်မည်။

**လေးစားအပ်တဲ့မဲဆန္ဒရှင်များခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို အကျဉ်းချုံးပြီး တင်ပြသွားခြင်းဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ပါတီတွေကလည်း တော်တော်များပါတယ်။ ပါတီတွေ ဆွေးနွေးတင်ပြချက်တွေလည်း နိုင်ငံတော်ဖွံ့ဖြိုးရေး တည်ဆောက်ရာမှာ အသုံးဝင်လှပြီး ကောင်းမွန်တဲ့ အချက်အလက်တွေဖြစ်တာကို တွေ့ကြရမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

အထက်ကဆိုခဲ့သလို ပါတီတွေရဲ့ မူဝါဒကောင်းကြပါတယ်။ သဘောထားတွေကောင်းကြပါတယ်။ လုပ်ငန်းစဉ်တွေလည်း ကောင်းကြပါတယ်။ အဲဒီအကောင်းတွေချည်း ဖော်ပြထားတဲ့ ပါတီတွေက ဝင်ရောက်ရွေးချယ်ခံကြမယ့် ကိုယ်စားလှယ်လောင်းတွေ ကောင်းကြဖို့ လိုအပ်ပါတယ်။ အဓိကပြောလိုတာက လူကောင်းတွေ လိုအပ်လှပါတယ်။ လူသာလျှင် အဓိကကျပါတယ်။ လူတွေမကောင်းကြလျှင် မူတွေဘယ်လောက်ကောင်းကောင်း တိုင်းပြည်ဟာ မတိုးတက်နိုင်ပါဘူး။ နိုင်ငံတော်မှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ/နိုင်ငံသားတွေကလည်း ဆင်းရဲတွင်းက ဘယ်တော့မှ တက်လာနိုင်ကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ တည်ဆောက်ချိန်မှာ လူကောင်းတွေ လိုအပ်ပါတယ်။ နိုင်ငံတော်ကို ချစ်ခင်မြတ်နိုးတဲ့ လူတွေ လိုအပ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းမွန်တဲ့လူတွေ လိုအပ်ပါတယ်။ သီလ၊ သိက္ခာ၊ သမာဓိရှိတဲ့ လူတွေ လိုအပ်ပါတယ်။ ပြည်သူတွေကို ကျောသားရင်သား မခွဲခြားဘဲ ဆက်ဆံပြုမူတတ်တဲ့ ခေါင်းဆောင်တွေလိုအပ်ပါတယ်။ တိုင်းပြည်ကောင်းအောင် တည်ဆောက်နိုင်မယ့်ခေါင်းဆောင်တွေ ရွေးချယ်ပေးဖို့ လိုအပ်ပါတယ်။ မိမိနိုင်ငံကို ကမ္ဘာ့နိုင်ငံများအလယ်မှာ ဂုဏ်သိက္ခာရှိသောနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ပေးနိုင်မယ့် ခေါင်းဆောင်များကိုရွေးချယ်နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့ လာမယ့် ၂၀၁၅အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူများအနေနှင့် အရွေးမမှားဘဲ မိမိတို့ရဲ့ အသည်းကြားကမဲတစ်ပြားကို တန်ဖိုးရှိရှိနဲ့ အသုံးပြုနိုင်ကြပါစေလို့ မေတ္တာရပ်ခံလျက် ကျွန်တော်တို့ ၈၈ မျိုးဆက်ဒီမိုကရေစီပါတီရဲ့ တင်ပြချက်များကို ရပ်နားအပ်ပါသည်ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။